မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၂၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

၂၀၁၃ ခုနှစ်၊ မေ ၂၀ ရက်၊ တနင်္လာနေ့။

မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းပါက ၁၉၆၀ ခုနှစ် မတိုင်မီက အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံရပ်တည်နိုင်ခဲ့သည့် အဆင့်အတန်းကို ပြန်လည်ရရှိလာမည်

သတင်းအကျယ်-စာမျက်နှာ-၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝါရှင်တန်မြို့ရှိ အမေရိကန်သမ္မတဟောင်း အေဘရာဟင်လင်ကွန်း အထိမ်းအမှတ်အဆောက်အအုံကို သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိ

နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောခရီးသွားရောက်ရန်အတွက် မေ ၁၇ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မေ ၁၈ ရက် နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်သမ္မတအား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကိုရီးယားလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မေ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသန်းဆွေနှင့် သံရုံးဝန်ထမ်းများ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် Four Seasons ဟိုတယ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဝါရှင်တန်မြို့ရှိ အမေရိကန်သမ္မတဟောင်း အေဘရာဟင်လင်ကွန်း အထိမ်းအမှတ်အဆောက်အအုံကို သွားရောက်ကြည့်ရှုလေ့လာသည်။ (သတင်းစဉ်)

ဝါရှင်တန်မြို့ရှိ အမေရိကန်သမ္မတဟောင်း အေဘရာဟင်လင်ကွန်း အထိမ်းအမှတ်အဆောက်အအုံ။

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း ထုတ်ပြန်ကြေညာ

စာမျက်နှာ ➤ ၈၊ ၉၊ ၁၀

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အရည်အချင်းပြည့်ဝရေး ဝိုင်းဝန်းကူညီပျိုးထောင်ပေး

ပညာတတ်လူငယ်လူရွယ်များ အမြောက်အမြားပေါ်ထွက်လာရေးသည် ယနေ့ မြန်မာနိုင်ငံတော်၏ အရေးပါသော လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အလျောက် ပညာရေးကဏ္ဍမှလည်း ဝါယမစိုက်ကာ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရပေသည်။ ထူးချွန်ထက်မြက်သည့် ပညာတတ်များ ပေါ်ထွက်လာရေးသည် ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကြီးစားအားထုတ်မှု၊ ပံ့ပိုးကူညီမှုတို့အပေါ်တွင် များစွာမူတည်လျက်ရှိသည်။ အထူးသဖြင့် ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုမှာ အဓိကကျသည်ဟုဆိုရမည် ဖြစ်သည်။

သို့ကြောင့်လည်း ကလေးများကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးရန်အတွက် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်မှစ၍ ကျန်းမာရေးဝန်ထမ်းများနှင့်ပြသပြီး မိခင်နှင့်ကလေး ကျန်းမာရေးကို အလေးဂရုပြုရမည်။ ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် ကိုယ်ဝန်စတင်ဆောင်ချိန်မှစ၍ ကိုယ်ဝန်ဆောင်စဉ်အတွင်း ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော အစားအစာများကိုစားရန် လိုအပ်ပေသည်။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် နို့ထွက်စားသောက်ဖွယ်ရာများကို စားသုံးကြရပြီး မိခင်နှင့် ကလေးကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ခြင်း၊ သားဖွားဆရာမနှင့် စစ်ဆေးခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်စဉ်အတွင်း အရက်၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို သုံးစွဲပါက ကလေး၏ ဦးနှောက်ပျက်စီးနိုင်၍ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ရင်သွေးငယ်များ၏ ဘဝတစ်လျှောက်လုံး ဉာဏ်ရည်ဖွံ့ဖြိုးမှုသည် မိခင်ဝမ်းတွင်းနေသည့်အချိန်မှ အစပြုပြီး မွေးဖွားပြီး ငါးနှစ်အထိ အရေးကြီးဆုံးဖြစ်သဖြင့် မိခင်တိုင်းသည် ရင်သွေးငယ်တို့၏ အနာဂတ်ဘဝလှပရေးအတွက် အထူးဂရုစိုက် ပြုစုကြရသည်။ ကလေးငယ်၏ဘဝ လှပရေးအတွက် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသည်လည်း အထူးအရေးကြီးသည်။ မွေးပြီး ငါးနှစ်အတွင်းကာလသည် ကလေးငယ်တစ်ယောက်၏ ဦးနှောက်ပျိုးထောင်တည်ဆောက်မှုအတွက် အရေးကြီးသည်ဟု သိပ္ပံပညာရှင်များကဆိုကြသည်။ မိဘ၊ ဘိုးဘွား၊ ကလေးထိန်းသူ၊ အုပ်ထိန်းသူများ၏ ကလေးငယ်အပေါ် ချစ်ခင်နွေးထွေးမှု၊ မေတ္တာထားမှု၊ တယုတယ ပိုက်ထွေးမှုတို့သည် အရေးကြီးသော အကြောင်းအချက်များ ဖြစ်သည်။

အနာဂတ်ကာလတွင် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များပေါ်ပေါက်ရေးသည် မိခင်တို့၏ အပေါ်တွင်လည်း မူတည်လျက်ရှိပြီး ကျောင်းနေအရွယ်မှအစပြု၍ လေ့လာသင်ကြားမှုတွင် ထူးချွန်ထက်မြက်ရန် စတင်လမ်းကြောင်းပေးကြရမည်ဖြစ်သည်။ ကလေး၏ နေ့စဉ်ဘဝနေထိုင်မှုတွင် စည်းကမ်းတကျရှိစေရန်မှအစ သင်ပြပေးရမည်ဖြစ်သည်။ စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းကောင်းရန်၊ ပညာတတ်ဖြစ်ရန်တို့ကို အသက်အရွယ်အလိုက် သိရှိနားလည်ရန် ညွှန်ကြားပြသပေးရမည်ဖြစ်သည်။ ယနေ့ မျိုးဆက်သစ်လူငယ်လေးများသည် အနာဂတ်တွင် နိုင်ငံ၏တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများ ဖြစ်သည်။ အနာဂတ်၏ ကောင်းကျိုး၊ ဆိုးကျိုးသည် မျိုးဆက်သစ်လူငယ်လေးများ၏ အရည်အချင်းပေါ်တွင် မူတည်ခြင်းဖြစ်ရာ ကလေးများ အရည်အချင်းပြည့်ဝရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

ထူးချွန်ထက်မြက်သော အနာဂတ်လူငယ်လေးများ ဖြစ်ထွန်းလာရေးအတွက် မိခင်ဝမ်းတွင်း သန္ဓေတည်ချိန်မှအစပြုပြီး မိခင်နှင့်ကလေးကျန်းမာရေးကို အခြေပြု၍ ဝိုင်းဝန်းကူညီပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဝေဘာဂီနှင့် ရွှေပေါက်ကံမြို့သစ်များ၌ အိမ်ရာစီမံကိန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ဝေဘာဂီလုံးချင်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းနှင့် ရွှေပေါက်ကံမြို့သစ် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၁၆ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးအနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် တည်ဆောက်ရန်၊ လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး ဂရုပြုဆောင်ရွက်ရန်နှင့် မြေစမ်းသပ်ခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးကျုံးတော်မှာ ရွှေကြာမပွင့်သော်လည်း ရေပြာပြာတော့ တင့်စေချင်ပါသည်

ထင်သာမြင်သာ ပြုပြင်စရာ

ရွှေဟောင်းယဉ်ကျေးမှုနယ်မြေဟု သတ်မှတ်ထားသည့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့လယ်ကောင်ရှိ ကျုံးကြီးမှာ နှစ်ပေါင်းငါးရာကျော် ရွှေဟောင်းသမိုင်းဝင်ကျုံးကြီး ဖြစ်ပါသည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စည်းလုံးညီညွတ်စွာ တည်ဆောက်ခဲ့သည့် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည် တတိယ ဟံသာဝတီ (ပဲခူး) ခေတ်တွင် တူးဖော်ခဲ့သည့် ကျုံးကြီးဖြစ်ပါသည်။

မြို့လယ်ကောင်တွင် လှပတင့်တယ်စွာရှိရမည့် သမိုင်းဝင်ကျုံးကြီးသည် ယခုအခါ ညစ်ပတ်ပေကျံလျက်ရှိသည်ကို မြင်တွေ့ရပါသည်။ မြောက်ဘက်ရှိ ကျုံးတာထိပ်တွင် အမှိုက်များဖြင့် စုပုံနေပြီး ကျုံးအနီးမှ ဖြတ်သွားလျှင်လည်း နံစော်လို့နေပါသည်။

သမိုင်းဝင် မြို့များဖြစ်သည့် မန္တလေး၊ တောင်ငူမြို့များရှိ ကျုံးများမှာ ပြုပြင်ထားလျက်ရှိသဖြင့် ရေပြာပြာနှင့် တင့်တယ်လှပနေသော်လည်း ပဲခူးမြို့ ဟံသာဝတီခေတ် ကျုံးကြီးမှာမူ ရေပြာမလွှမ်းဘဲ ဗေဒါပင်နှင့် အမှိုက်များလွှမ်းခြုံနေသည်ကို တွေ့မြင်နေရပါသည်။ **(ယာပုံ)**

သို့ဖြစ်ပါ၍ ပဲခူးမြို့တွင် လိပ်ပြာကန်ကြီးကို ပြုပြင်သကဲ့သို့ မြို့လယ်ကောင်ကျုံးကြီးကိုလည်း ပြုပြင်သင့်ပါသည်။ ယခင် ကျုံးပတ်လမ်းများလည်း ရှိပြီးဖြစ်၍ ပြန်လည်ပြုပြင်မည်ဆိုလျှင် ပြည်သူများ အပန်းဖြေ လမ်းလျှောက်လေညင်းခံနိုင်သကဲ့သို့ ပြည်ပခရီးသွားဧည့်သည်များလည်း ကျုံးကြီး၏ သမိုင်းကြောင်းကို လေ့လာကြမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

ထိုအခါ မြန်မာနိုင်ငံ သမိုင်းစာမျက်နှာဝယ် တတိယ ဟံသာဝတီ (ပဲခူး)ခေတ်၊ ကမ္ဘောဇသာဒီရွှေနန်းတော်နှင့် သမိုင်းကြောင်း တစ်ဆက်တည်းဖြစ်သည့် မြန်မာတို့၏ စည်းလုံးညီညွတ်မှု၊ သွေးစည်းချစ်ကြည်မှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို သိရှိနိုင်ကြမည် ဖြစ်ပါသည်။

သို့ပါသောကြောင့် ကျုံးတော်တွင် ရွှေကြာမပွင့်ချင်လည်း နေပါစေ။ တစ်ချိန်ကနေရှင်နယ်ခေါ် အမျိုးသားတန်းမြင့်ကျောင်း ယခု-အထက (၃) ရှေ့မျက်နှာစာမှ သမိုင်းဝင် ကျုံးကြီးကို ဗေဒါအမှိုက်ကင်း၍ ရေပြာပြာနှင့် ပန်းတင့်အောင် ပြုပြင်ပေးလျှင်ဖြင့် မြို့ကျက်သရေသာမက နိုင်ငံ၏ဂုဏ်လည်း ပေါ်လွင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ **(၁၁၀)**

သထုံခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ လေးမြွှာပူးကလေး မွေးဖွား

သထုံ မေ ၁၉

မွန်ပြည်နယ် သထုံခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၏ သားဖွားမီးယပ်နှင့်ကလေး ကုသဆောင်၌ မေ ၁၇ ရက်က လေးမြွှာပူးကလေးများကို နံနက် ၁၁ နာရီ ၂၅ မိနစ်မှ စတင်ကာ တစ်မိနစ်ခြားစီဖြင့် အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ယင်းကလေးများအား သထုံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွန့်နှင့် အခြားစေတနာရှင်များကလည်း ဂုဏ်ပြုငွေနှင့် ဆေးပစ္စည်းများကို ကလေးများ၏ မိခင်ထံ လာရောက် လှူဒါန်းခဲ့ကြသည်။ အဆိုပါ ကလေးများမှာ ကျားနှစ်ဦးနှင့် မနှစ်ဦးဖြစ်ပြီး သားဖွားမီးယပ်အထူးကုဆရာဝန်မကြီး ဒေါက်တာသင်းသင်းအေးက တာဝန်ယူခွဲစိတ်မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။ ကလေးများ၏ မိခင်ဖြစ်သူများမှာ ပေါင်မြို့နယ် ဖလပ်၊ ဝတ်ကြီးကျေးရွာနေ ဒေါ်မြသီတာဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများက အဆိုပါ လေးမြွှာပူးကလေးငယ်များအား အထူးကြပ်မတ်ကုသဆောင်၌ စောင့်ရှောက်ကုသထားရှိကာ လက်ရှိအချိန်တွင် ကလေးများနှင့် မိခင်တို့၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရသည့် အနေအထားတွင် မရှိသော်လည်း စနစ်တကျစောင့်ရှောက်ကုသမှုခံယူရန် လိုအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ) သက်ဦး(သထုံ)**

လူမှုရေးတာဝန်ကျေပွန်သော စီးပွားရေးလုပ်ငန်းအဖွဲ့များ ဖြစ်ထွန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၁၉

UN Global Compact; Promoting Responsible Business in Myanmar ဆွေးနွေးပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အခြေခံကျသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍရင်းသန်မှုကို အရှိန်အဟုန် မြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးသော့ချက်ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အရေးပါသောကဏ္ဍတွင်ပါဝင်ကြောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအများစုသည် တိုင်းဒေသကြီးအတွင်းအခြေချဆောင်ရွက်ကြသည်ကို တွေ့ရှိရမည်ဖြစ်၍ မိမိတို့အနေဖြင့် လူမှုရေးတာဝန်ကျေပွန်သော စီးပွားရေးလုပ်ငန်းအဖွဲ့များ ဖြစ်ထွန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် UN Global Compact နှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည့်အတွက် လူမှုရေးတာဝန်ကျေပွန်သော စီးပွားရေးလုပ်ငန်းများ ရှင်သန်ကြီးထွားရေးတွင် UN Global Compact က အထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Gold Backed ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်
ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ ရုံးဝန်ထမ်း ကျား/မ (၂)ဦး၊ ဘွဲ့ရ၊ ကွန်ပျူတာအသုံးပြုနိုင်ရမည်။ (ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်)
၂။ စာပေးစာယူဝန်ထမ်း ကျား (၄)ဦး၊ တက္ကသိုလ်ဝင်တန်း၊ ရုံးပြင်ပ စာယူ/စာပို့ရမည်။

ဤကြော်ငြာပါပြီး နှစ်ပတ်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အခန်း ၁၀၂၊ တိုက် ဘီ၊ ပထမထပ်၊ အမှတ် ၂၁၂၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း (ကမ္ဘောဇဘဏ်အနောက်)၊ ရန်ကုန်။ ဖုန်း-၀၉-၇၃၀၈၇၄၁၁၊ ၅၅၂၈၄၉

ပြည်တွင်းသတင်း

မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းပါက ၁၉၆၀ ခုနှစ်မတိုင်မီက အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံရပ်တည်နိုင်ခဲ့သည့် အဆင့်အတန်းကို ပြန်လည်ရရှိလာမည်ဖြစ်

နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံး၌ အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်၊ မေရီလန်းပြည်နယ်နှင့် ဝါရှင်တန်မြို့တို့တွင် ရောက်ရှိနေသည့် မြန်မာမိသားစုများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက ပြောကြားရာ၌ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိချိန်မှစပြီး နိုင်ငံရေး၊ လူမျိုးရေးအရ သဘောထားကွဲပြားမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါပဋိပက္ခများကြောင့် နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်မှုမရှိသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျကျန်ခဲ့ရကြောင်း။

အစိုးရအဆက်ဆက်လက်ထက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့် စီမံခန့်ခွဲမှုစနစ်များ အားနည်းခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုမှာ ထင်သလောက် မရရှိခဲ့ကြောင်း။

မိမိတို့အစိုးရ တာဝန်ယူချိန်တွင် ပြည်သူများ၏ ဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရရှိရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ရာသီဥတုကောင်းမွန်မှု၊ သယံဇာတကြွယ်ဝမှု၊ မြေဆီဩဇာကြွယ်ဝမှု စသည့်ရေခံမြေခံကောင်းများ ရှိသကဲ့သို့ တရုတ်၊ အိန္ဒိယတို့ကဲ့သို့သော အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးနေသည့် ဈေးကွက်ကြီးများနှင့်လည်း ဆက်စပ်နေသဖြင့် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းပါက ၁၉၆၀ ခုနှစ်မတိုင်မီက အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံရပ်တည်နိုင်ခဲ့သည့် အဆင့်အတန်းကို ပြန်လည်ရရှိလာမည် ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံး၌ အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်၊ မေရီလန်းပြည်နယ်နှင့် ဝါရှင်တန်မြို့တို့တွင် ရောက်ရှိနေသည့် မြန်မာမိသားစုများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယခုကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်း ဆောင်ရွက်နေချိန်တွင် အမေရိကန်နိုင်ငံရောက် မြန်မာတိုင်းရင်းသားများ အနေဖြင့်လည်း မိမိတို့ တတ်ကျွမ်းသည့် ပညာများဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပြည်ပရောက် မြန်မာနိုင်ငံသားများ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့်ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာသံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီးဦးသန်းဆွေ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင်၊ စစ်သံမှူး ဗိုလ်မှူးကြီး မြင့်သိန်းနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့် ဆောင်ရွက်နေမှုများ၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာ၌ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲနေမှုများကို ရှင်းလင်း ပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ သံအမတ်ကြီး နေအိမ်၌ သံရုံးမိသားစုများအား အမှတ်တရ လက်ဆောင်များ ပေးအပ်စဉ်။
(သတင်းစဉ်)

အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၉

အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့၏ တာဝန်ယူဆောင်ရွက်ပေးနိုင်မည့် အနေအထား၊ လက်ရှိ အခွန်ကောက်ခံမှုစနစ်နှင့် လက်တွေ့ဆောင်ရွက်နေမှု၊ သုံးသပ်တွေ့ရှိချက်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့အား စီးပွားရေးစာရင်းအင်းနှင့်အခွန်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံတော်၏ အခွန်စည်းကြပ် ကောက်ခံမှုကို အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပြည်တွင်းအခွန်များ ဦးစီးဌာနကို အထောက်အကူပြုနိုင်ရန် အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့က နိုင်ငံတော်၏ အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ စိစစ်ကြပ်မတ်၊ သုံးသပ်၊ အကြံပြုသွားမည်ဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့၏ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် နိုင်ငံတော်၏ အခွန်စည်းကြပ်ကောက်ခံမှု စနစ်တကျရှိစေရေးနှင့် ရသင့်ရထိုက်သော အခွန် ပြည့်ပြည့်ဝဝရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မေ ၁၈ ရက်က အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအမှတ်ပေးဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာန (လူငယ်)နှင့် ဧရာဝတီတိုင်းဒေသကြီး... တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (အဆိုပါပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန (လူငယ်)က ဧရာဝတီတိုင်းစစ်ဌာနချုပ် အသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)
သန်းဆွေ (ပန်းဘဲတန်း)

ဒေါ်လာဈေးမြင့်တက်လာသဖြင့် ပြည်ပပို့ ဆန်ဈေးနှုန်း အနည်းငယ်ပိုရ

ရန်ကုန် မေ ၁၉

ရန်ကုန်ဆိပ်ကမ်းသို့ မေ ၁၇ ရက်က ရေလမ်းခရီးမှ သင်္ဘောများ အဝင်မရှိသော်လည်း မေ ၁၈ ရက်တွင် လူစီး-ကုန်တင် နှစ်ထပ်သင်္ဘော မော်ကျွန်းမှ သုံးစင်း၊ ဖျာပုံမှ နှစ်စင်း၊ ကျိုက်လတ်မှတစ်စင်း၊ ဆန်သီးသန့်တင် သင်္ဘောတစ်စင်း စုစုပေါင်း ခုနစ်စင်း ရန်ကုန်လမ်းမတော် ဆိပ်ကမ်းများသို့ ဆိုက်ကပ်မှုရှိလာရာ သင်္ဘောခြောက်စင်းဖြင့် ဆန်အိတ်ရေ ၂၅၀၀၀ ခန့် တင်ဆောင်လာကြောင်း အဆိုပါ သင်္ဘောများမှ သိရသည်။

ဈေးကျ

ရန်ကုန်ဝါးတန်း ဆန်ဈေးကွက်တွင် မေ ၁၆ ရက်က တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် ဈေးမြင့်တင်ခေါ်ခဲ့သော နွေဆန်များသည် မေ ၁၈ရက် ဈေးကွက်တွင် ငွေကျပ် ၁၇၂၀၀ ဖြင့် ဈေးကျနေကြောင်း သိရသည်။

ပြည်တွင်းနိုင်ငံခြားငွေ လဲလှယ်နှုန်း တစ်ဒေါ်လာလျှင် ၉၃၀ အထက်သို့ ရောက်ရှိရာ ယခင်ကထက် ပြည်ပပို့ ဆန်တစ်တန်(အိတ် ၂၀)လျှင် မြန်မာငွေကျပ် ၁၅၀၀၀ ဝန်းကျင် ဝင်ငွေပိုလာခဲ့ရာ ဆန်တစ်အိတ်လျှင် ၇၅၀ ကျပ် ပိုမိုရရှိကြောင်း တရုတ်ယွမ်ငွေ ဈေးနှုန်းသည် ငွေ ၁၄၉ ကျပ် ဝန်းကျင်ဖြစ်လာ၍ တရုတ်နယ်စပ်ပို့ဆန်များ မြန်မာကျပ်ငွေ ပိုမိုရရှိလာကြောင်း သို့ဖြစ်၍ ပြည်တွင်းဈေးကွက်တွင် ပြည်ပနှင့်နယ်စပ်ပို့ ၂၅ မှတ်နှင့် နွေဆန်(အကြမ်း)ဈေးနှုန်းမှာ ဈေးနှုန်းတိုးမြှင့်ဝယ်နိုင်ကြောင်း၊ ယခုနှစ် ဆန်ကြမ်းဈေးနှုန်းများသည် ယခင်နှစ်ကာလတူဈေးနှုန်းထက် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ကျော် ဈေးမြင့်နေကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

(ခင်ဆိုင်)

နိုင်ငံတကာသတင်း

H_7N_9 ဗိုင်းရပ်စ်ပိုး လူသားများအကြား ကူးစက်မှုပိုမိုမြန်

ပေကျင်း မေ ၁၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO သည် တရုတ်နိုင်ငံသို့ သွားရောက်ကာ H_7N_9 တုပ်ကွေး ဗိုင်းရပ်စ်ကို လေ့လာစူးစမ်းမှုပြုလုပ်ခဲ့ရာ ၄င်း H_7N_9 ဗိုင်းရပ်စ်သည် အခြားသော တုပ်ကွေးဗိုင်းရပ်စ်များထက် လူအချင်းချင်းကူးစက်မှုတွင် ပိုမိုလျင်မြန်ကြောင်း တွေ့ရှိရသည်ဟူသော သတင်းထုတ်ပြန်ချက်ကို မေ ၁၈ ရက်က ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အဆိုပါ H_7N_9 ဗိုင်းရပ်စ်ကို ရက်သတ္တပတ်ကြာမျှ လေ့လာခဲ့ပြီးနောက် တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်က အထက်ပါအတိုင်း သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယင်း H_7N_9 တုပ်ကွေးဗိုင်းရပ်စ်သည် အခြားသော ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်များနှင့် နှိုင်းယှဉ်ပါက အချိန်တိုအတွင်း အမြန်ကူးစက်နိုင်သကဲ့သို့ အလွယ်တကူ ကူးစက်စေနိုင်သော မျိုးဗီဇပြောင်းလဲမှုဖြစ်စဉ်လည်း ရှိသည်ဟု ဆိုသည်။ နွေရာသီကာလတွင် ဗိုင်းရပ်စ်စွမ်းအင်နှင့် ဖြစ်စဉ်များအားနည်းသွားနိုင်သော်လည်း စိုးရိမ်ဖွယ်ဘေးအန္တရာယ်ပေးနိုင်သည့် အနေအထားကို အခြေခံကျကျ မသိရသေးကြောင်း WHO က သတိပေးထားသည်။

တရုတ်နိုင်ငံတွင် H_7N_9 ဗိုင်းရပ်စ်ကြောင့် သေဆုံးရသူ စုစုပေါင်း ၃၅ ဦးအထိရှိပြီး ရောဂါဖြစ်ပွားခဲ့သူ ၅၇ ဦးမှာ ပြန်လည်ကောင်းမွန်လာသဖြင့် ဆေးရုံမှ ဆင်းခွင့်ပေးလိုက်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

တရုတ်မှ သင်္ဘော ၁၄၂ စင်း ဂရိဝယ်ယူမည်

ရှန်ဟိုင်း မေ ၁၉

ဂရိနိုင်ငံက တရုတ်နိုင်ငံမှ သင်္ဘောအသစ် ၁၄၂ စင်းကို ဝယ်ယူရန် မကြာမီက စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဂရိနိုင်ငံ သင်္ဘောလုပ်ငန်းဝန်ကြီးကော့စ်တစ်မူဆာရူလစ်က မေ ၁၈ ရက်တွင် ပြောကြားသည်ဟု မေ ၁၉ ရက်က ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်္ဘောသစ်များ မှာယူမှုသည် ဂရိသင်္ဘောပိုင်ရှင်များ၏ ကမ္ဘာတစ်ဝန်းသင်္ဘောဝယ်ယူမှု၏ ၆၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ထိုသို့ ဝယ်ယူရန် သဘောတူညီမှုကို ပြီးခဲ့သည့်ဧပြီလက နှစ်ဖက်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

သင်္ဘောတည်ဆောက်မှုလုပ်ငန်းနှင့် သင်္ဘောကုန်သွယ်မှုလုပ်ငန်းသည် တရုတ်နှင့်ဂရိနိုင်ငံတို့အကြား အရေးပါသော စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်သည်။

ဂရိသင်္ဘောလုပ်ငန်းပိုင်ရှင်များအနေဖြင့် အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုအသစ်အဖြစ် ပေါ်လာမည့် သင်္ဘောများဝယ်ယူမှုပင်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ ထို့အတူ ရှန်ဟိုင်းဝီဂါကျောင်းသင်္ဘောကုမ္ပဏီမှ အထွေထွေမန်နေဂျာဝမ်ကျီကလည်း ဂရိနိုင်ငံသည် တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၏ အရေးပါသော ဖောက်သည်တစ်ဦး ဖြစ်လာကြောင်း ပြောကြားသည်။ **(ဆင်ဟွာ)**

Eurovision သီချင်းပြိုင်ပွဲတွင် ဒိန်းမတ်က အနိုင်ရရှိခဲ့

ဝါရှင်တန် မေ ၁၉

ဆွီဒင်နိုင်ငံ မယ်လ်မာမြို့တွင် ကျင်းပခဲ့သော ယခုနှစ်၏ Eurovision သီချင်းပြိုင်ပွဲတွင် ဒိန်းမတ်မှ အယ်မလီဒီဖောရက် သီဆိုခဲ့သော Only Teardrops သီချင်းသည် ပြိုင်ပွဲဝင် ၂၆ နိုင်ငံတို့ကို ဖြတ်ကျော်အနိုင်ရခဲ့ကြောင်း မေ ၁၉ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဒိန်းမတ်မှ ဒီဖောရက်သည် ၂၈၁ မှတ်ဖြင့် ပထမရရှိခဲ့ပြီး အဇာဘိုင်ဂျန်မှ ဖရစ်မန်မာဒေါ့ဗ်က ၂၃၄မှတ်ဖြင့် ဒုတိယရရှိခဲ့သည်။ ယူကရိန်းမှ တတိယနှင့် နော်ဝေမှ စတုတ္ထဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

(ဘီဘီစီ)

နိုင်ဂျီးရီးယားမြောက်ပိုင်း အပြင်မထွက်ရအမိန့်ထုတ်

မိုင်ဒူဂူရီ မေ ၁၉

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း မိုင်ဒူဂူရီမြို့တွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက အကြမ်းဖက်တိုက်ခိုက်နေမှုကြောင့် နိုင်ဂျီးရီးယားစစ်ဘက်က အပြင်မထွက်ရ အရေးပေါ်အမိန့်ကို မေ ၁၈ရက်က ထုတ်ပြန်လိုက်သည်။

လောလောဆယ်တွင် အဆိုပါမြို့ကို အထူးနယ်မြေအဖြစ် သတ်မှတ်ထားပြီး အရေးပေါ်အခြေအနေ ထုတ်ပြန်ထားသည်ဟု နိုင်ဂျီးရီးယားစစ်ဘက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားကြောင်း နိုင်ဂျီးရီးယားစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီးမူဆာက ပြောကြားသည်။

ယင်းအရေးပေါ်အမိန့်သည် မေ ၁၈ ရက်မှစတင်ကာ အကျုံးဝင်မည်ဖြစ်ကြောင်းကို အစီရင်ခံစာ၌ဖော်ပြထားကြောင်း ဒုတိယဗိုလ်မှူးကြီးမူဆာက ဆက်လက်ပြောကြားသည်။ ယင်းမြို့ရှိ ရပ်ကွက်နှင့်နယ်မြေများကို နိုင်ဂျီးရီးယားစစ်ဘက်က ထိန်းချုပ်ထားနိုင်ရန်ကြိုးစားရမည်ဟု စစ်ဘက်ထိပ်တန်းအရာရှိများက ညွှန်ကြားထားသည်။

ထို့အတူ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းဒေသများဖြစ်သော ဘော်နို၊ ယိုဘီနှင့် အဒါမာဝါမြို့များအား အရေးပေါ်အခြေအနေကို နိုင်ဂျီးရီးယားသမ္မတဂျိုနသန်က မေ ၁၄ ရက်က ထုတ်ပြန်ခဲ့သည်။ နိုင်ဂျီးရီးယားမြောက်ပိုင်းတွင် တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။

(ဆင်ဟွာ)

တရုတ်တောင်ပိုင်း၌ မိုးသက်မုန်တိုင်းကျရောက်နိုင် သဘာဝဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်

ပေကျင်း မေ ၁၉

တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် မေ ၁၉ ရက်မှ စတင်ကာ မိုးသက်မုန်တိုင်းကျရောက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်ဟု တရုတ်မိုးလေဝသအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံတောင်ပိုင်းဒေသများဖြစ်သော ဟူနန်၊ ကျန်စီ၊ ဖူကျန်၊ ကွမ်တုံ၊ ကျောင်စီနှင့် တရုတ်(တိုင်ပေ)တို့တွင် လာမည့် ၂၄ နာရီအတွင်း မိုးရေချိန် ၈၀ မီလီမီတာကျော်အထိ ရွာသွန်းနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနမှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

သို့ရာတွင် ကွမ်တုံနှင့် ကျောင်စီဒေသများတွင် လာမည့် ၂၄ နာရီအတွင်း မိုးရေချိန်လက်မ ၁၀၀ မှ ၁၃၀ မီလီမီတာအထိ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း အဆိုပါ အရာရှိများက ပြောကြားသည်။

ထို့ကြောင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် မိုးသက်မုန်တိုင်းကျရောက်ခြင်း၊ ရေလွှမ်းခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားနိုင်သောကြောင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသင့်ကြောင်း တိုက်တွန်းထားသည်။

တရုတ်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်သတိပေးချက် အနီ၊ လိမ္မော်၊ အဝါနှင့် အပြာရောင်များဟူ၍ အဆင့်လေးဆင့်ခွဲခြားကာ သတိပေးမှုအဆင့် သတ်မှတ်ထားသည်။

(ဆင်ဟွာ)

ကျူးဘား၌ သဘာဝဘေးအန္တရာယ်ကြိုတင်လေ့ကျင့်နေ

ဟာဗားနား မေ ၁၉

ကျူးဘားနိုင်ငံတွင် အမျိုးသား သဘာဝဘေးအန္တရာယ် စုပေါင်းလေ့ကျင့်မှု နှစ်ပတ်လည်အဖြစ် မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ လေ့ကျင့်ရာတွင် ဟာရီကိန်း၊ ငလျင်နှင့် အခြားမတော်တဆ ဘေးအန္တရာယ်ဖြစ်ပွားမှုများနှင့် ကြုံတွေ့လျှင် မည်သို့ ကြိုတင်ပြင်ဆင်ရမည်ကို လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေတုံ့ပြန်ရေးစွမ်းရည် တိုးတက်လာစေရန်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

၂၀၁၂ ခုနှစ် မေ ၁၈ ရက်နှင့် ၁၉ ရက်က သဘာဝဘေးအန္တရာယ် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြရာတွင်လည်း ကျူးဘားမြို့ပြတပ်ဖွဲ့ဝင်များ၊ ကျူးဘားစစ်ဘက် တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ကျူးဘားနိုင်ငံရှိ ကမ်းရိုးတန်းဒေသများ၊ တောင်တန်းဒေသများ၊ ငလျင်ဇုန်များနှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သည့် နေရာများတွင် နေထိုင်သော ဒေသခံများအား သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြသည်။

လာမည့် မုန်တိုင်းရာသီတွင် ရင်ဆိုင်ရန်အတွက် ပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းပင်ဖြစ်သည်။ မြေပြင်တွင် မည်သို့ဘေးကင်းစွာ ရှောင်တိမ်းနေထိုင်ရမည်ဆိုသောအသိကို ပိုမိုသိရှိလိုက်နာစေရန်လည်း လိုအပ်သည်ဟု သတင်း၌ ဖော်ပြထားသည်။ ကျူးဘားနိုင်ငံ၏ မုန်တိုင်းရာသီသည် နှစ်စဉ် ဇွန် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိဖြစ်သည်။

(ဆင်ဟွာ)

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်အနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူလေးဦးသေဆုံး

ဒမတ်စကတ် မေ ၁၉

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်အနီးတွင် မေ ၁၈ ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူလေးဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှာ ဒမတ်စကတ်မြို့အနီး ဘီဝီဒါမြို့၌ဖြစ်ကြောင်း၊ ကားဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို မသိရသေးကြောင်း ဆီးရီးယားနိုင်ငံရှိ လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

အဆိုပါနေရာသည် ဆီးရီးယားအစိုးရတပ်ဖွဲ့များကို တိုက်ခိုက်နေသော လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ လှုပ်ရှားရာ နယ်မြေတစ်ခုလည်းဖြစ်သည်။ ပြီးခဲ့သည့် မေ ၁၆ရက်ကလည်း ဒီဝေလာမြို့ ဆင်ခြေဖုံးရှိ ဘာသာရေးအဆောက်အအုံတစ်ခုအနီး လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးခဲ့သည်။

ဆီးရီးယားနိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများ၊ ဗုံးပေါက်ကွဲမှုများ နေ့စဉ်နီးပါး ဖြစ်ပွားလျက်ရှိသည်။ တစ်ဖန် အယ်လ်ခိုင်ဒါ အကြမ်းဖက်တိုက်ခိုက်ရေးကွန်ရက်အဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများလည်း ဖြစ်ပွားလျက်ရှိသည်။

(ဆင်ဟွာ)

ပြည်တွင်းသတင်း

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်အားတွေ့ဆုံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကူညီဆောင်ရွက်ပေးနေမှုနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေး

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Chung Hong-won အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Chung Hong-won အား မေ ၁၉ ရက် ညနေ ၃ နာရီတွင် ချင်းမိုင်မြို့ရှိ ခေတ္တတည်းခိုသည့် Imperial Hotel ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် (၃၈)နှစ်ကြာ သံတမန်ဆက်ဆံမှုရှိခဲ့သော မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် တည်ဆောက်လိုမှု၊ ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေမှု၊ အထူးသဖြင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ ဟံသာဝတီလေဆိပ်တည်ဆောက်ရေးစီမံကိန်း၊ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးစီမံကိန်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလိုမှု၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကိုရီးယားသမ္မတနိုင်ငံမှ အတွေ့အကြုံများကို မျှဝေပြီးအကူအညီများ ပေးသွားလိုမှု၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံသည်များကို ကူညီဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာလူငယ် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် မေ ၁၉

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦး ခေါင်းဆောင်သော မြန်မာလူငယ်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူပါလီမန်၊ အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ Cedric Foo ၏ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ရန် ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ သံရုံးမှ Counsellor Mr.Willian Chik နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာလူငယ် လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးသိန်းထွန်းဦးနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ၂၃ ဦး လိုက်ပါသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

❊ ကျောဖုံးမှ

စောင့်မျှော်ကြည့်ရှုခဲ့ကြသည်။ ဒေးဗစ်ဘက်ဟမ်း ဘောလုံးကစားချိန်များတွင်လည်း ကွင်းအတွင်းရှိ ပရိသတ်များက "Merci, David", "Merci, David"ဟူသော အမည်ကို သံပြိုင်အော်ကာ အားပေးနှုတ်ဆက်ခဲ့ကြသည်။ ယခုပွဲ၌ ဒေးဗစ်ဘက်ဟမ်း ပါဝင်ကစားရန် မတောင်းဆိုခဲ့သော်လည်း နည်းပြအန်ဆယ်လော့တီက ဒေးဗစ်ဘက်ဟမ်းကို ဂုဏ်ပြုသည့်အနေဖြင့် ထည့်သွင်းကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘောလုံးပွဲကစားပြီး ပရိသတ်ကို မျက်ရည်များကျဆင်းကာနှုတ်ဆက်ခဲ့သော ဒေးဗစ်ဘက်ဟမ်းက "ကျွန်တော့်ရဲ့ ၂၂ နှစ်ကြာ ဘောလုံးသမားဘဝဟာ ဒီနေ့မှာ အဆုံးသတ်ခဲ့ပြီဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းကို ဆုဖလားရယူပေးနိုင်ခဲ့လို့ ဝမ်းသာမှုဖြစ်ရပါတယ်။ ပြင်သစ်ပရိသတ်တွေရဲ့ နွေးထွေးမှုကို ကျွန်တော်မမေ့ပါဘူး၊ ဒီအချိန်ဟာ ကျွန်တော့်ဘောလုံးသမားဘဝ အဆုံးသတ်ဖို့ အဖြစ်သင့်ဆုံးအချိန်ဖြစ်ပါတယ်။ လာမယ့်အနာဂတ်အချိန်တွေမှာ မိသားစုအတွက် အချိန်ပေးသွားမှာပါ"ဟု နှုတ်ဆက်ပြောကြားခဲ့သည်။ ဘောလုံးကွင်းအတွင်းမှ ပရိသတ်ကို နှုတ်ဆက်နေသော ဒေးဗစ်ဘက်ဟမ်းအား ဂိုးသမားဆီရီဂူကပြေးပြီး ပွေ့ဖက်ကာ ဂုဏ်ပြုနှုတ်ဆက်ခဲ့သည်။ ကစားဖော်များကလည်း ဘက်ဟမ်းအား ကိုင်မြှောက်နှုတ်ဆက်ခဲ့ကြသည်။ နည်းပြ အန်ဆယ်လော့တီကလည်း "ဒေးဗစ်ဘက်ဟမ်းကို ကမ္ဘာ့ဘောလုံး ပရိသတ်တွေ ဘယ်တော့မှမေ့မှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဘောလုံးကွင်းထဲမှ ပရိသတ်အချို့ကလည်း "Dav..eed Beckham" "Dav..eed Beckham" ဟု ပြင်သစ်သံဝဲဝဲဖြင့် အော်ဟစ်နှုတ်ဆက်ခဲ့ကြသည်။ ယခုဘောလုံးပွဲသို့ ဒေးဗစ်ဘက်ခမ်း၏မိခင်ဖြစ်သူ ဆန်ဒရာကလည်း မျက်ရည်များကျဆင်းကာ သားဖြစ်သူ၏ ဘောလုံးသမားဘဝ နောက်ဆုံးအချိန်ကို ဆို့နင့်ကြေကွဲစွာ ကြည့်ရှုခဲ့သည်။ ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်း၏ အောင်မြင်ကျော်ကြားခဲ့သော ဘောလုံးကစားမှု ပုံရိပ်များကား ပြင်သစ်မြေ၌ အဆုံးသတ်ခဲ့ပြီဖြစ်သည်။ **(ဘီဘီစီ)**

လှိုင်မြို့နယ်ရှိ စီးကရက်စက်ရုံ မီးလောင်မှုဖြစ်

လှိုင် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်း အမှတ်(၄၉) RED & BLUE စီးကရက်စက်ရုံ၌ မေ ၁၈ ရက် ည ၉ နာရီ ၂၅ မိနစ်ခန့်က ကွန်ပျူတာအခန်းအတွင်းရှိ အဲယားကွန်းကိုဖွင့်ထားခဲ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုသို့ လှိုင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်များ အပါအဝင် စုစုပေါင်း မီးသတ်ယာဉ်ခုနစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သတင်းရရှိသည်။ **ရန်နိုင်ဝင်း(လှိုင်)**

■ ကျောဖုံးမှ

ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H. E. Mr. Preecha Rengsomboonsuk က အဖွင့်မိန့်ခွန်းပြောကြားပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Plodprasop Suraswadi က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တာဂျစ်ကစ္စတန်နိုင်ငံသမ္မတ H.E. Mr. Emomalii Rahmom နှင့် ဟန်ဂေရီသမ္မတ၏ အထူးကိုယ်စားလှယ် Dr. Gabor Baranyai တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အခမ်းအနားကို ခေတ္တရပ်နားပြီး အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရေထိပ်သီးမျက်နှာစုံညီ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။ အဆိုပါ အစည်းအဝေးကို မေ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပထမအကြိမ်မြောက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရေထိပ်သီး အစည်းအဝေးကို ဂျပန်နိုင်ငံ Bappu မြို့၌ ၂၀၀၇ ခုနှစ်တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ ချင်းမိုင်မြို့ရှိ Wiang Kum Kam Historical Site ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

လူ့အဖွဲ့အစည်းအတွက် လူထုပညာပေးသင်တန်းဖွင့်

တောင်ငူ မေ ၁၉

မြန်မာနိုင်ငံတွင် အသစ်ဖြစ်ပေါ်လာနေသော နိုင်ငံရေးအပြောင်းအလဲများနှင့်အတူ နိုင်ငံတည်ဆောက်ရေးတွင် အရည်အသွေးမြင့် လူသားအရင်းအမြစ်များစွာ လိုအပ်လျက်ရှိနေရာ လူ့အဖွဲ့အစည်းအတွက် လူထုပညာပေးသင်တန်းကို တောင်ငူမြို့ ရန်ကုန်-မန္တလေးကားလမ်းမ မိုင်ဒါကွင်းရှေ့ရှိ လွှတ်တော်ကိုယ်စားလှယ်များရုံး၌ မေ ၁၈ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ပို့ချသင်ကြားသည်။

သင်တန်းကို မေ ၁၈၊ ၁၉ နှင့် ၂၅၊ ၂၆ စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ Myanmar Egress Capacity Development Centre Yangon မှ ပညာရှင်များက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်နှင့် စီးပွားရေး၊ ပြည်သူ့ရေးရာ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူ့ဆက်ဆံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် စနစ်တကျတွေးခေါ်နည်းလမ်းများ၊ ခေါင်းဆောင်မှုနှင့် ညှိနှိုင်းမှု အတတ်ပညာဘာသာရပ်များကို ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သူရ(တောင်ငူ)**

စာကြည့်တိုက်နှင့် ထရန်စဖော်မာဖွင့်ပွဲများကျင်းပ

တောင်ကြီး မေ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ဂနိုင်ကျေးရွာ၌ မေ ၁၈ ရက် နံနက် ၈ နာရီက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာဖွင့်ပွဲ ကျင်းပသည်။

မိုးသောက်ပန်းစာကြည့်တိုက်ကို ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံလင်းနှင့် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နံနက် ၈ နာရီခွဲ၌ လျှပ်စစ်ထရန်စဖော်မာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ညွှန့်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အလားတူ ဟိုးတင်ကျေးရွာအုပ်စု ဂနိုင်ကျေးရွာတွင်လည်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် လျှပ်စစ်ထရန်စဖော်မာဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(၁၆၄)

ပြည်တွင်းသတင်း

ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (မန္တလေး)၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော်   မေ   ၁၉

အများပြည်သူတို့၏ ကုသိုလ်ကောင်းမှုဖြင့် ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။

အခမ်းအနားသို့ မိုးထိကျောင်းတိုက်ဆရာတော် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဉာဏအမှူးပြုသော ပင့်သံဃာ ၁၈ ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးကျော်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဘုရားဒါယကာများက ဆွမ်း၊ သစ်သီး၊ ပန်း၊ သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းကြပြီးနောက် သံဃာတော်အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ယင်းနောက် နံနက် ၈နာရီခွဲတွင် ဘုရားဒါယကာ ဒါယိကာမများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။ ဆက်လက်၍ အများပြည်သူတို့က စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော ဘုရားဒါယကာများက စေတီအထွတ်သို့ တက်ရောက်ပြီး တပ်ဆင်ပူဇော်ကြသည်။

အများပြည်သူတို့၏ ကုသိုလ်ကောင်းမှုဖြင့် အသစ်တင်လှူသည့် စေတီတော်၏ စိန်တော်ဖူးတော်တွင် ရွှေ ၁၂၆ ကျပ်သား၊ ရတနာမျိုးစုံ ၆၅ ခု၊ ငှက်မြတ်နားတော်တွင် ရွှေ ၁၅၂ ကျပ်သား၊ ရတနာမျိုးစုံ ၆၈၃ ခုနှင့် လှူဒါန်းငွေစုစုပေါင်း ၁၇၁ သိန်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဘုရားဒါယကာ၊ ဘုရားဒါယိကာမများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်စဉ်။

(သတင်းစဉ်)

ပြည်သူ့ဝန်ထမ်းဥပဒေကို လေးစားလိုက်နာ ကိုယ်ပိုင်စွမ်းရည်ကို ပြည့်ပြည့်ဝဝဖော်ထုတ်ဆောင်ရွက်

နေပြည်တော်   မေ   ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်း/ဌာန/ မူကြိုကျောင်းများမှ ကျောင်းအုပ်များနှင့် တာဝန်ခံအရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဝန်ထမ်းဥပဒေကို လေးစားလိုက်နာရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဝန်ထမ်းစည်းမျဉ်း/စည်းကမ်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ကြီး(၈)ရပ်ကို သမားရိုးကျမပြုလုပ်ဘဲ ဒီမိုကရေစီကျင့်စဉ်နှင့် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ လူမှုရေးအမြင်များနှင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်မြော်မြင်ပြီး လုပ်ဆောင်ကြရန်နှင့် ကိုယ်ပိုင်စွမ်းရည်ကို ပြည့်ပြည့်ဝဝ ဖော်ထုတ်ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကယ်ဆယ်ရေးဗဟိုဂိုဒေါင်သို့သွားရောက်၍ သဘာဝဘေးများအတွက် ကယ်ဆယ်ရေးပစ္စည်းများပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ကမ္ဘာအေးစေတီလမ်း အမှတ်(၆၄)ရှိ သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Day Care Center for Older People)နှင့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာန (Central Early Childhood Care & Development Center)တို့ အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(ဝဲပုံ) (သတင်းစဉ်)

ဖန်မီးအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်း   မေ   ၁၉

နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် စာပေဗဟုသုတများရှိရာ ကျေးရွာစာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းမြို့နယ် ဘောက်သောက်အုပ်စု ကုန်းကြီးကျေးရွာ ဖန်မီးအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၈ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့ရှိ မင်္ဂလာနေရာ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် NGO အဖွဲ့များမှ စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကာ စာကြည့်တိုက်အတွက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ယာဉ်ပျံရပ်အမှတ် ၂/၁၅၀နေ မေသူကျော်၊ သမီးအိမ့်မှူးခင်တို့က ၂၀ လက်မ ရုပ်မြင်သံကြားစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ကျေးရွာပြည်သူများကိုယ်စား စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စာကြည့်တိုက်မှာ တိုင်းဒေသကြီး အစိုးရထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၃သိန်း၊ စုစုပေါင်း ငွေကျပ် ၂၃ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အလျား ပေ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေ ဖြစ်ကြောင်း သိရသည်။

မျိုးဝင်း

SSA(ရှက်ဆစ်)အဖွဲ့မှ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီး

နေပြည်တော်   မေ   ၁၉

SSA (ရှက်ဆစ်)အဖွဲ့မှ အင်အား သုံးဦးခန့်ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် လက်နက်ငယ်ကိုယ်စီကိုင်ဆောင်လျက် ကျောက်ဂူမြို့နယ် နောင်ဝိုးကျေးရွာသို့ မေ ၁၁ ရက် ညပိုင်းက ဝင်ရောက်လာကာ အပြစ်မဲ့ရွာသား အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးခုနစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး မေ ၁၅ ရက်တွင် အမျိုးသမီး ခုနစ်ဦးအား ပြန်လွှတ်ပေးခဲ့သည်။

ထွက်ပြေးတိမ်းရှောင်

ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူများတွင် အမျိုးသား ခုနစ်ဦးသည် ၂၀၀၉ ခုနှစ်ခန့်က SSA (ရှက်ဆစ်)အဖွဲ့မှ အဓမ္မလူသစ်စုဆောင်းခံရ၍ ပြန်လည်ထွက်ပြေးလာကြသူများဖြစ်ကြောင်းနှင့် အမျိုးသမီး ခုနစ်ဦးမှာ ၎င်းတို့၏ သား၊ ခင်ပွန်းများသည် ယခင် SSA (ရှက်ဆစ်)အဖွဲ့ဝင်ဟောင်းများဖြစ်ပြီး ယခုအခါ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးခံရသော ရွာသားများ လွတ်မြောက်ရေးအတွက် တပ်မတော်စစ်ကြောင်းများမှ လိုက်လံရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးနှင့် ဇွဲကပင်တို့ ထပ်မံသရေကျ

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန်   မေ   ၁၉

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)

မကွေး - ဂိုးမရှိ
ဇွဲကပင် - ဂိုးမရှိ

ပထမအကျော့ တွေ့ဆုံစဉ်ကလည်း အရှုံးအနိုင်မပေါ်ဘဲ တစ်ဂိုးစီ သရေကျခဲ့သည့် မကွေးနှင့် ဇွဲကပင်အသင်းတို့မှာ ယခုပွဲတွင်လည်း သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ မကွေးအသင်းမှာ ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခြင်းမရှိသလို တိုက်စစ်မှူးများဖြစ်သည့် မူရီလိုနှင့် ဆိစ်တို့ကလည်း ခြေစွမ်းမပြနိုင်၍ ဂိုးမရခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းမှာ ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းနိုင်ခဲ့သော်လည်း သရေပွဲမှာ ရှစ်ပွဲအထိရှိလာခဲ့သည်။ ဇွဲကပင်အသင်းမှာ တန်းဆင်းဇုန်မှ လွတ်မြောက်ရေး အဖိုးတန်သရေ တစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

(YUSC ကွင်း)

ရန်ကုန်ယူနိုက်တက် - သုံးဂိုး
(ကြည်လင်း-နှစ်ဂိုး၊ ဆီဇာ-တစ်ဂိုး)
ဟံသာဝတီယူနိုက်တက် - တစ်ဂိုး
(အဘိုလာဂျီ)

(KBZ ကွင်း)

ကမ္ဘောဇ - သုံးဂိုး
(နုနက်ဇ်၊ ဝင်းမင်းထွဋ်၊ စိုးမင်းဦး)
ရခိုင်ယူနိုက်တက် - တစ်ဂိုး
(မြင့်နိုင်)

ပြိုင်ပွဲကို ယခုပွဲအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇွန် ၁၅ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

သတင်းဆောင်းပါး

နေပြည်တော် သတ္တဋ္ဌာနစေတီတော်အား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။ (သတင်းစဉ်)

✲ ကျောဖုံးမှ

နေပြည်တော် ဥတ္တရသီရိမြို့နယ် ခွာညိုပြန်းအပိုင်းမှ ၅ မိုင် ၆ ဖာလုံ အကွာ နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း၏ ဝဲဘက်ခြမ်းတွင် သတ္တသတ္တာဟတရားစခန်းကို တည်ဆောက်နိုင်ခဲ့ပါသည်။ တရားစခန်းသည် ၁၂ ဒသမ ၃၅ ဧက ကျယ်ဝန်းပြီး ယင်းမြေပေါ်တွင် လေးမျက်နှာဘုရားလေးဆူနှင့် ရင်ပြင်တော်၊ ပဋ္ဌာန်းဒေသနာတော် စက်ဝိုင်းပုံ ကမ္မဋ္ဌာန်းကျောင်းဆောင် ၂၄ ဆောင်၊ သာသနာ့ဗိမာန်တစ်ဆောင်၊ ဆွမ်းစားဆောင်တစ်ဆောင်၊ ဆွမ်းချက်ဆောင်တစ်ဆောင်၊ ဆရာတော်ကျောင်းဆောင် တစ်ဆောင်၊ ဧည့်ရိပ်သာတစ်ဆောင်၊ အမျိုးသားနှင့် အမျိုးသမီး ယောဂီဆောင်တစ်ဆောင်စီ၊ အများသုံးသန့်စင်ခန်းအဆောက်အအုံ ခုနစ်လုံးတို့ကို ဖွဲ့စည်းတည်ဆောက်ထားပါသည်။

အဆိုပါတရားစခန်းတွင် ယောဂီ ၄၀၀ မှ ၅၀၀ အထိ တစ်ပြိုင်တည်း တရားကျင့်ကြံနိုင်ပြီး ယခုအချိန်အထိ တရားစခန်း လေးကြိမ်ဖွင့်လှစ်ပြီးဖြစ်ပါသည်။ ပထမအကြိမ်တွင် ၁၆၇ ဦး၊ ဒုတိယအကြိမ်တွင် ၁၆၉ ဦး၊ တတိယအကြိမ်တွင် ၂၀၀ နှင့် စတုတ္ထအကြိမ်တွင် ၁၉၀ စုစုပေါင်း ၇၂၆ ဦး တရားအားထုတ်ခဲ့ကြပါသည်။ ယောဂီများ နေပူသက်သာစေရန် စင်္ကြံလမ်းအမိုးများပြုလုပ်ပေးခြင်း၊ အရိပ်ရ လေကာပင်များ စိုက်ပျိုးပေးခြင်း၊ ကမ္မဋ္ဌာန်းကျောင်းဆောင်တွင် လေအေးပေးစက်များ၊ ရေပူရေအေးစက်များ၊ ပြင်ပအသံလွှင့်၊ အသံဖမ်းစနစ် (PA System) တပ်ဆင်ပေးခြင်း၊ ရေသန့်စင်စက်တည်ထားပေးခြင်း၊ လျှပ်စစ်ပြတ်တောက်ပါက သုံးနိုင်ရန် ဆိုလာပြားများတပ်ဆင်ပေးခြင်း၊ အနောက်တိုင်းနှင့်အရှေ့တိုင်းသုံး သန့်စင်ခန်းများ လုံလုံလောက်လောက် စီစဉ်ပေးခြင်း၊ အခမဲ့ သက်သတ်လွတ်ကျွေးခြင်း၊ ကြိုပို့ယာဉ်များ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အကြံပြုစာတိုက်ပုံးထားရှိခြင်းတို့ကို ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

(PA System) တပ်ဆင်ထားခြင်းဖြင့် ယောဂီများ ကျောင်းဆောင်အတွင်း နားနေစဉ်တွင် တရားဓမ္မများ နာယူနိုင်ပြီး ယောဂီများသို့ အသိပေးရန်ရှိပါက အလွယ်တကူ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ထို့ပြင် ပတ်ဝန်းကျင်တောတောင်များ စိမ်းလန်းစေရေးအတွက် သစ်တောဦးစီးဌာနနှင့် ညှိနှိုင်း၍ ရေပန်းစနစ်ဖြင့် ရေဖျန်းဆောင်ရွက်လျက်ရှိသည်။ တရားစခန်းတွင် ထေရဝါဒဗုဒ္ဓသာသနာလမ်းစဉ်နှင့် ညီညွတ်သည့် မည်သည့်ဝိပဿနာနည်းဖြင့်မဆို တရားပြခြင်း၊ ကျင့်ကြံအားထုတ်ခြင်းပြုနိုင်ကြောင်းကိုလည်း သိရှိရပါသည်။ ယောဂီကျောင်းဆောင်များကို ထပ်မံတိုးချဲ့ ဆောက်လုပ်သွားရန် အစီအစဉ်ရှိပြီး ယောဂီများ အကြံပြုစာများအတိုင်း လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ဤတရားစခန်းသည် အဆင့်မီသည့် တရားစခန်းဖြစ်သည့်အတွက် ပြည်ပမှ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်သူများလာရောက်ပါက လက်ခံပေးရန်နှင့် တရားစခန်း ဝင်ရောက်မှုအပေါ် ကျေနပ်မှုရှိကြောင်း ယောဂီများ၏ မှတ်ချက်ပြု ပြောစကားများကိုလည်း တစ်ဆင့် ကြားသိရပါသည်။

ယင်းတရားစခန်းနှင့် ကပ်လျက်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း မြေဧရိယာ ၃ ဒသမ ၇၄ ဧကအပေါ်၌ ဘေးမဲ့တောဥယျာဉ်တစ်ခုတည်ဆောက်ထား၍ ရွှေသမင်၊ ဒရယ်၊ ဆတ်တို့ကို မွေးမြူထားပြီး သမင်၊ ဒေါင်း၊ချေ ၊ ယုန်တို့ကိုလည်း မွေးမြူသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

သပြေစမ်းဆည်သို့ ဆင်းသည့် ချောင်းတွင် ချောင်းကူးတံတားများ တည်ဆောက်ထားသည်ကိုလည်း တွေ့ရပါသည်။

ဗုဒ္ဓဂယာအထိမ်းအမှတ်အဖြစ် ရွှေဘို၊ ပဲခူးစသည့်မြို့များတွင် တတ်နိုင်သမျှ ကြိုးစားလုပ်ကိုင်ထားကြသော်လည်း တကယ့်ဗုဒ္ဓဂယာမသွားနိုင်သူများအတွက် ကိုယ်တိုင်သွားရောက်ဖူးမြော်ရသည့် အရသာအတိုင်း ခံစားနိုင်အောင် ဤတရားစခန်း၏ လမ်းတစ်ဖက်တွင် တကယ့်ဗုဒ္ဓဂယာအတိုင်း တည်ဆောက်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့သဖြင့် ယခုကဲ့သို့ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးပေါ်ထွန်းလာခဲ့ခြင်းပင် ဖြစ်ပါသည်။ သတ္တဋ္ဌာနစေတီတော်နှင့် သာသနိကမြေအကျယ်အဝန်းမှာ ၁၈ ဧက ဖြစ်ပါသည်။

သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့်သတ္တဋ္ဌာန ခုနစ်ဌာနတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ ညာဏ်တော် ၁၆၂ ပေရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်၊ အပရာဇိတပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာအိုင်၊ လင်းလွန်းပင်၊ နားနေဆောင်၊ စာအုပ်ဆိုင်၊ ဘုရားပန်းဆိုင်၊ ဓာတ်ပုံဆိုင်၊ ရေချမ်းစင်၊ ဖိနပ်အပ်ရန်အဆောင်၊ အများသုံး သန့်စင်ခန်းနှင့် တည်းခိုဆောင် တည်ဆောက်ခြင်းတို့ဖြစ်ပါသည်။

ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများမဆောင်ရွက်မီ လုပ်ငန်းအထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဗိသုကာပညာရှင်များပါဝင်သော လေ့လာရေးအဖွဲ့အား အိန္ဒိယနှင့်နီပေါနိုင်ငံတို့သို့ စေလွှတ်ခဲ့ပါသည်။ ၎င်းအဖွဲ့အနေဖြင့် မြတ်စွာဘုရား၏သံဝေဇနိယလေးဌာန၏ တည်နေရာ၊ အကွာအဝေးတို့ကို တိုင်းတာရေးကိရိယာများဖြင့် မှတ်သားကာ မြေပုံထုတ်ခြင်း၊ ဓာတ်ပုံမှတ်တမ်းရိုက်ကူးရယူခြင်းတို့ကို အချိန်တိုအတွင်း စွမ်းနိုင်သမျှ ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

ဘုရားဖူးလာပြည်သူများ ကုသိုလ်ဘာဝနာပွားများနိုင်ရန် တရားစခန်းတည်ဆောက်ထားမှုကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

သစ္စာလမ်း ကျောင်းဖွင့်အမီ ပြုပြင်ပေးရန်လို

မြင်းမူ မေ ၁၉

မြင်းမူမြို့ သိမ်တော်ကြီးဘုရားထောင့်နှင့် လေယာဉ်ပျံကားဂိတ်ကြား အရှေ့-အနောက် သစ္စာလမ်း၏ လမ်းမျက်နှာပြင် ဝဲ-ယာ၌ မိုးတွင်းရေဝပ်နိုင်သည့် အပေါက်၊ ချိုင့်ခွက်များရှိနေခြင်းကြောင့် မကြာမီ ကျောင်းတွေ ပြန်လည်ဖွင့်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ ယာဉ်အမျိုးမျိုး၊ အထူးများပြားလှသည့် မော်တော်ဆိုင်ကယ်များ မောင်းနှင်ကြရာတွင် ကွေ့ဝိုက်ရှောင်ရှားရင်း မမျှော်လင့်ဘဲ ယာဉ်တိုက်မှုအန္တရာယ်ဖြင့် ကြုံတွေ့လာနိုင်၍ ကျောင်းဖွင့်အမီ သစ္စာလမ်းကို ပြုပြင်ပေးနိုင်ရန် ပြည်သူများက ဆန္ဒရှိမှာ အမှန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ကိုကိုနိုင်(မြင်းမူ)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

❀ ကျောဖုံးမှ

ယင်းလမ်းသည် အချို့အစိတ်အပိုင်းများတွင် အာဆီယံလမ်းမ-၁၊ အာဆီယံလမ်းမ-၂ တို့နှင့် တစ်ထပ်တည်းကျနေပြီး အာရှလမ်းမ-၁၊ အာရှလမ်းမ-၂တို့နှင့်လည်း လမ်းအစိတ်အပိုင်းအချို့ တစ်ထပ်တည်းကျနေသည့် လမ်းလည်းဖြစ်သည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံတို့သည် ဤလမ်းကိုအခြေပြုကာ နယ်ပယ်ကဏ္ဍအများအပြားတွင် တိုးတက်ဖွံ့ဖြိုးရန် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးဖောက်လုပ်ရန် သုံးနိုင်ငံမှ ကျွမ်းကျင်သူများက အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီးနောက် အဆင့်သုံးဆင့်ခွဲပြီး ဆောင်ရွက်ကြရန် သဘောတူခဲ့ကြပြီဖြစ်သည်။

သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးဖောက်လုပ်ရန်အတွက် ပထမအဆင့်အနေဖြင့် မြန်မာ-အိန္ဒိယနယ်စပ် မိုရေး/တမူးမြို့မှ ပုဂံကိုဖြတ်ကာ ထိုင်း-မြန်မာနယ်စပ် မြဝတီ/မဲစောက်အကြား လျာထားလမ်းအတိုင်း နှစ်နှစ်အတွင်း ဆက်သွယ်သွားလာနိုင်ရေး ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ပြတ်တောက်နေသော လမ်းအပိုင်းနှင့် နှစ်လမ်းသွား အဆင့်မမီသော လမ်းအပိုင်းများကို ဆောက်လုပ်ပြုပြင်ရန်နှင့် တံတားငယ်များကို တိုးတက်ပြုလုပ်ရန် ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် ၁၈ ပေ အကျယ် လမ်းအစိတ်အပိုင်းများကို ၂၂ ပေ အကျယ် လမ်းများအဖြစ် ရောက်ရှိရန် တိုးချဲ့မှုများ ပြုလုပ်မည်ဖြစ်သည်။ လမ်းတစ်လျှောက် လက်ရှိတံတားကျဉ်းများကိုလည်း နှစ်လမ်းသွားတံတားအဖြစ်ရောက်ရှိရန် တိုးချဲ့ဆောက်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။ ဆက်လက်ပြီး ဧရာဝတီတံတား (လက်ပံချေပေါ်)နှင့် စစ်တောင်းတံတား(ထန်းတပင်)တို့ကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။ သို့မှသာ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းတစ်လျှောက် တစ်ဆက်တစ်စပ်တည်း ဖြစ်လာမည်ဖြစ်သည်။

တစ်ဖန် တတိယအဆင့်အနေဖြင့် လမ်းတစ်လျှောက် ဖြတ်သန်းရမည့် မြို့များအား ရှောင်ကွင်းရန် မြို့ရှောင်လမ်းများ၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှ လမ်းများကို တည်ဆောက်သွားရန်ဟူ၍ အဆင့်သုံးဆင့်ခွဲပြီး ဆောင်ရွက်ရန် သဘောတူခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ရာတွင် ထိုင်း-မြန်မာအပိုင်းဖြစ်သည့် မြဝတီမှ သင်္ကန်းညီနောင်အပိုင်းဖြစ်သော ၁၈ ကီလိုမီတာအရှည်ကို ထိုင်းနိုင်ငံအကူအညီဖြင့် တိုးတက်ပြုပြင်ပြီးဖြစ်သည်။ ဆက်လက်ပြီး သင်္ကန်းညီနောင်မှ ကော့ကရိတ်အထိ ၃၀ ကီလိုမီတာ ရှည်သော တောင်တက်လမ်းလွှဲကို နှစ်နိုင်ငံကျွမ်းကျင်သူများက တိုင်းတာပြီးဖြစ်သည်။ ထိုင်းနိုင်ငံမှလည်း တည်ဆောက်ရေးလုပ်ငန်းများ စတင်ရန် ရန်ပုံငွေရရှိပြီးဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

တစ်ဖန် အိန္ဒိယ-မြန်မာအပိုင်းတွင်လည်း ကလေး-တမူးလမ်းပိုင်းကို တိုးတက်ပြုပြင်ဆောင်ရွက်ပြီးဖြစ်သည်။ ကျီကုန်းမှ ကလေးဝအပိုင်းကိုလည်း Border Road Task Force(BRTF)အဖွဲ့မှ လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လမ်းအစိတ်အပိုင်းတွင် တံတားများတည်ဆောက်ရန် တိုင်းတာမှုများ ပြုလုပ်လျက်ရှိပြီဖြစ်သည်။

ဆက်လက်ပြီး ချောင်းမ-လင်းကကော-ပခုက္ကူလမ်းအပိုင်းကို အိန္ဒိယနိုင်ငံ RITES ကုမ္ပဏီမှ တိုင်းတာရေးအဖွဲ့များနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းတာရေးအဖွဲ့များ ပူးတွဲပြီး လမ်းကြောင်းသတ်မှတ်တိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ရာ လုပ်ငန်းများဆက်လက် လုပ်ကိုင်နေလျက်ရှိသည်။ ယင်းလမ်းပိုင်း လမ်းကြောင်းပေါ်ရှိ ဧရာဝတီတံတား (ပခုက္ကူ) ကို မြန်မာနိုင်ငံမှ နိုင်ငံတော်ရန်ပုံငွေနှင့် နည်းပညာများဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီလည်း ဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် ကားလမ်းကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သော သုံးနိုင်ငံလုပ်ငန်းကော်မတီအစည်းအဝေး၌ လာမည့် ၂၀၁၆ ခုနှစ်၌ အပြီးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့ကြောင့် လာမည့်နှစ် အနည်းငယ်အတွင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် ကားလမ်းထွက်ပေါ်လာတော့မည်ဖြစ်ရာ နိုင်ငံတကာနှင့် ချိတ်ဆက်ကူးလူးဆက်ဆံကာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး စသည့် ကဏ္ဍများစွာတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

(မြန်မာ့အလင်း)

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းအစိတ်အပိုင်းတစ်နေရာကို ဤသို့ တွေ့ရသည်။

ဥပဒေကြမ်း

အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း

အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

နိဒါန်း

အများပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအကျိုးစီးပွားများကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံပိုင်မီဒီယာများကို လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်ရန်အတွက် လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အများပြည်သူဝန်ဆောင်မှု မီဒီယာ**ဆိုသည်မှာ အခန်း (၂) တွင် ဖော်ပြထားသည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများအား လိုက်နာဖော်ဆောင်ရန်အတွက် နိုင်ငံတော်ပိုင် မီဒီယာများကို ပြောင်းလဲဖွဲ့စည်းထားသော အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့ကို ဆိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ အများပြည်သူဝန်ဆောင်မှုမီဒီယာနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာတို့ကို နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်နှင့် အကူအညီပေးရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းထားသည့် လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှု မီဒီယာကောင်စီကို ဆိုသည်။

(ဂ) **အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်း**ဆိုသည်မှာ ဤဥပဒေအခန်း(၂)တွင် ဖော်ပြထားသည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများကို ဖော်ဆောင်ရန် အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းအဖြစ် ပြောင်းလဲထားသည့် နိုင်ငံတော်ပိုင် နေ့စဉ်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့ကို ဆိုသည်။

(ဃ) **အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း**ဆိုသည်မှာ ဤဥပဒေအခန်း(၂)တွင် ဖော်ပြထားသည့် အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ အခြေခံမူများကို ဖော်ဆောင်ရန် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲထားသည့် နိုင်ငံတော်ပိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ဆိုသည်။

(င) **စီးပွားဖြစ်မဟုတ်သည့် မီဒီယာ**ဆိုသည်မှာ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူမှုအသိုက်အဝန်းအတွက် လိုအပ်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်သူ့အခြေပြု အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းတည်ထောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်နေသော အကျိုးအမြတ်အား ရှေးရှုခြင်းမရှိသည့် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း သို့မဟုတ် ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းကို ဆိုသည်။

(စ) **လွှတ်တော်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **အုပ်ချုပ်ရေးအဖွဲ့**ဆိုသည်မှာ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ဆွေးနွေးအကြံပေးခြင်းတို့ကိုဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ သို့မဟုတ် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို ဆိုသည်။

(ဈ) **ကြော်ငြာ**ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အလားတူထောက်ပံ့မှုဖြင့် ကြော်ငြာသူအတွက် သတင်းစာရှိနေရာ သို့မဟုတ် ထုတ်လွှင့်မှုအချိန်ပေးထားပြီး ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အသိဉာဏ်တိုးပွားစေခြင်း သို့မဟုတ် ကြော်ငြာသူ၏ ဆန္ဒအလျောက် အခြားသော အကျိုးသက်ရောက်မှုတို့ဖြစ်စေမည့် ပြည်သူထံသို့ ဖော်ပြထုတ်လွှင့်ချက်ကို ဆိုသည်။

(ည) **ထုတ်လွှင့်မှုအစီအစဉ်**ဆိုသည်မှာ ရည်မှန်းပရိသတ်ထံသို့ အချိန်ကန့်သတ်ချက်နှင့် ထုတ်လွှင့်တင်ဆက်မည့် ကြော်ငြာနှင့် ကဏ္ဍပေါင်းစုံပါဝင်သော အစီအစဉ်ကို ဆိုသည်။

(ဋ) **ကူညီပံ့ပိုးမှု** ဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ရေဒီယိုရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းကိစ္စများတွင် ကူညီပံ့ပိုးသူ၏ ဂုဏ်သတင်း၊ ကုန်အမှတ်တံဆိပ်နှင့် ကုန်ပစ္စည်းအမည်ကို မြှင့်တင်ရန်အတွက် အစီအစဉ်အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေကြေးပံ့ပိုးပေးခြင်းကိုသော်လည်းကောင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်း၏ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်တိုင်မဟုတ်ဘဲဖြစ်စေ ပါဝင်ကူညီခြင်းကိုသော်လည်းကောင်း ဆိုသည်။

(ဌ) **ကျင့်ဝတ်နှင့်စည်းကမ်း**ဆိုသည်မှာ သတင်းပညာဆိုင်ရာ လုပ်ဆောင်မှုများတွင် လမ်းညွှန်ချက်နှင့် စံနှုန်းများအား အသုံးချနိုင်ရန်အတွက် သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ အုပ်ချုပ်ရေးအဖွဲ့အသီးသီးတို့မှ ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းများကိုဆိုသည်။

အခန်း (၂)
အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ အခြေခံမူများ

၃။ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့် လွတ်လပ်စွာ သတင်းပေးခွင့်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည်။

(ခ) တိုင်းရင်းသားလူမျိုးစု၊ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားမှု၊ နေရာဒေသဝေးလံခေါင်ဖျားမှုနှင့် လူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုတို့ကို ထည့်သွင်းစဉ်းစားကာ အများပြည်သူအား ဝန်ဆောင်မှု၊ ဖျော်ဖြေမှု၊အသိဉာဏ်ပညာနှင့် သတင်းအချက်အလက်ပေးမည့် အစီအစဉ်များကို ပြည့်စုံစွာ ဖော်ပြခွင့်ရှိသည်။

(ဂ) ပုဂ္ဂလိက မီဒီယာများမှ အများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများအား ဖြည့်ဆည်းပေးခြင်း၊ ပြည်သူလူထု၏အမြင်နှင့် ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်းစသည့် အရည်အသွေးပြည့်မီသော ဆန်းသစ်သည့် အစီအစဉ်များကို ဖော်ပြခွင့်ရှိသည်။

(ဃ) ဝန်ဆောင်မှုကို အဓိကထားပြီး အကျိုးအမြတ်မကြည့်သည့် မီဒီယာဖြစ်သော်လည်း ရေရှည်ရပ်တည် လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ်သည့် ဝင်ငွေရရှိရန် လိုအပ်သည်။

၄။ အခြေခံမူကို အကောင်အထည်ဖော်ရာတွင် အများပြည်သူဝန်ဆောင်မှု မီဒီယာသည် အောက်ပါအတိုင်း လိုက်နာရမည်-

(က) အယ်ဒီတာလုပ်ငန်းဆိုင်ရာဂုဏ်သိက္ခာကို အလေးအနက်စဉ်းစားပြီး နိုင်ငံရေး၊အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ ချုပ်ကိုင်မှုများမှ ကင်းလွတ်ခြင်း။

(ခ) ပြည့်စုံကျယ်ပြန့်၍ ဘက်လိုက်မှုမရှိသော တရားမျှတသည့် သတင်းများ၊အများပြည်သူအတွက် အကျိုးရှိနိုင်မည့် ပြည်တွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထည့်သွင်းခြင်း။

(ဂ) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှုများကို ထင်ဟပ်စေလျက် အမျိုးသားရေးစရိုက်လက္ခဏာကို ပေါ်လွင်အောင် ဖော်ပြခြင်း။

(ဃ) တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစုများအတွက် ၎င်းတို့ဘာသာစကားဖြင့် ဖော်ပြထုတ်လွှင့်သည့် အစီအစဉ်များ ပါဝင်ခြင်း။

(င) မတူညီသည့် ပရိသတ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထူးအစီအစဉ်များကို အခြားနှစ်သက်ဖွယ်ရာ အစီအစဉ်များအကြား မျှတစွာဖော်ပြခြင်း။

(စ) ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆီလျော်ညီညွတ်စွာ သတင်းပေးခြင်း။

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့်အကြောင်းအရာများ ထည့်သွင်းခြင်း။

(ဇ) အရေးကြီးသည့် အသိပေးကြေညာချက်များကို ပြည်သူများထံသို့ မပျက်မကွက် ဖော်ပြပေးခြင်း။

(ဈ) အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် ရည်ရွယ်သည့်အကြောင်းအရာများကို သင့်လျော်သော အချိန်ကာလ အပိုင်းအခြားအလိုက် ဖော်ပြပေးခြင်း။

(ည) ပြည်တွင်း၌ ထုတ်လုပ်သည့် အစီအစဉ်များကို အားပေးခြင်း။

(ဋ) နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာ အသိအမြင် တိုးပွားစေမည့် အများပြည်သူဆိုင်ရာ ဆွေးနွေးမှုများ ဖော်ပြခြင်း။

အခန်း (၃)
အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းထူထောင်ခြင်း ရပိုင်ခွင့်နှင့် တာဝန်များ

၅။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းသည်-

(က) အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသော အများပြည်သူဝန်ဆောင်မှု သတင်းစာထုတ်ဝေသည့် အဖွဲ့အစည်းအဖြစ် နိုင်ငံတစ်ဝန်းလုံးအတွက် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုအတွက် ဖြစ်စေ ဖြန့်ချိပေးရမည်။

(ခ) ဝန်ကြီးဌာနမှ လုပ်ပိုင်ခွင့်ကိုလွှဲပြောင်းရယူ ဆောင်ရွက်ခြင်းဖြစ်သော်လည်း လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။ ယင်းလွတ်လပ်ခွင့်ကို အစဉ်သဖြင့် လေးစားရမည်။

(ဂ) ဤဥပဒေပါ အခြေခံမူများကို လက်ခံဆောင်ရွက်ရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာရှိရမည်။ လွှဲပြောင်းရရှိသော ပစ္စည်းဥစ္စာများအား သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရယူခြင်းနှင့်ပတ်သက်၍ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့် အပြည့်အဝ ရှိရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၏ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် မှတ်ပုံတင်ထားရမည်။

(င) ဤဥပဒေ ပုဒ်မ ၂၇ ပါ နည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် ဝန်ဆောင်မှုများအား အသုံးချခွင့်ရရှိစေရန်အတွက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

(စ) ဤဥပဒေအရ ကောင်စီပေါ်ပေါက်လာချိန်တွင် နိုင်ငံတော်ပိုင်ဖြစ်သည့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့၏ အခွင့်အာဏာ၊ လုပ်ငန်းလည်ပတ်မှု၊ ပိုင်ဆိုင်မှု၊ အသုံးအဆောင်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ စာချုပ်များနှင့် အခြားထောက်ပံ့ပစ္စည်းများကို လွှဲပြောင်းရယူရမည်။

၆။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့သည် ဤဥပဒေအရ လိုအပ်သည့် အခွင့်အာဏာနှင့် တာဝန်များအား ကျင့်သုံးပြီး ရရှိသောရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ သဘောတူညီချက်များ၊ စာချုပ်များကို ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။ သက်ဆိုင်ရာ နိုင်ငံတော်ပိုင်သတင်းစာများအား လုပ်ငန်းစတင်အကောင်အထည်ဖော် လျှင်ဖော်ချင်း အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။

၇။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းသည်-

(က) အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသော အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံထုတ်လွှင့်သည့် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းတည်ထောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် ဖြစ်စေ ထုတ်လွှင့်ရမည်။

(ခ) ဝန်ကြီးဌာနမှ လုပ်ပိုင်ခွင့်ကို လွှဲပြောင်းရယူဆောင်ရွက်ခြင်းဖြစ်သော်လည်း လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။ ယင်းလွတ်လပ်ခွင့်ကို အစဉ်သဖြင့်လေးစားရမည်။

(ဂ) ဤဥပဒေပါ အခြေခံမူများကို လက်ခံဆောင်ရွက်ရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာရှိရမည်။ လွှဲပြောင်းရရှိသော ပစ္စည်းဥစ္စာများအား သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရယူခြင်းနှင့်ပတ်သက်၍ ဥပဒေအရဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရှိရမည်။

(ဃ) ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်ခြင်းကို ဥပဒေနှင့်အညီ လိုင်စင်ရယူရမည်။

(င) ဤဥပဒေ ပုဒ်မ ၂၇ ပါ နည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် ဝန်ဆောင်မှုများအား အသုံးချခွင့် ရရှိစေရန်အတွက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

(စ) ဤဥပဒေအရ ကောင်စီပေါ်ပေါက်လာချိန်တွင် နိုင်ငံတော်ပိုင်ဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အခွင့်အာဏာ၊ လုပ်ငန်းလည်ပတ်မှု၊ ပိုင်ဆိုင်မှု၊ အသုံးအဆောင်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ စာချုပ်များနှင့် အခြားထောက်ပံ့ပစ္စည်းများကို လွှဲပြောင်းရယူရမည်။

၈။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့သည် ဤဥပဒေအရ လိုအပ်သည့် အခွင့်အာဏာနှင့် တာဝန်များအား ကျင့်သုံးပြီး ရရှိသောရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ သဘောတူညီချက်များ၊ စာချုပ်များကို ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။ သက်ဆိုင်ရာ နိုင်ငံတော်ပိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို လုပ်ငန်းစတင်အကောင်အထည်ဖော်လျှင်ဖော်ချင်း အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။

၉။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည်-

(က) မိမိ၏ မီဒီယာလုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်။

(ခ) မိမိ၏ မီဒီယာတွင် ဖော်ပြချက် သို့မဟုတ် ထုတ်လွှင့်ချက်များကို ကြိုတင်စိစစ်ခံရခြင်း၊ လွတ်လပ်ခွင့်အား ဟန့်တားပိတ်ပင်ခံရခြင်း မရှိစေရ။

(ဂ) ကိုယ်ပိုင်သတင်းအချက်အလက်နှင့် အယ်ဒီတာ့အာဘော်ကို လွတ်လပ်စွာရေးသားဖော်ပြခွင့်ရှိသည်။

(ဃ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ရရှိခံစားခွင့်ရှိသည်။

၁၀။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည်-

(က) အများပြည်သူ အကျိုးစီးပွားအတွက် ရည်ရွယ်ဆောင်ရွက်ရမည်။

(ခ) အစီအစဉ်များနှင့် အကြောင်းအရာများကို ရွေးချယ်ရာတွင် အများပြည်သူ အကျိုးစီးပွားကိုသာ ရှေးရှုရမည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများ၏ လွတ်လပ်ခွင့်နှင့် လုပ်ပိုင်ခွင့်ကို အမြဲတစေလေးစားလိုက်နာရမည်။

(ဃ) အရည်အသွေးမြင့်မားသော သတင်းအချက်အလက်၊ ဆန်းသစ်တီထွင်သောတင်ပြမှုနှင့် ထုတ်လွှင့်မှုများကို ဖော်ဆောင်ပေးရမည်။

(င) သတင်းအချက်အလက်များကို ဖော်ပြထုတ်လွှင့်ရာတွင် ဓမ္မဓိဋ္ဌာန်ကျစွာနှင့် ဘက်လိုက်မှုကင်းရှင်းစွာ ဆောင်ရွက်ရမည်။

(စ) တိုင်းရင်းသားဘာသာစကား အမျိုးအစားစုံလင်စွာဖြင့် ထုတ်ဝေမှု သို့မဟုတ် ထုတ်လုပ်မှုကိုတင်ဆက်ပေးရမည်။

(ဆ) တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု စသည်ဖြင့် ကွဲပြားမှုများကို အသိအမှတ်ပြုလျက် အမျိုးသားစည်းလုံးညီညွတ်မှု အမှတ်လက္ခဏာကိုဖော်ဆောင်သည့် တင်ပြချက် သို့မဟုတ် ထုတ်လွှင့်ချက်များကို ဦးစားပေး လုပ်ဆောင်ရမည်။

(ဇ) အများပြည်သူတို့၏ အလိုဆန္ဒများနှင့်အညီ အရည်အသွေးမီသည့် ဖျော်ဖြေမှုများကိုလည်း ဖော်ပြထုတ်လွှင့်ပေးရမည်။

(ဈ) လွှတ်တော်က ထုတ်ပြန်သည့် ဥပဒေ၊ ဆုံးဖြတ်ချက်၊ ကြေညာချက်၊ အစိုးရက ထုတ်ပြန်သည့် နည်းဥပဒေ၊ ကြေညာချက်၊ လုပ်ထုံးလုပ်နည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများက ထုတ်ပြန်သည့် ကြေညာချက်များကို ဖော်ပြထုတ်လွှင့်ပေးရမည်။

(ည) ကလေးသူငယ်များအတွက် ပညာပေးခြင်း၊ သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်ရမည်။

(ဋ) ပညာရှင်များ၏ အတွေးအခေါ် အယူအဆများ၊ အမြင်များ၊ စကားအချေအတင် ဆွေးနွေးချက်များနှင့် တွေ့ဆုံမေးမြန်းချက်များကို တင်ဆက်ဖော်ပြပေးရမည်။

(ဌ) လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော ကျင့်ဝတ်နှင့် စည်းမျဉ်းကို လိုက်နာရမည်။

အခန်း(၄)
စီးပွားဖြစ်မဟုတ်သည့် မီဒီယာများ

၁၁။ စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်။

(ခ) ဤဥပဒေ ပု
ကောင်စီမှ အ
ရမည့် အခွင့်
(ဂ) ရွေးကောက်
အခြားနိုင်ငံ
မပြုရ။
၁၂။ စီးပွားဖြစ်မဟုတ်သ
အပ ဤဥပဒေအရ အခြ

အများပြ
၁၃။ ကောင်စီကို သတင်
သို့မဟုတ် တီထွင်မှုပညာ
များတွင် အတွေ့အကြုံရှ
အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စ
ခြားနားသော ပုဂ္ဂိုလ်များ၊
များ၊ ကျွမ်းကျင်သော ပည
လူငယ်များ စသည်တို့ဖြင့်
ပါဝင်စေရမည်။
၁၄။ နိုင်ငံတော်သမ္မတ၊
ဥက္ကဋ္ဌ တို့သည် ဤဥပဒ
(၅)ဦးစီကို ရွေးချယ်ရမ
၁၅။ နိုင်ငံတော်သမ္မတသ
ခန့်အပ်ရမည်။
၁၆။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိ
လွတ်လပ်စွာ ဆန္ဒမဲပေး
၁၇။ ကောင်စီဝင်များအ
၁၈။ အဆိုပြုခံရသူများ
လူထုက ဝေဖန်အကြံပြု
ကြိုတင်ထုတ်ပြန်ကြေညာ
၁၉။ ကောင်စီဝင်အဖြစ်
(က) နိုင်ငံ့ဝန်ထ
(ခ) နိုင်ငံရေးပါ
တစ်ခုခု ရရှိ
(ဂ) အစိုးရအဖွဲ့
ရသူ မဖြစ်
(ဃ) မီဒီယာလုပ်
ဖြစ်စေ၊ သွယ
အခကြေးငွေ
(င) ကြီးလေးသေ
နှင့် ပတ်သက်
စေရ။
၂၀။ ကောင်စီဝင်များသ
(က) အခန်း ၂ တွ
တွင် လွတ်လ
(ခ) လုပ်ငန်းဆေ
မဟုတ်သော
(ဂ) အများပြည်
ကိုယ်ပိုင် အ
အဖွဲ့အစည်း
မပြုရ။
၂၁။ ကောင်စီဝင်များသ
မရှိစေရ။
၂၂။ နိုင်ငံတော်သမ္မတသ
ဥက္ကဋ္ဌတို့၏ သဘောတူ
အကြောင်းတစ်ရပ်ရပ်နှ
(က) ပုဒ်မ ၁၉ အ
မရှိခြင်း။
(ခ) တာဝန်ထမ်း
ထင်ရှားစီရ
(ဂ) ကောင်စီဝင်
ထောက်ခံတ
(ဃ) အကြောင်း
မထမ်းဆော
၂၃။ မည်သည့်ကောင်စ
နိုင်ငံတော်သမ္မတထံ နှ
၂၄။ ကောင်စီဝင် တစ်ဦး
သို့မဟုတ် မိမိသဘောအ
ပုဒ်မ (၁၄)၊ (၁၅)၊ (၁
ဖြည့်စွက်ခန့်ထားရမည်။
၂၅။ မိမိသဘောအလျေ
သို့မဟုတ် ကွယ်လွန်သေ
ရာတွင် မူလကောင်စီဝ
ထမ်းဆောင်ရမည်။ ကေ
ဖြည့်စွက်ခန့်ထားရမည်။
၂၆။ ကောင်စီသည် အေ
(က) နိုင်ငံတစ်ဝန်
များနှင့် စီးပ
တည်တံ့ခိုင်
(ခ) အများပြည်
ကျင့်ဝတ်မျာ
ကြီးကြပ်ခြင်
(၁) ကျင့်ဝ
ခြင်း။
(၂) ဤဥပ
ဆောင
(၃) ကြော်

ဥပဒေကြော်ငြာ

(ခ) ဤဥပဒေ ပုဒ်မ ၂၇ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ (င)နှင့် (စ) ပါ ကောင်စီမှ အများပြည်သူဝန်ဆောင်မှု မီဒီယာသို့ ထောက်ပံ့ပေးအပ်ရမည့် အခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို ရယူခွင့်ရှိသည်။

(ဂ) ရွေးကောက်ပွဲကော်မရှင်ကပေးပို့သည့် ကြေညာချက်များမှအပ အခြားနိုင်ငံရေးဆိုင်ရာ ကြော်ငြာများကို ဖော်ပြထုတ်လွှင့်ခြင်း မပြုရ။

၁၂။ စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည် ပုဒ်မ ၁၁ ပါ အခွင့်အရေးများမှအပ ဤဥပဒေအရ အခြားခံစားခွင့် မရှိစေရ။

အခန်း(၅)

အများပြည်သူဝန်ဆောင်မှု မီဒီယာကောင်စီ

၁၃။ ကောင်စီကို သတင်းပညာ သို့မဟုတ် ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် တီထွင်မှုပညာ သို့မဟုတ် စီးပွားရေးနှင့် ဘဏ္ဍာရေးစသည့် ကိစ္စရပ်များတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည့် ပညာရှင်များ ပါဝင်သော အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသား လူမျိုးစုဝင်များ၊ ကျွမ်းကျင်သော ပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာ အရေးအတွက် အချိုးအစား သတ်မှတ်၍ ပါဝင်စေရမည်။

၁၄။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့သည် ဤဥပဒေပါ သတ်မှတ်ချက်နှင့် ကိုက်ညီသောကောင်စီဝင် (၅)ဦးစီကို ရွေးချယ်ရမည်။

၁၅။ နိုင်ငံတော်သမ္မတသည် အဆိုပါ ပုဂ္ဂိုလ် (၁၅)ဦးအား ကောင်စီဝင်အဖြစ် ခန့်အပ်ရမည်။

၁၆။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လွတ်လပ်စွာ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၁၇။ ကောင်စီဝင်များအား ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်။

၁၈။ အဆိုပြုခံရသူများ၏ အကျင့်စာရိတ္တနှင့် အရည်အချင်းတို့ကို ပြည်သူ လူထုက ဝေဖန်အကြံပြုနိုင်ရန်အတွက် အမည်စာရင်းကို သတ်မှတ်ကာလ ကြိုတင်ထုတ်ပြန်ကြေညာပေးရမည်။

၁၉။ ကောင်စီဝင်အဖြစ် ခန့်အပ်ခံရသူများသည်-

(က) နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

(ခ) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင် ရာထူးတာဝန် တစ်ခုခု ရရှိထားသူ မဖြစ်စေရ။

(ဂ) အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်း ခံထားရသူ မဖြစ်စေရ။

(ဃ) မီဒီယာလုပ်ငန်းမှ သိသာထင်ရှားသည့် ငွေကြေးအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူ သို့မဟုတ် အခကြေးငွေရရှိနေသူ မဖြစ်စေရ။

(င) ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်ပြီး တရားရုံးတစ်ခုခုမှ အပြစ်ပေးခြင်းခံခဲ့ရသူ မဖြစ်စေရ။

၂၀။ ကောင်စီဝင်များသည်-

(က) အခန်း ၂ တွင် ဖော်ပြထားသည့် အခြေခံမူများကို ဖော်ဆောင်ရာတွင် လွတ်လပ်ပြီး သမာသမတ်ကျစွာ လုပ်ဆောင်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ဂ) အများပြည်သူအကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မပြုရ။

၂၁။ ကောင်စီဝင်များသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့် မရှိစေရ။

၂၂။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား အောက်ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည်-

(က) ပုဒ်မ ၁၉ အရ ကောင်စီဝင်အဖြစ် ခန့်အပ်ရန် အရည်အချင်းပြည့်မီမှု မရှိခြင်း။

(ခ) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တရားရုံးတစ်ခုခုမှ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

(ဂ) ကောင်စီဝင် သုံးပုံနှစ်ပုံ၏ ဆုံးဖြတ်ချက်အရ တာဝန်မှ ရပ်စဲရန် ထောက်ခံတင်ပြခြင်း။

(ဃ) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း ငါးလထက်ပို၍ တာဝန် မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၂၃။ မည်သည့်ကောင်စီဝင်မဆို ၎င်း၏သက်တမ်းမပြည့်မီ နုတ်ထွက်လိုပါက နိုင်ငံတော်သမ္မတထံ နုတ်ထွက်ခွင့် တောင်းခံနိုင်သည်။

၂၄။ ကောင်စီဝင် တစ်ဦးဦးသည် ပုဒ်မ (၂၂) နှင့် (၂၃) အရ တာဝန်မှရပ်စဲခြင်း သို့မဟုတ် မိမိသဘောအလျောက် နုတ်ထွက်ခြင်း သို့မဟုတ် ကွယ်လွန်ပါက ပုဒ်မ (၁၄)၊ (၁၅)၊ (၁၆)နှင့် (၁၇)ပါ ပြဋ္ဌာန်းချက်များအတိုင်း ရွေးချယ် ဖြည့်စွက်ခန့်ထားရမည်။

၂၅။ မိမိသဘောအလျောက် နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်း သို့မဟုတ် ကွယ်လွန်သော ကောင်စီဝင်များအား အစားထိုး ဖြည့်စွက်ခန့်ထားရာတွင် မူလကောင်စီဝင်၏ ရာထူးသက်တမ်းကုန်ဆုံးချိန်အထိ တာဝန် ထမ်းဆောင်ရမည်။ ကောင်စီဝင်သက်တမ်း အနည်းဆုံး (၆)လကျန်ရှိမှသာ ဖြည့်စွက်ခန့်ထားရမည်။

၂၆။ ကောင်စီသည် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြှင့်တင်ဆောင်ရွက်ခြင်း။

(ခ) အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများသည် အောက်ပါ ကျင့်ဝတ်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကြီးကြပ်ခြင်း-

(၁) ကျင့်ဝတ်နှင့်လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများကို လိုက်နာခြင်း။

(၂) ဤဥပဒေ အခန်း(၂)ပါ အခြေခံမူများကို လိုက်နာဆောင်ရွက်ခြင်း။

(၃) ကြော်ငြာများနှင့် ကူညီပံ့ပိုးမှု လက်ခံရာတွင် ပုဒ်မ ၆၅ နှင့် ပုဒ်မ ၆၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(၄) အွန်လိုင်းတွင် တင်ထားသည့် အစီအစဉ်နှင့်ပတ်သက်၍ တာဝန်ခံခြင်း။

(၅) စာရွက်စာတမ်းများနှင့်ပတ်သက်သည့် မော်ကွန်းတိုက် ထူထောင်ထားရှိခြင်း။

(၆) နိုင်ငံရေးကြော်ငြာများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ လက်ခံဆောင်ရွက်ခြင်း။

(ဂ) ကောင်စီသည် ပုဒ်မ ၁၀ တွင် သတ်မှတ်ထားသည့် တာဝန်ဝတ္တရား တစ်ရပ်ရပ်အား အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းက ချိုးဖောက်သည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အခြေအနေရှိလျှင် သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြားခြင်း။

(ဃ) အထက်ပုဒ်မခွဲ(ဂ)ပါအတိုင်း အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့သည် သုံးလကြာသည့်တိုင်အောင် အရေးယူဆောင်ရွက်မှုမရှိလျှင် ကောင်စီသည် အဆိုပါကိစ္စအား လိုအပ်သော စုံစမ်းစစ်ဆေးမှုပြု၍ သတိပေးခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ တာဝန်မှရပ်စဲခြင်းတို့ကို ပြုလုပ်နိုင်သည်။ ကြီးလေးသော ဖောက်ဖျက်ကျူးလွန်မှုဖြစ်ပါက တရားစွဲဆိုနိုင်သည်။

(င) အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့နှင့် တိုင်ပင်ဆွေးနွေးကာ အခြားနည်းလမ်းဖြင့် ရရှိနိုင်မည့် ဝင်ငွေနှင့် လွန်ခဲ့သည့်နှစ်မှ ငွေကြေးဖောင်းပွမှုနှုန်းများအား စဉ်းစားပြီးနောက် ပုဒ်မ ၆၄ တွင် ဖော်ပြချက်အတိုင်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်တိုက်ရိုက် ထောက်ပံ့ငွေရရှိရန် လွှတ်တော်သို့တင်သွင်းခြင်း။

(စ) ကောင်စီအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ပေးပို့သည့် ကူညီပံ့ပိုးမှုများကို လက်ခံရယူပြီး စီမံခန့်ခွဲခြင်း။

(ဆ) အများပြည်သူဝန်ဆောင်မှုမီဒီယာ နည်းဥပဒေများ ရေးဆွဲခြင်း။

၂၇။ အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကောင်စီသည် အောက်ပါတို့ကို ကူညီဆောင်ရွက်ပေးရမည်-

(က) အလားအလာရှိသည့် အလှူရှင်များနှင့်ဆက်သွယ်၍ ရရှိသော ရန်ပုံငွေဖြင့် နည်းပညာဆိုင်ရာ အကူအညီပေးခြင်း။

(ခ) သင်တန်းလိုအပ်ချက်များကို အကဲဖြတ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းနှင့် သင်တန်းပေးခြင်းတို့ဖြင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း။

(ဂ) ပရိသတ်အား စစ်တမ်းကောက်ယူမှု၊ သတင်းအချက်အလက် နည်းပညာသစ်များ၏ အများပြည်သူဝန်ဆောင်မှု မီဒီယာအပေါ် သက်ရောက်မှုနှင့် အခြားအကျိုးရလဒ်ရရှိစေမည့် ကိစ္စများအပေါ် သုတေသနပြုလုပ်ခြင်း။

(ဃ) အများပြည်သူဝန်ဆောင်မှု မီဒီယာများအကြား သတင်းအချက်အလက်နှင့် အစီအစဉ်များ ဖလှယ်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း။

(င) အများပြည်သူဝန်ဆောင်မှု မီဒီယာများအတွက် လိုအပ်သော ပုံနှိပ်စက်များနှင့် အခြားပစ္စည်းကိရိယာများ လျှော့ပေါ့သော နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အကူအညီပေးခြင်း။

(စ) အများပြည်သူဝန်ဆောင်မှုမီဒီယာ လုပ်ဆောင်ချက်များအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများ ဝယ်ယူတင်သွင်းရာတွင် စည်းကြပ်ခွန်လျှော့ပေါ့ရေးအတွက်လည်းကောင်း၊ အများပြည်သူဝန်ဆောင်မှု သတင်းစာနှင့် အကျိုးအမြတ်အား ရှေးရှုခြင်းမရှိသော သတင်းစာများ ဖြန့်ဖြူးရာတွင် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာစေရေးအတွက်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

(ဆ) အများပြည်သူဝန်ဆောင်မှု မီဒီယာများအား ထောက်ပံ့ငွေများ ပေးနိုင်ရေးအတွက် တိကျသည့်လုပ်ငန်း မှတ်တမ်းထားရှိစေခြင်း။

၂၈။ ကောင်စီဝင်များသည် ကောင်စီမှ ထုတ်ပြန်ထားသော နည်းဥပဒေများအရ လစာစရိတ်၊ ခရီးသွားစရိတ်နှင့် နေ့တွက်စရိတ်များကို ခံစားပိုင်ခွင့်ရှိသည်။

၂၉။ ကောင်စီသည် နည်းဥပဒေပါ သတ်မှတ်ဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၃၀။ ကောင်စီသည် ရုံးအဖွဲ့အတွက်လိုအပ်သော ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ လစာစရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

အခန်း(၆)

အများပြည်သူဝန်ဆောင်မှုမီဒီယာအုပ်ချုပ်ရေးအဖွဲ့

၃၁။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် ပြည်သူလူထုကို ကောင်စီမှ တစ်ဆင့် တာဝန်ခံရမည်။

၃၂။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို သတင်းစာပညာ သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ သို့မဟုတ် ဥပဒေရေးရာ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များတွင် အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင် ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသား လူမျိုးစုဝင်များ၊ ကျွမ်းကျင်သောပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာ အရေးအတွက် အချိုးအစားသတ်မှတ်၍ ပါဝင်စေရမည်။

၃၃။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် စက်မှုအတတ်ပညာ သို့မဟုတ် ဥပဒေရေးရာ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များနှင့် အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင် ၁၁ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသားလူမျိုးစုဝင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာအရေးအတွက် အချိုးအစားသတ်မှတ်၍ ပါဝင်စေရမည်။

၃၄။ အုပ်ချုပ်ရေးအဖွဲ့ဝင်များအား အောက်ဖော်ပြပါ အချက်အလက်များနှင့်အညီ ကောင်စီမှခန့်အပ်ရမည်-

(က) ရွေးချယ်ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်။

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပညာရှင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) ပဏာမရွေးချယ်အဆိုပြုခံထားရသူများ၏ အမည်စာရင်းကို ပြည်သူလူထုက ဝေဖန်အကြံပြုနိုင်ရန် သတ်မှတ်ကာလကြိုတင် ထုတ်ပြန်ပေးရမည်။

(ဃ) အုပ်ချုပ်ရေးအဖွဲ့ဝင် ရွေးချယ်ရာတွင် ကောင်စီဝင်များ၏ ဆန္ဒမဲသုံးပုံနှစ်ပုံဖြင့် ဆုံးဖြတ်ရမည်။

၃၅။ အုပ်ချုပ်ရေးအဖွဲ့တွင် ရွေးချယ်ခန့်ထားခြင်းခံရသူသည်-

(က) နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

(ခ) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင် ရာထူးတာဝန် တစ်ခုခု ရယူထားသူ မဖြစ်စေရ။

(ဂ) အစိုးရအဖွဲ့အစည်း တစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်းခံထားရသူ မဖြစ်စေရ။

(ဃ) မီဒီယာလုပ်ငန်းမှ သိသာထင်ရှားသည့် ငွေကြေးအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူ သို့မဟုတ် အခကြေးငွေ ရရှိနေသူမဖြစ်စေရ။

(င) ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်ပြီး တရားရုံးတစ်ခုခုမှ အပြစ်ပေးခြင်းခံခဲ့ရသူ မဖြစ်စေရ။

၃၆။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည်-

(က) အခန်း ၂ တွင် ဖော်ပြထားသည့် အခြေခံမူများကို ဖော်ဆောင်ရာတွင် လွတ်လပ်ပြီး သမာသမတ်ကျစွာ လုပ်ဆောင်ခွင့်ရှိရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ဂ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင်အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်အလွဲသုံးစားခြင်း မပြုရ။

၃၇။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် သုံးနှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့်မရှိစေရ။

၃၈။ ကောင်စီသည် အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည်-

(က)ပုဒ်မ ၃၅ အရ အဖွဲ့ဝင်အဖြစ်ခန့်အပ်ရန် အရည်အချင်းပြည့်မီမှု မရှိခြင်း။

(ခ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တရားရုံးတစ်ခုခုမှ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

(ဂ) ကောင်စီဝင်သုံးပုံနှစ်ပုံက တာဝန်မှ ရပ်စဲရန် သဘောတူညီခြင်း။

(ဃ) အုပ်ချုပ်ရေးအဖွဲ့ဝင်ကိုယ်တိုင် နုတ်ထွက်ခွင့် တင်ပြခြင်း။

(င) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း သုံးလထက်ပို၍ တာဝန် မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၃၉။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ကောင်စီမှ ထုတ်ပြန်ထားသော နည်းဥပဒေများအရ လစာစရိတ်၊ ခရီးစရိတ်နှင့် နေ့တွက်စရိတ်တို့ကို ခံစားပိုင်ခွင့်ရှိသည်။

၄၀။ အုပ်ချုပ်ရေးအဖွဲ့များသည်-

(က) အဖွဲ့တွင်း မူဝါဒများချမှတ်ခြင်း၊ အခန်း(၂)တွင် ဖော်ပြထားသော အခြေခံမူများနှင့် ကိုက်ညီမှုရှိစေခြင်း၊ အများပြည်သူ ဝန်ဆောင်မှု မီဒီယာအနေဖြင့် ငွေကြေးကိစ္စများနှင့် ပတ်သက်ပြီး သမာသမတ်ရှိစေခြင်း၊ သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှုမီဒီယာ အကောင်အထည်ဖော်ရေး စီမံကိန်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊ အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ရာထူးအပါအဝင် အဆင့်မြင့်ရာထူးများ ခန့်ထားခြင်းတို့အတွက် တာဝန်ရှိသည်။

(ခ) အခန်း(၂)တွင် ဖော်ပြထားသည့် အခြေခံမူများကို လေးစားလိုက်နာရေးအတွက် ကြီးကြပ်ရန် တာဝန်ရှိသည်။ သို့သော် အယ်ဒီတာ လွတ်လပ်ခွင့်နှင့်အတူ အမှုဆောင်အဖွဲ့နှင့် သက်ဆိုင်ရာဝန်ထမ်းများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများအား မထိခိုက်စေရ။

(ဂ) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုအပ်သော ပြဋ္ဌာန်းချက်များ၊ အယ်ဒီတာဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမှုဆောင်အဖွဲ့နှင့် တိုင်ပင်၍ ရေးဆွဲအတည်ပြုရမည်။

(ဃ) အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း သို့မဟုတ် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ အသုံးစရိတ်နှင့် နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြုစု၍ ကောင်စီသို့ တင်ပြရမည်။

(င) သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက ပေးပို့သည့် ကူညီပံ့ပိုးမှုများကို လက်ခံရယူပြီး စီမံခန့်ခွဲရမည်။

၄၁။ အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သည် ၎င်းတို့၏ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့အား ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သောအစည်းအဝေးများနှင့် အခြားကိစ္စရပ်များအတွက် စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်ရမည်။

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် အုပ်ချုပ်ရေးအဖွဲ့၏ သီးခြားသတ်မှတ်ချက်မှတစ်ပါး မဲပေးခွင့်မရှိသည့် အဖွဲ့ဝင်အဖြစ် အစည်းအဝေး တက်ရောက်ရမည်။

(ဂ) အုပ်ချုပ်ရေးအဖွဲ့သည် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။ ဆန္ဒမဲတူနေပါက အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ မဲဖြင့် ဆုံးဖြတ်ရမည်။

၄၂။ အုပ်ချုပ်ရေးအဖွဲ့များသည် အဖွဲ့ ဖွဲ့စည်းပြီးသည်နှင့်တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ အနည်းဆုံး ဆန္ဒမဲ သုံးပုံနှစ်ပုံဖြင့် အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းအတွက် ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦး သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအတွက် ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးကို အသီးသီးရွေးချယ်ခန့်ထားရမည်။

၄၃။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူးအား အခန်း(၂) တွင် ဖော်ပြထားသော အခြေခံမူများကို လေးစားမှုမရှိခြင်း သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုမီဒီယာ၏ အကျိုးစီးပွားအား မြှင့်တင်ရန်ပျက်ကွက်ခြင်း အပါအဝင် ဤဥပဒေအရ ၎င်း၏ တာဝန်များကို ချိုးဖောက်ကြောင်းခိုင်လုံသော အကြောင်းပြချက်ရှိပါက အဖွဲ့ဝင်များ၏ ဆန္ဒမဲ အနည်းဆုံး သုံးပုံနှစ်ပုံဖြင့် တာဝန်မှဖယ်ရှားနိုင်သည်။

၄၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဤဥပဒေပုဒ်မ (၄၃)အရ ရာထူးမှ ဖယ်ရှားခံရလျှင် ကောင်စီတွင် အယူခံ ဝင်ခွင့်ရှိသည်။

၄၅။ ဦးဆောင်ညွှန်ကြားရေးမှူးအား သုံးနှစ်သက်တမ်း ခန့်အပ်ရမည်ဖြစ်ပြီး သက်တမ်းပြည့်ပြီးပါက ထပ်မံခန့်အပ်နိုင်သည်။ ဦးဆောင်ညွှန်ကြားရေးမှူး၏ ရာထူးသက်တမ်းကုန်ပြီး နောက်ထပ်ဦးဆောင်ညွှန်ကြားရေးမှူး တစ်ယောက်အား အောင်မြင်စွာ ခန့်အပ်နိုင်ခြင်းမရှိလျှင် လက်ရှိဦးဆောင်ညွှန်ကြားရေးမှူးသည် ဦးဆောင်ညွှန်ကြားရေးမှူးအသစ် မခန့်အပ်နိုင်သေးမီကာလတွင် နောက်ထပ်သုံးလ တာဝန်ဆက်လက်ထမ်းဆောင်နိုင်သည်။

၄၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ အယ်ဒီတာ မူဝါဒများအား လိုက်နာပြီး အယ်ဒီတာအဖွဲ့နှင့်အတူ လုပ်ငန်းတာဝန်များကို နေ့စဉ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၄၇။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ခန့်အပ်လိုသည့် အဆင့်မြင့်ဝန်ထမ်းများအား သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့သို့ အဆိုပြုရမည်။

၄၈။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သတ်မှတ်ထားသော ဘဏ္ဍာလျာထားချက်နှင့်အညီ လိုအပ်သည့်ဝန်ထမ်းအား ခန့်အပ်ရမည်။

၄၉။ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများသည်-

(က) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်အလွဲသုံးစားခြင်း မပြုရ။

အခန်း (၇)

ကျင့်ဝတ်နှင့်လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်း

၅၀။ အုပ်ချုပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ အများပြည်သူ ဝန်ဆောင်မှု မီဒီယာအတွက် ကျင့်ဝတ်၊ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းနှင့် အခြေခံလုပ်ဆောင်မှုများကို ရေးဆွဲရန် တာဝန်ရှိသည်။ထိုသို့ ရေးဆွဲရာတွင်ပွင့်လင်းမြင်သာမှုရှိပြီး အယ်ဒီတာများ၊သတင်းထောက်များ၊ သတင်းတင်ဆက်သူများနှင့် ပြည်သူလူထုတို့ ပါဝင်စေရမည်။

၅၁။ အုပ်ချုပ်ရေးအဖွဲ့က ရေးဆွဲသည့် ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများသည် သက်ဆိုင်ရာ ဥပဒေများနှင့် ကိုက်ညီရမည်။

၅၂။ အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်း ကျင့်ဝတ်နှင့်စည်းမျဉ်းတို့တွင် အောက်ဖော်ပြပါ ကိစ္စရပ်များ ပါဝင်ရမည်-

(က) မှန်ကန်တိကျမှုနှင့် တရားမျှတမှု၊

(ခ) ပုဂ္ဂလိက လွတ်လပ်ခွင့်၊ အနှောင့်အယှက်ပေးမှုနှင့် လိမ်လည်လှည့်ဖြားမှု၊

(ဂ) ကလေးသူငယ်များအား ကာကွယ်မှု၊

(ဃ) လိင်မှုဆိုင်ရာနှင့် ကြမ်းတမ်းသော စကားလုံးများ သုံးနှုန်းမှု၊

(င) နစ်နာသူနှင့် ပူဆွေးသောကရောက်သူများအပေါ် ဆက်ဆံမှု၊

(စ) ပြစ်မှု သို့မဟုတ် လူ့ကျင့်ဝတ် ဖောက်ဖျက်မှု၊

(ဆ) ကြော်ငြာထည့်သွင်းမှု၊

(ဇ) သတင်းအချက်အလက်အတွက် ငွေကြေးပေးကမ်းခြင်းနှင့် ကိုယ်ကျိုးစီးပွားဆိုင်ရာ ငွေကြေးပြဿနာများ၊

(ဈ) ခွဲခြားဆက်ဆံမှု၊

(ည) သတင်းပေါက်ကြားမှုနှင့် သတင်းအရင်းအမြစ်များအား ကာကွယ်မှု။

၅၃။ မည်သူမဆို ပုဒ်မ ၅၀ နှင့် ၅၂ တွင် ဖော်ပြထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းချိုးဖောက်မှုများအတွက် အုပ်ချုပ်ရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။ အုပ်ချုပ်ရေးအဖွဲ့က တရားမျှတစွာ ဖြေရှင်းပေးရမည်။

၅၄။ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်အရ အဆိုပါ တိုင်ကြားချက်အား ဖြေရှင်းရန်အတွက် အုပ်ချုပ်ရေးအဖွဲ့က တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို ရေးဆွဲထားရမည်။

၅၅။ ပုဒ်မ ၅၄ ၌ ဖော်ပြသော လုပ်ငန်းစဉ်တွင် ဖောက်ဖျက်ကျူးလွန်ခဲ့သည့် အချက်နှင့် ပတ်သက်၍ မှားယွင်းဖော်ပြချက်အား အမှန်ပြင်ခြင်း၊ တုံ့ပြန်ဖြေရှင်းခွင့်ပြုခြင်းနှင့် တောင်းပန်ခြင်းတို့ပါဝင်သော သင့်လျော်သည့် ဖြေရှင်းချက်များကို ဖော်ပြရမည်။

အခန်း (၈)

အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း

၅၆။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာသည် ပုံနှိပ်မီဒီယာသာမက အွန်လိုင်းမီဒီယာကို အသုံးပြုသော သတင်းစာဖြစ်ရမည်။

၅၇။ ဒေသန္တရဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံတော်အဆင့် သက်ဆိုင်သော ကိစ္စရပ်များနှင့် အရေးကြီး အဖြစ်အပျက်များ အများဆုံးပါဝင်သည့် နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် ပြည်တွင်းထုတ်ဝေစာများအား ထုတ်ဝေရန် ကြိုးပမ်းအားထုတ်ရမည်။

၅၈။ အများပြည်သူဝန်ဆောင်မှုသတင်းစာသည် အခြားသော ထုတ်ဝေစာများ ထုတ်ဝေခြင်းကို အခန်း(၂) တွင် ဖော်ပြထားသည့် အခြေခံမူများနှင့်အညီ လုပ်ကိုင်နိုင်သည်။

၅၉။ အများပြည်သူဝန်ဆောင်မှု သတင်းစာသည် စီးပွားဖြစ်လုပ်ဆောင်သည့် ဝန်ဆောင်မှုများမှ အကျိုးအမြတ်များဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်း လည်ပတ်ရန်အတွက် အသုံးပြုနိုင်သော်လည်း အဆိုပါစီးပွားဖြစ် လုပ်ဆောင်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်ရန်ပုံငွေမှ အသုံးမပြုရ။

အခန်း (၉)

အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း

၆၀။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းသည်-

(က) နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်သည့် မြေပြင်အခြေစိုက် အခမဲ့ အများပြည်သူဝန်ဆောင်မှု ရေဒီယိုလိုင်းနှင့် ရုပ်သံလိုင်းများကို ထုတ်လွှင့်ပေးနိုင်ရမည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

ဥပဒေကြမ်း

❒ **စာမျက်နှာ ၉ မှ**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့လည်း သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားဖြင့် ရေဒီယိုနှင့်ရုပ်သံလိုင်း ထုတ်လွှင့်ပေးနိုင်ရမည်။

(ဂ) အထက် ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)ပါ ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လှိုင်းနှုန်းများအား ရေဒီယိုရုပ်သံလွှင့်ဥပဒေနှင့်အညီ သတ်မှတ်ပေးရမည်။

၆၁။ ပုဒ်မ ၆၀ တွင် သတ်မှတ်ထားသည့် ရေဒီယိုရုပ်သံ ထုတ်လွှင့်မှုလိုင်းများအပြင် ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်ခြင်း၊ ကေဘယ် သို့မဟုတ် အခြားသောနည်းပညာများ အသုံးပြု၍ ထုတ်လွှင့်ခြင်းတို့ဖြင့် အများပြည်သူ ဝန်ဆောင်မှုအတွက် ထပ်တိုးလိုင်းများအား ထုတ်လွှင့်ခွင့်ရှိသည်။

၆၂။ အများပြည်သူဝန်ဆောင်မှုရေဒီယို ရုပ်သံလွှင့်လုပ်ငန်းသည်-

(က) ရုပ်သံထုတ်လွှင့်ခြင်း၊ ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဖန်သားပြင်တွင် စာတန်းထိုးပြခြင်း သို့မဟုတ် အကြောင်းအရာများအား ဖြန့်ချိခြင်းတို့အပြင် အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ခြင်းတို့ကို အခန်း ၂ ပါ အခြေခံမူများနှင့်အညီ လုပ်ဆောင်နိုင်သည်။

(ခ) စီးပွားဖြစ်လုပ်ဆောင်သည့် ဝန်ဆောင်မှုများမှ အကျိုးအမြတ်များဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်း လည်ပတ်ရန်အတွက် အသုံးပြုနိုင်သော်လည်း အဆိုပါစီးပွားဖြစ်လုပ်ဆောင်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်ရန်ပုံငွေမှ အသုံးမပြုရ။

၆၃။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းသည်-

(က) ထုတ်လွှင့်ပြီးသော အစီအစဉ်များ၏ မူရင်းရုပ်သံမှတ်တမ်းအား အနည်းဆုံး ၂၈ ရက်ကြာသည်အထိ သိမ်းထားရမည်။

(ခ) အဆိုပါ ထုတ်လွှင့်မှုသည် အငြင်းပွားချက် သို့မဟုတ် တိုင်ကြားချက်အတွက် သက်သေခံ အထောက်အထားတစ်ခုဖြစ်လျှင် ၎င်းမူရင်းရုပ်သံမှတ်တမ်းအား အငြင်းပွားချက် သို့မဟုတ် တိုင်ကြားချက်အား ဖြေရှင်းပြီးသည်အထိ သိမ်းထားရမည်။

အခန်း(၁၀)
ရန်ပုံငွေ

၆၄။ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည် နိုင်ငံတော်ဘဏ္ဍာမှ တိုက်ရိုက်ထောက်ပံ့ငွေအဖြစ် အောက်ပါအတိုင်း ရခွင့်ရှိသည်-

(က) အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည် နှစ်စဉ်နိုင်ငံတော်၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာ ဥပဒေအရ လုပ်ငန်းလည်ပတ်ရန် လိုအပ်သော အသုံးစရိတ်၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို လွှတ်တော်မှ ပြဋ္ဌာန်းသည့်အတိုင်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှသော်လည်းကောင်း၊ အလားတူ ပမာဏရှိသော လွှတ်တော်မှ သတ်မှတ်ပေးသည့် အခွန်အခ တစ်မျိုးမျိုးမှသော်လည်းကောင်း ရရှိရမည်။ အဆိုပါ နှစ်စဉ်ထောက်ပံ့ငွေအား ၎င်းတို့ထံ တိုက်ရိုက်ထုတ်ပေးရမည်။

(ခ) အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အသီးသီးက ၎င်းတို့၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို တွက်ချက်ပြုစု၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေရရှိရေးအတွက် ကောင်စီမှတစ်ဆင့် တင်ပြရမည်။

၆၅။ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း လည်ပတ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းအား အောက်ဖော်ပြပါအတိုင်း ရှာဖွေရမည်-

(က) **ပုံနှိပ်ထုတ်ဝေသောကြော်ငြာ။** ကြော်ငြာကဏ္ဍနှင့်ပတ်သက်၍ အောက်ပါအချက်များကို လိုက်နာရမည်-

(၁) ပုံနှိပ်စာမျက်နှာ၏ ၇၀ ရာခိုင်နှုန်းကို သတင်းနှင့် သတင်းအချက်အလက်များ ဖော်ပြရန်နှင့် ကျန် ၃၀ ရာခိုင်နှုန်းကိုသာ ကြော်ငြာကဏ္ဍအတွက် အသုံးပြုရမည်။

(၂) အယ်ဒီတာများသည် ကြော်ငြာရှင်များ၏ လွှမ်းမိုးမှုမခံစေရ။

(၃) ကြော်ငြာခနှုန်းထားကို အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုသတ်မှတ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု။

(ဂ) သတင်းစာရောင်းချရငွေ။

(ဃ) အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းအပေါ် စွက်ဖက်မှုမရှိသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လှူဒါန်းငွေ။

၆၆။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း လည်ပတ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းအား အောက်ဖော်ပြပါအတိုင်း ရှာဖွေရမည်-

(က) **ကြော်ငြာများ။** အောက်ဖော်ပြပါ အချက်များအား လိုက်နာပြီး ကြော်ငြာများ လက်ခံနိုင်သည်-

(၁) ကြော်ငြာပါဝင်မှုသည် တစ်နေ့တာရေဒီယို ရုပ်သံထုတ်လွှင့်မှုအချိန် စုစုပေါင်း၏ ၇ ဒသမ ၅ ရာခိုင်နှုန်းထက်လည်းကောင်း၊ သတ်မှတ် အစီအစဉ်တစ်ခု ထုတ်လွှင့်ချိန်၏၁၀ ရာခိုင်နှုန်းထက်လည်းကောင်း ကျော်လွန်ခြင်း မရှိစေရ။

(၂) ရေဒီယိုရုပ်သံလွှင့် အစီအစဉ်များသည် ကြော်ငြာရှင်များ၏ လွှမ်းမိုးမှု မခံစေရ။

(၃) ကြော်ငြာခနှုန်းထားကို အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုသတ်မှတ်ပေးရမည်။

(ခ) **ကူညီပံ့ပိုးမှု။** အောက်ဖော်ပြပါ အချက်များအား လိုက်နာပြီး ကူညီပံ့ပိုးမှုများ လက်ခံနိုင်သည်-

(၁) ကူညီပံ့ပိုးမှုယူထားသော အစီအစဉ်များအား အစီအစဉ် အစနှင့် အဆုံးပိုင်းတွင် ထိုသို့ အကူအညီရယူထားကြောင်း ရှင်းလင်းစွာ ကြေညာရမည်။

(၂) ကူညီပံ့ပိုးမှုသည် ရေဒီယိုရုပ်သံလွှင့်အစီအစဉ်နှင့်အစီအစဉ်ပါ အကြောင်းအရာများအား မည်သို့မျှ ထိခိုက်မှုမရှိစေရ။

(၃) သတင်းအစီအစဉ်များအတွက် ကူညီပံ့ပိုးမှုမယူရ။

အခန်း (၁၁)
တာဝန်ယူမှု

၆၇။ အုပ်ချုပ်ရေးအဖွဲ့သည် နှစ်စဉ်အစီရင်ခံစာအား ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးသော စာရင်းများနှင့်အတူ အများပြည်သူအား အသိပေးရမည်။ နှစ်စဉ်အစီရင်ခံစာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည်-

(က) နှစ်စဉ်ဝင်ငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးချက် အကျဉ်းချုပ်။

(ခ) အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အပြည့်အဝပိုင်ဆိုင်သည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်။

(ဂ) လာမည့်နှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း။

(ဃ) ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များ။

(င) ပြီးခဲ့သောနှစ်အတွက် ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လာမည့်နှစ်အတွက် ရည်မှန်းချက်များ။

(စ) အများပြည်သူဝန်ဆောင်မှု မီဒီယာ၏ အယ်ဒီတာဆိုင်ရာ မူဝါဒ။

(ဆ) အစီအစဉ်ရေးဆွဲထားမှုနှင့် အစီအစဉ်ပြောင်းလဲမှု။

(ဇ) အများပြည်သူဝန်ဆောင်မှုသတင်းစာထုတ်ဝေခြင်း သို့မဟုတ် အများပြည်သူဝန်ဆောင်မှုရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းနှင့် ပတ်သက်သော အကြံပြုချက်များ။

(ဈ) စာဖတ်သူ သို့မဟုတ် ပရိသတ်များထံမှ တိုင်ကြားချက်များနှင့်ပတ်သက်သော အချက်အလက်များ။

၆၈။ အုပ်ချုပ်ရေးအဖွဲ့သည် မိမိတို့၏ နှစ်ပတ်လည် အစီရင်ခံစာကို ကောင်စီသို့ ပေးပို့တင်ပြရမည်။ ကောင်စီသည် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ နှစ်ပတ်လည် အစီရင်ခံစာကို စုစည်း၍ မိမိတို့၏ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတနှင့် လွှတ်တော်သို့ တစ်ပြိုင်နက်တည်း အစီရင်ခံရမည်။

၆၉။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူး၏ လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး ကောင်စီထံအကဲဖြတ်ချက်နှင့် သုံးသပ်ချက်ပေးပို့ အစီရင်ခံခြင်းအား နှစ်စဉ်ပြုလုပ်ရမည်။ အဆိုပါ သုံးသပ်ချက်အား ထုတ်ပြန်ကြေညာပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရမည်။

အခန်း (၁၂)
တားမြစ်ချက်နှင့် ပြစ်ဒဏ်

၇၀။ (က) မည်သူမဆို အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းအတွက် မီဒီယာလုပ်ငန်းတာဝန်ထမ်းဆောင်နေသော အယ်ဒီတာ၊ သတင်းထောက်နှင့် မီဒီယာလုပ်ငန်းလုပ်ကိုင်သူများကို နှောင့်ယှက်ခြင်း၊ ဥပဒေနှင့်အညီ မဟုတ်ဘဲ အရေးယူခြင်း မပြုရ။

(ခ) မည်သူမဆို အထက်ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ် ကျပ်ငါးသိန်းအထိ ချမှတ်ခြင်းခံရမည်။

အခန်း (၁၃)
ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်

၇၁။ ဤဥပဒေအာဏာတည်ပြီး ကိုးလအတွင်း ကောင်စီကိုလည်းကောင်း၊ တစ်ဆယ့်နှစ်လအတွင်း အုပ်ချုပ်ရေးအဖွဲ့ကို လည်းကောင်း ဖွဲ့စည်းရမည်။

၇၂။ ဤဥပဒေအရ ဖွဲ့စည်းသော ကောင်စီနှင့်အုပ်ချုပ်ရေးအဖွဲ့တို့က လုပ်ငန်းများ လွှဲပြောင်းလက်ခံဆောင်ရွက်ခြင်းမပြုနိုင်မီအချိန်အထိ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့ကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၇၃။ နိုင်ငံပိုင်သတင်းစာနှင့် ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအား အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် ကူးပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒပြုသော အရာထမ်း၊ အမှုထမ်းများအား သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းများ၏ သတ်မှတ်အရည်အချင်းစံနှုန်းများနှင့် ကိုက်ညီပါက ဦးစားပေးရွေးချယ်ခန့်ထားရမည်။

၇၄။ ကူးပြောင်းရေးဆောင်ရွက်စဉ် ကူးပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အရာထမ်း၊ အမှုထမ်းများအား ဝန်ကြီးဌာနအတွင်း ဆက်လက်ခန့်ထားပေးရမည်။

၇၅။ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အရာထမ်း၊ အမှုထမ်းများသည် ဤဥပဒေအရ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများတွင် ခန့်အပ်ခြင်းခံရပါက အစိုးရဝန်ထမ်းအဖြစ်မှ ရပ်စဲခြင်းခံရမည်။ သို့ရာတွင် ၎င်းတို့၏အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အပေါ် မူတည်ပြီး လျော်ကြေးပင်စင် သို့မဟုတ် အငြိမ်းစားပင်စင်လစာကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ခံစားခွင့်ရှိသည်။

၇၆။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညှိနှိုင်း၍ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ထုတ်လုပ်မှုတိုးတက်စေရေးအတွက် လုပ်ငန်းတစ်ခုချင်း၏ အကျိုးအမြတ်အပေါ် မူတည်လျက် ဝန်ထမ်းများအား ဆုကြေးငွေများ ချီးမြှင့်နိုင်သည်။

အခန်း(၁၄)
အထွေထွေ

၇၇။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည်-

(က) အွန်လိုင်းဝန်ဆောင်မှုကို ပေးနိုင်သည်။

(ခ) အွန်လိုင်းတွင်တင်ထားသည့် အစီအစဉ်များအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသောအခွင့်အရေး၊ လွတ်လပ်ခွင့်နှင့် တာဝန်ယူမှုတို့ ရှိရမည်။

(ဂ) သက်ဆိုင်ရာ မော်ကွန်းတိုက်တစ်ခုစီ တည်ထောင်ရမည်။

(ဃ) မော်ကွန်းတိုက်ရှိ အချက်အလက်များကို အွန်လိုင်းပေါ်တွင် ရရှိနိုင်အောင် ကြိုးစားဆောင်ရွက်ရမည်။

၇၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာထားသည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီမဟုတ်ဘဲ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း၊ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည် မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် နိုင်ငံရေးပါတီမှ ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းအတွက် ကြော်ငြာများ ထည့်သွင်းခြင်းမပြုရ။

၇၉။ ကောင်စီသည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီဝင်အများစု၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးပုဂ္ဂလိကတက္ကသိုလ်တစ်ခုမှ English for Journalists သင်တန်း အခမဲ့ဖွင့်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ၏ ပထမဆုံးပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်သည့် Victoria University College က English for Journalists အခမဲ့သင်တန်းကို ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ အဆိုပါတက္ကသိုလ် သင်တန်းခန်းမဆောင်၌ မေ ၁၈ ရက် နံနက် ၈ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းကျောင်းကို Victoria University College ကျောင်းအုပ်ကြီး ဒေါက်တာနေဝင်းနိုင်ဦးစီး၍ ပြည်တွင်းမှ ကျွမ်းကျင်ဆရာလေးဦးနှင့် ပြည်ပနိုင်ငံများဖြစ်သည့် အိုင်ယာလန်နှင့် အမေရိကန်တို့မှ တစ်ဦးစီ စုစုပေါင်း ဆရာ ခြောက်ဦးတို့က အပတ်စဉ် စနေ၊ တနင်္ဂနွေ နှစ်ရက်တွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းပို့ချရာတွင် စာတွေ့နှင့်လက်တွေ့ (Theory and Practical) ပေါင်းစပ်ပြီး ကမ္ဘာ့နိုင်ငံအများဆုံးကျင့်သုံးသည့် ဝိုင်းဖွဲ့ဆွေးနွေးအကြံပြုသင်ယူမှု ပုံစံစနစ်ဖြင့် ပို့ချမည်ဖြစ်သည်။

ယင်းသင်တန်းကို ဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ မေးမြန်းဖြစ်ခဲ့ရာ အဆိုပါ ကျောင်းကျွမ်းကျင်ဆရာတစ်ဦးဖြစ်သည့် ဆရာသိန်းထွဋ်ဆန်းက "သင်တန်းဖွင့်ရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံက သတင်းမီဒီယာသမားတွေ နိုင်ငံတကာဝင်ဆံ့နိုင်ဖို့နဲ့ နိုင်ငံတကာသတင်းမီဒီယာ အတွေ့အကြုံတွေ ပိုနားလည်တတ်ကျွမ်းပြီး မြန်မာမီဒီယာလောကအခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု ရှင်းပြသည်။ **(အပေါ်ပုံ)**

သင်တန်းသို့ မြန်မာနိုင်ငံမှ သတင်းမီဒီယာများက သတင်းထောက်များနှင့် စာတည်းများ စုစုပေါင်း သင်တန်းသား ၂၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်၍ သင်တန်းပြီးဆုံးပါက Journalism Certificate ချီးမြှင့်ပေးမည်ဖြစ်ကြောင်းသိရသည်။

မောင်မောင်စိန်လွင်(မြန်မာ့အလင်း)

ကုန်တင်ယာဉ်နှစ်စီးတိုက်မိမှု ညောင်လေးပင်၌ ဖြစ်ပွား ယာဉ်မောင်းတစ်ဦးနှင့် လိုက်ပါသူတစ်ဦးဒဏ်ရာရ

ညောင်လေးပင် မေ ၁၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက် ဗိုလ်ချုပ်လမ်း ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၉၇/၇) နှင့် (၉၈/၀) အကြားတွင် မေ ၁၈ ရက် နံနက် ၆ နာရီခွဲက ညောင်လေးပင်ဘက်မှဒိုက်ဦးမြို့ဘက်သို့ မောင်းနှင်လာသောခြောက်ဘီးကုန်တင်ယာဉ် ကားနောက်ပိုင်းကို ရန်ကုန်ဘက်မှ ညောင်လေးပင်ဘက်သို့ မောင်းနှင်လာသော ၁၂ ဘီးယာဉ်က မျက်နှာချင်းဆိုင်ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်ရဲစခန်း၌ တာဝန်မှူးဒုရဲအုပ်သိန်းအောင် တာဝန်ထမ်းဆောင်နေချိန် မေ ၁၈ ရက် နံနက် ၆ နာရီခွဲ ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ် (၉၇/၇)နှင့် (၉၈/၀)အကြား ညောင်လေးပင်ဘက်မှ ဒိုက်ဦးဘက်သို့ ယာဉ်မောင်း ကိုဖုန်းငွေ ဒိုက်ဦးမြို့နေသူ မောင်းနှင်လာသော ၆က/--- အေရိုးလတ်အမျိုးအစား ခြောက်ဘီးကုန်တင်ကားနောက်ခြမ်းကို ရန်ကုန်ဘက်မှ ညောင်လေးပင်ဘက်သို့ ယာဉ်မောင်း ဇော်မင်းလတ် ပျော်ဘွယ်မြို့နေသူ မောင်းနှင်လာသော ၉ဂ/--- နီဆန်းဖြူစိမ်းနီ ၁၂ ဘီး ကုန်တင်ကားက ဝင်တိုက်ရာ ကားလမ်း ဘယ်ဘက်အခြမ်းသို့ ရောက်သွားခဲ့သည်။

အတိုက်ခံရသော ခြောက်ဘီးကားမှ ယာဉ်မောင်း ကိုဖုန်းငွေမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ) နှင့် ခြောက်ဘီးကားပေါ်ပါလာသူ ဦးထွန်းလှိုင် ဒိုက်ဦးမြို့နေသူတွင် မေးစေ့ပေါက်ပြဲ(မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သည်။ ဝင်တိုက်သော ၁၂ ဘီး ကုန်တင်ကားတွင် ဦးခေါင်းဝဲဘက်ခြမ်း အနည်းငယ်ထိခိုက်ခဲ့သည်။ **(အောက်ပုံ)**

အရေးယူ

သို့ဖြစ်၍ ယာဉ်မောင်း ဇော်မင်းလတ်ကို ဒုရဲအုပ်သိန်းအောင်က တရားလိုပြုလုပ် တိုင်တန်းသဖြင့် ညောင်လေးပင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်အောင်လှိုင်(ညောင်လေးပင်)

ပထမမန်လည်ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော မပုပ်မသိုး ရုပ်ကလာပ်တော် ယနေ့အချိန်ထိ လာရောက်ဖူးမြော်ကြည်ညိုနိုင်

မြန်မာစာပေသမိုင်းတွင် နေအသွင် လအလားပမာတင်စား၍ ရလောက် သောမကာရလောပအကျော် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ကျေးဇူးတော်ရှင် ပထမမန်လည်ဆရာတော်ကြီး ဘဒ္ဒန္တဇဝနဘဝနတ်ထံ ပြန်လွန်တော်မူခဲ့သည်မှာ ယခု ၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်တွင်နှစ်ပေါင်း ၉၃ နှစ် ရှိပေတော့မည်။

သို့သော်လည်း ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်သည် မပုပ်မသိုးဘဲ ယနေ့အချိန်ထိတိုင် တည်ရှိနေလျက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်တောင်ရွာ ဘုန်းတော်ကြီးကျောင်းဝင်း အုတ်ပြာသာဒ်စံကျောင်းတော်ရှိ ပလ္လင်ပေါ်တွင် လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်သည်လည်း ထွန်းလင်းတောက်ပနေဆဲဖြစ်သည်။

မကာရလောပအကျော် ပထမမန်လည်ဆရာတော်ကြီးကို ၁၂၀၃ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ ညဉ့်သုံးချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူခဲ့ပြီး ၁၂၈၂ ခုနှစ် တော်သလင်း လဆန်း ၁၃ ရက် နံနက် ၁ နာရီ မိနစ် ၃၀ က သက်တော် ၇၉ နှစ် သိက္ခာတော် ၅၉ ဝါအရတွင် မန်လည်ပြာသာဒ်ကျောင်းကြီး၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ (၁၂၀၃-၁၂၈၂)

"မဟာသုတကာရီ မဃဒေဝလင်္ကာသစ်" ကျမ်းကြီးအပါအဝင် ကျမ်းပေါင်း ၇၀ ကျော်ကို ရေးသားပြုစုတော်မူခဲ့သော မကာရလောပအကျော်ကျေးဇူးတော်ရှင် ပထမမန်လည်ဆရာတော်ကြီးသာ သက်တော်ထင်ရှားရှိနေပါက ယခု ၁၃၇၅ ခုနှစ်တွင် သက်တော် ၁၇၂ နှစ်ကျော်ရှိပေတော့မည်။ ဘဝနတ်ထံစံမြန်းသည့် နှစ်ကား (၉၃)နှစ်တွင်းသို့ပင် ချဉ်းနင်းဝင်ရောက်နေပြီဖြစ်သည်။

မန်လည်ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ တစ်ချိန်က သမိုင်းဝင်သမိုင်းတင်ခဲ့သော မန်လည်မြို့ဟောင်းသည် ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည် တောင်ရွာတွင် တည်ရှိပါသည်။ အင်းတော်မြို့နှင့် ကားလမ်းမှာ ခုနစ်မိုင်ခန့် ကွာဝေးပါသည်။ အင်းတော်မြို့မှ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီး၏ ဝဲဘက်တွင်ရှိသော "မန်လည်ဆရာတော်ကျောင်းဆီသို့" လမ်းညွှန်ဆိုင်းဘုတ်မှ ကျောက်ချောလမ်းကလေးအတိုင်း လေးမိုင်ခန့်သွားရသည်။ ထို့အပြင် မန္တလေး-မြစ်ကြီးနား မီးရထားလမ်း မိုင်တိုင်အမှတ် ၅၁၈ တွင်ရှိသော ဆည်ရွာဘူတာမှ ကျောက်ချောလမ်းလေးအတိုင်း အနောက်ဘက် နှစ်မိုင်ခန့်ရှိသော လမ်းကသွားလျှင်လည်းရသည်။ မန်လည်သည် တောင်ရွာနှင့်မြောက်ရွာဟု နှစ်ရွာရှိရာ မန်လည်တောင် ရွာတွင်ရှိသော ဘုန်းတော်ကြီးကျောင်း ဝင်းအတွင်း ကျေးဇူးရှင် ပထမမန်လည် ဆရာတော် ကြွင်းကျန်ရစ်သော မပုပ်မသိုး ရုပ်ကလာပ်တော် တည်ရှိသည်။

ပထမမန်လည်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် နှစ်ပေါင်း ၉၃ နှစ်ရှိနေပြီဖြစ်သော်လည်း ယနေ့အချိန်ထိ တိုင် မပုပ်မသိုးဘဲ အထူးကြည်ညိုဖွယ်ရာ လာရောက်ဖူးတွေ့နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **ကိုမင်း(အင်းတော်)**

ကြယ်စင်စေတနာ ပရဟိတ လူမှုရေးအသင်းအတွက် ကားတစ်စီးလှူဒါန်း

မန္တလေး မေ ၁၉

အမရပူရမြို့နယ်အတွင်း၌ တည်ရှိကြသော ကျေးရွာပေါင်းများစွာတို့သည် လူသားချင်းစာနာထောက်ထားခြင်းအလို့ငှာ စေတနာပရဟိတလူမှုကူညီရေးအသင်းများကို မိမိတို့ကျေးရွာများတွင် စနစ်တကျဖွဲ့စည်းထားလျက်ရှိကြသည်။ ဤကဲ့သို့စေတနာပရဟိတလူမှုရေးအသင်းများ မရှိမီကဆိုလျှင် အချိန်ကြန့်ကြာခြင်းများကြောင့် အဖိုးတန် လူ့အသက်များ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်။

ယနေ့အချိန်တွင် ဤကဲ့သို့သော အဖြစ်ဆိုးများ ရှိမည်မဟုတ်တော့ပါ။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စာတော်ကျေးရွာအုပ်စု ကြယ်စင်စေတနာပရဟိတ လူမှုကူညီရေးအသင်းအတွက် စေတနာရှင်မိသားစုမှ SUPER CUSTOM ကားတစ်စီး ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက စာတော်ကျေးရွာ ရွှေစေးရိုး ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ပြောကြား

စေတနာရှင်မော်တော်ကားအလှူရှင်မိသားစုက "အခုလို မော်တော်ကားလှူဒါန်းရခြင်းဟာ မိဘကျေးဇူးကို ရည်မှန်းပြီး လှူရခြင်းဖြစ်ပါတယ်။ ဘေးဒုက္ခကြုံတွေ့ရတဲ့ လူတွေအတွက် ကူညီရာရောက်ပါတယ်။ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု မော်တော်ကားအလှူရှင်မိသားစုက ပြောကြားသည်။

တစ်ဖန် စာတော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းရွှေကလည်း "အခုလို မော်တော်ကားကို လှူဒါန်းတာဟာ အလွန်ကောင်းမြတ်တဲ့ စေတနာပါ။ ကြယ်စင်စေတနာ ပရဟိတအသင်းကိုယ်စားကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားသည်။

မောင်မောင်စိုး(မြစ်ငယ်)

လူငယ်အရည်အသွေးမြှင့် သင်တန်းဖွင့်လှစ်မည်

ဟုမ္မလင်း မေ ၁၉

ဟုမ္မလင်းမြို့ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးစီး၍ လူမှုဖွံ့ဖြိုးရေးနှင့် လူငယ်အရည်အသွေးမြှင့်သင်တန်းကို Myanmar Egress မှ လာရောက်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဆိုင်ဝမ်းမောင်စတိုး၌ စာရင်းပေးသွင်းနိုင်ပြီး နေ့ပိုင်းသင်တန်းကို မေ ၂၁ ရက်မှ ၂၄ ရက်အထိ လည်းကောင်း၊ ညပိုင်းသင်တန်းကို မေ ၂၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း ဟုမ္မလင်းရပ်ကွက်ရှိ မြို့မကျောင်း၌ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

ရေနုတ်မြောင်းတူးဖော်

ဗန်းမော် မေ ၁၉

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းမကြီးများရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အထက (၁)နှင့် အမက (၄)ရှေ့၌ ဆောင်ရွက်ခဲ့ရာ ရေမြောင်းအကျယ် တစ်ပေခွဲ၊ အနက် တစ်ပေခွဲဖြစ်ပြီး လူတစ်ဦး တစ်နေ့လုပ်အားခ ငွေကျပ် ၃၅၀၀၊ နေ့စဉ် လုပ်သား ခုနစ်ဦး၊ ရှစ်ဦးဖြင့် တူးဖော်လျက်ရှိကြောင်း လုပ်သားတစ်ဦးက ပြောပြသည်။

အဆိုပါ ရေနုတ်မြောင်းတူးဖော်ပေးခြင်းကြောင့် ကျောင်းရှေ့လမ်းမကြီးတွင် ရေဝပ်မှုမရှိသဖြင့် ကျန်းမာရေးကောင်းမွန်စေပြီး ကျောင်းသားကျောင်းသူ ကလေးသူငယ်များ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ညောင်ဦးမြို့နယ် ပဲကြီးစိုက်တောင်သူများ မိုးရွာ၍ဝမ်းသာပျော်ရွှင်

ညောင်ဦး မေ ၁၉

ညောင်ဦးမြို့နယ်သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော မြို့နယ်တစ်မြို့နယ်ဖြစ်သည်။

တွက်ခြေကိုက်

ယခုကဲ့သို့ နှစ်ဦးပိုင်းရွာသောမိုးများသည် တောင်သူများအတွက် အဖိုးတန်သောမိုး ဖြစ်သည်။ ထိုသို့သော အချိန်မျိုးတို့တွင် ညောင်ဦးမြို့နယ်တောင်သူများသည် မိုးဦးစောစောကျလျှင် နှမ်းများ၊ ပဲကြီးများ စိုက်ပျိုးကြသည်။ ပဲကြီးကို ခြောက်လပဲဟု လည်းခေါ်သည်။ ကဆုန်လဆန်းရွာသည့်အတွက် ကဆုန်ပဲကြီးဟုခေါ်ကြသည်။ ခြောက်လပဲခေါ်ပဲကြီးကို ကဆုန်လရွာသည့်မိုးနှင့် စိုက်လျှင် စိုက်ပြီး အပင်ပေါက်လာသည်။ အပင်ပေါက်ပြီး နှစ်လ၊ သုံးလလောက် မိုးခေါင်လျှင် ပဲကြီးပိုပြီး ရတတ်သည်။ အကြောင်းမှာ မိုးခေါင်ပြီးနေပူသည့်အတွက်ကြောင့် ပိုးအကျနည်းသည်။ ပဲကြီးခေါ်ခြောက်လပဲကြီးသည် ပိုးကျမှာပဲ ကြောက်သည်။ မိုးခေါင်လျှင် မိုးခေါင်ခံသောကြောင့် နိုင်ငံအလယ်ပိုင်း တောင်သူများအားထားသောသီးနှံတစ်မျိုးဖြစ်သည်။

ယခုနှစ်တော့ မေ ၁၅ ရက် ညနေ ၃ နာရီခန့်တွင် ရွာသောမိုးဖြင့် တောင်သူများ နှမ်းနှင့် မြေပဲကို အားရပါးရ စိုက်ပျိုးခဲ့ကြသည်။ မိုးကလည်း တော်တော်လေးနူးနူးနပ်နပ် ရွာချသည့်အတွက် နှစ်ရက်ခန့်အထိ စိုက်၍ရသည်။ ပဲကြီးခေါ်ခြောက်လပဲသည် မြန်မာပြည်အလယ်ပိုင်း ညောင်ဦးမြို့နယ် တောင်သူများ အလွန်တွက်ခြေကိုက်သော သီးနှံတစ်မျိုးဖြစ်သည်။ ရာသီဥတုနှင့် လည်းကိုက်ညီသော သီးနှံဖြစ်သည်။

ယခုကဲ့သို့ မိုးဦးစောစောရွာပြီး ကဆုန်လတွင် စိုက်ရသည့်အတွက် ကဆုန်ပဲကြီးဟုခေါ်သည်။ နယုန်လတွင် မိုးရွာလျှင်လည်း နယုန်ပဲအဖြစ် စိုက်ကြသေးသည်။ ဝါဆိုတွင် မိုးရွာလျှင်လည်း ဝါဆိုပဲဟု စိုက်ကြသေးသည်။ မိုးဦးမှာ နှမ်းလျင်စိုက်လိုက်သောရာခင်းကို ဝါဆိုတွင် နှမ်းလျင်ရိတ်သိမ်းပြီး ဝါဆိုလပြည့်ကျော်တွင် ထွန်ယက်ပြီး မိုးရွာလျှင် ဝါဆိုပဲအဖြစ် စိုက်ကြသေးသည်။

ထိုသို့ စိုက်ရလျှင် တစ်နှစ်တည်းနှင့် နှစ်သီးစားရသည်ဟု ငါ့သရောက်မြို့နယ်ကန်သားရာရွာသားတောင်သူ ဦးကြင်ငွေထံမှ သိရသည်။ သို့ကြောင့် ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်မှ ကျေးလက်နေ တောင်သူများ ယခုကဲ့သို့ မိုးဦးစောစောကျပြီး နှမ်းစိုက်သူစိုက်၊ မြေပဲစိုက်သူစိုက်နှင့်မိုးရွာ၍ ပျော်ရွှင်နေကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ညောင်ဦးသား)**

ကောင်းမှုတော်အင်းကြီးအတွင်းရှိ စပါးနှင့်သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်း

စစ်ကိုင်း မေ ၁၉

စစ်ကိုင်းမြို့နယ် စီတီးအုပ်စုအတွင်းရှိ ကျေးရွာအများစုမှ လယ်သမားများသည် စပါးနှင့်သီးနှံမျိုးစုံ စိုက်ပျိုးကြသူများဖြစ်သည်။ စီတီးကျေးရွာအုပ်စုတွင်ပါဝင်သော စီတီး၊ ညောင်ပင်ဇင်၊ ပဲကတိုး၊ တင်းတိပ်၊ ဇီးချောင်း၊ တဲကြီးနှင့် မအူပင်ကျေးရွာတို့မှ တောင်သူလယ်သမားကြီးများသည် ကောင်းမှုတော်တောင်ဘက် အင်းကြီးအတွင်းရှိ ကွင်းသုံးကွင်း၌ ဧရာဝတီမြစ်ရေကျ နောက်စိုက်လယ်ဧက ၃၀၀ တို့တွင် မနော်သုခ၊ မယင်း၊ မာကျူရီနှင့် ရက် ၁၀၀ စပါးမျိုးများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကောင်းမှုတော်အင်းကြီးမြောက်ဘက်၌ရှိသည့် စိုက်ကွင်းငါးကွင်း၌ မိုးတွင်းကာလပတ်လုံး စပါး၊ ပဲတီ၊ ဂျုံ၊ နှမ်း၊ ကုလားပဲ၊ ပြောင်း၊ ပဲပုပ်၊ ကြက်သွန်၊ ငရုတ်များကိုစိုက်ပျိုးထားပြီး ယမန်နှစ်က လယ်တစ်ဧကလျှင် စပါးတင်းဧက ၈၀ ခန့်ထွက်ပြီး စပါးဈေးက တစ်တင်းလျှင် ငွေကျပ် ၃၅၀၀ ရရှိခဲ့သည်။ ယခုနှစ်အတွင်း ဧရာဝတီမြစ်ရေအကျ နောက်ကျခြင်းကြောင့် တစ်ဧကစပါးတင်း ၁၀၀ ကျော်သာ ထွက်ရှိနိုင်ပြီး စပါးဈေးမှာ တစ်တင်းလျှင် ငွေကျပ် ၄၅၀၀ ဈေးပေါက်သည်။ ယမန်နှစ်မိုးတွင်းက စပါးတင်း ၃၂၀၀၀ ခန့်ထွက်ကြောင်း သိရသည်။

နိုင်ငံတော်က တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်အဖြစ် လယ်တစ်ဧကလျှင် ယခင်က ၈၀၀၀၀ နှုန်း ယခု ၁၀၀၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ပြီး ယာတစ်ဧကကိုလည်း ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၂၀၀၀၀ အထိ တိုးမြှင့်ပေးခဲ့သည်။ ထို့အပြင် တည်ဆဲဥပဒေများအရ လယ်ယာမြေပိုင်ဆိုင်ခွင့်များ ခွင့်ပြုထားပြီဖြစ်သည့်အလျောက် မိမိတို့၏ လယ်ယာမြေများကို အာမခံထားရန် လိုအပ်သည့် စိုက်ပျိုးစရိတ်အရင်းအနှီးများ ချေးယူစုဆောင်းနိုင်သည့်အခွင့်အလမ်းများ ရရှိစေရန် လယ်ယာမြေပိုင်ဆိုင်မှု မှတ်ပုံတင်လုပ်ငန်းကိုဆောင်ရွက်ပေးလျက်ရှိသည်။ လယ်ယာမြေလုပ်ကိုင်သူ တောင်သူလယ်သမားများအနေဖြင့် ယခုအချိန်တွင် ပွင့်လင်းလွတ်လပ်လာသည့် ဈေးကွက်နှင့် လိုက်လျောညီထွေရှိမည့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ကြိုးပမ်းလုပ်ဆောင်ကြရန် အချိန်အခါကောင်းဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ **(၁၃၇)**

လမ်းလယ်ကျွန်းတွင် အရိပ်ရပင်များ စိုက်ပျိုး

မန္တလေး မေ ၁၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ မန္တလေး ခြောက်မြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများ၊ မန္တလေးကျုံး ပတ်လည်တစ်လျှောက်နှင့် လမ်းလယ်ကျွန်းများနှင့်လမ်းဝဲယာတို့တွင် စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းသည် အတွင်းရေးမှူး ဦးစန်းမောင်၊ ကော်မတီဝင်များ၊ တွဲဖက်အတွင်းရေးမှူး၊ ဌာနမှူးနှင့်အတူ မေ ၁၆ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်အတွင်းရှိ သိပ္ပံလမ်းနှင့် ငုရွှေဝါလမ်းကြား ၇၃ လမ်းနှင့် ၆၈ လမ်းပေါ်ရှိ လမ်းလယ်ကျွန်းတွင် စက်ယန္တရားအင်အား လူအင်အားတို့နှင့် အရိပ်ရတည်ပင်ကြီးများ စိုက်ပျိုးနေမှု၊ လမ်းလယ်ကျွန်းတွင် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးရန် မြေယာဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူး ဦးစိုးမိုးသိမ်းကအရိပ်ရပင်များ စိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

တင်မောင်(မန်း-ကိုယ်ပွား)

ပြည်တွင်းသတင်း

စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ(ဒသမ)မူကြမ်း စည်းဝေး

နေပြည်တော် မေ ၁၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)တို့ ပူးပေါင်းကျင်းပသည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (ဒသမ) မူကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မေ ၁၅ မှ ၁၇ ရက်အထိ အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရန် အလွန်အရေးကြီးကြောင်း၊ အကာအကွယ်ပေးခြင်းဖြင့် နည်းပညာဆိုင်ရာတီထွင်ဖန်တီးမှုများ တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများအကြား မျှတသောယှဉ်ပြိုင်မှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူများအား မှန်ကန်သောရွေးချယ်မှုဖြစ်အောင် ကူညီပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းဖြင့် နည်းပညာလွှဲပြောင်းမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် WIPO မှကိုယ်စားလှယ် Mrs. Violeta Jalba က စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားငွေ လဲလှယ်နှုန်း တက်ရိပ်ပြ တည်ငြိမ်ရွှေဈေး ပြန်ကျ

ရန်ကုန် မေ ၁၉

ရန်ကုန်ဈေးကွက်အတွင်း နိုင်ငံခြားတင်ပို့မှုများနှင့် ကုန်သွယ်ရေးလုပ်ငန်း ပွင့်လင်းလာခြင်းကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်လာသော်လည်း ယနေ့ ရွှေဈေးနှုန်းမှာ မေလအတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်နေကြောင်း သိရသည်။

"ရွှေဈေးက ပြန်ပြီးကျနေပါတယ်။ ဧပြီလကုန်ပိုင်းကနေစပြီး ခုနစ်သိန်းတစ်သောင်းဝန်းကျင်ကနေ ခုနစ်သိန်းနှစ်သောင်းအထိ ဈေးပြန်လည်မြင့်တက်ခဲ့ပေမယ့် မေ ၁၆ ရက်ကနေစပြီး ပြန်လည်ကျဆင်းပြီး မေ ၁၈ ရက်မှာ ခြောက်သိန်းကိုးသောင်းရှစ်ထောင်ခန့်သာရှိပါတော့တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ရွှေဈေးကွက်အတွင်း အရောင်းအဝယ်မှာ ဈေးနှုန်းကျဆင်းခဲ့သည့် ဧပြီလအတွင်း အဝယ်များခဲ့ပြီး ယခုမေလအတွင်း အရောင်းအဝယ် ပုံမှန်သာရှိနေကြောင်း ရွှေ(အခေါက်)ထက် အထည်(ရွှေ)များသာ အဝယ်လိုက်နေပြီး ဈေးနှုန်းတည်ငြိမ်မှု အားနည်းခြင်းကြောင့် ပုံမှန်အရောင်းအဝယ်ရှိနေကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

သိမ်ဖြူငွေလဲကောင်တာအနီး ဒေါ်လာအရောင်းအဝယ်လုပ်ကိုင်သူ ကိုသိန်းမြင့်သန်းကလည်း "ဒေါ်လာကအခြေအနေကောင်းနေတယ်။ ပုံမှန်လေး ဈေးတက်ရိပ်ပြလာတယ်။ ဈေးက အတက်ဘက်ကို နည်းနည်းချင်းဦးတည်နေတော့ ဝယ်စုသူတွေကလည်း လှောင်ရဲသလို ရောင်းသူတွေကလည်း တစ်ဒေါ်လာကို ငွေကျပ် ၉၀၀ အထက်မှာပဲရှိနေတော့ ရောင်းပျော်တယ်။ ဒေါ်လာဈေးကွက်မှာ ဒီအခြေအနေက တော်တော်လေးတည်ငြိမ်နေတယ်။ နယ်စပ်ကုန်သွယ်ရေးတွေ ပွင့်လန်းလာနေတော့ နယ်စပ်နိုင်ငံငွေကြေးတွေ တန်ဖိုးမြင့်လာတယ်။ တရုတ်(ယွမ်)နဲ့ ထိုင်း(ဘတ်)၊ အိန္ဒိယ(ရူပီး) စတာတွေက အရင်က ဈေးအလွန်ငြိမ်တယ်။ အခုတော့ Border Trade အားကောင်းရင် ကောင်းသလို၊ အဖမ်းအဆီးများရင်များသလို ရန်ကုန်ဈေးကွက်မှာ ဈေးလှုပ်တယ်"ဟု ပြောကြားသည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရန်ကုန် မေ ၁၉

ရွှေဈေး

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၉၉၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၈၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

(အောင်သမာဓိရွှေဆိုင်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	တစ်ဒေါ်လာ	၉၃၅ ကျပ်
ဥရောပ	တစ်ယူရို	၁၂၀၆ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၄၈ ကျပ်
ထိုင်း	တစ်ဘတ်	၂၈. ၆ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၂၄ ကျပ်
တရုတ်	တစ်ယွမ်	၁၃၇ ကျပ်
မလေးရှား	ရင်းဂစ်	၂၇၇ ကျပ်

(သိမ်ဖြူငွေလဲကောင်တာ)

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၃၅၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀ - ၄၀၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀ - ၈၀၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၉၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၇၀၀၀ - ၂၈၀၀၀ ကျပ်
၇။	ကြက်	တစ်ပိဿာ	၃၅၀၀ - ၉၀၀၀ ကျပ်
၈။	ဝက်	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀ ကျပ်
၉။	အမဲ	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၁၀။	ဆိတ်	တစ်ပိဿာ	၉၀၀၀ - ၁၅၀၀၀ ကျပ်

(သား/ငါးဒိုင်များ)

ခင်ရတနာ-စုစည်းသည်။

ပင်းတယ-ရွှေညောင်ကားလမ်းနံဘေး ရွာများ၌ ရွှေဖလားကြက်သွန်နီများ လှိုင်လှိုင်ထွက်ရှိ

ပင်းတယ မေ ၁၉

ပင်းတယမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၈၈၀ တွင်တည်ရှိပြီး ထင်ရှားကျော်ကြားသည့် သဘာဝလိုဏ်ဂူနှင့်စေတီများ၊ ပုန်းတလုတ်ရေကန်၊ နှစ်ရာကျော်သက်တမ်းရှိ ညောင်ပင်ကြီးများဖြင့် နှစ်စဉ်နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်လျက်ရှိရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်၍ နှစ်ရှည်လက်ဖက်စိုက်ပျိုးမှုဖြင့် လက်ဖက်ခြောက်၊ အစိုနာမည်ရလျက်ရှိပြီး ရာသီအလိုက် သီးနှံစိုက်ပျိုးမှုတွင်လည်း ပတ်ဝန်းကျင်ကျေးရွာများမှ နွေကြက်သွန်ရွှေဖလားမျိုးများ စိုက်ပျိုးအောင်မြင်လျက်ရှိရာ ရွာအရောက်ပွဲစားများ အပြိုင်အဆိုင်ဝယ်ယူတင်ပို့လျက်ရှိကြောင်း သိရသည်။

အပြိုင်အဆိုင်ဝယ်ယူ

ပင်းတယ-ရွှေညောင် ကားလမ်းနံဘေးရှိ လယ်ပြင်၊ ရှောက်ချို(ရှေ့-နောက်)၊ ကန်သာ၊ သပြေကုန်း၊ မန်းအင်၊ အိုကုန်း၊ စိုက်ကွင်းစသည့်ရွာများသည် ဓနုနှင့်ဗမာလူမျိုးများနေထိုင်ကြပြီး နတ်တော်လဆန်းက စိုက်ပျိုးခဲ့သော ရွှေဖလားကြက်သွန်နီများ တန်ခူးလဆုတ်မှစ၍ အိမ်အတွင်းရှိ အမိုးအကာများအောက်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ယမန်နှစ်ကကဲ့သို့ပင် တစ်ပိဿာ ငွေကျပ်၄၅၀ ဖြင့် ဈေးဖွင့်လျက်ရှိပြီး ပွဲစားများက ၁၀ ဘီးကားများဖြင့် အပြိုင်အဆိုင်ဝယ်ယူ၍ အောင်ပန်းမြို့ပွဲရုံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြောပြ

နွေကြက်သွန်ရွှေဖလားဥ အသေးများကို မိုးကြက်သွန်အဖြစ် ဝါဆိုလပြည့်ကျော်တွင်စိုက်၍ တော်သလင်းလတွင်နုတ်ယူကာ ငွေကျပ် ၁၂၀၀ ဈေးဖြင့်အစိုကြက်သွန်ကို ပုံမှန်ရောင်းချဈေးကောင်းရနေကျအတိုင်း စိုက်ပျိုးရန်ပြင်ဆင်လျက်ရှိပြီး မိုးရာသီတွင်လည်းနေကြာ၊ ပြောင်း၊ ပဲစင်းငုံ၊ ပဲပုပ်၊ အာလူး၊ မုန်ညင်း၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီးနှင့် မိုးစပါးအဖြစ် ရွှေရင်အေးနှင့် ပုလဲသွယ်စပ်မျိုးစပါးလည်း စိုက်ပျိုးရန် ပြင်ဆင်ထားကြောင်း၊ ယခုအဝယ်လိုက်နေသော ရွှေဖလားကြက်သွန်သည်လည်း မနှစ်ကကဲ့သို့ပင် တစ်ပိဿာ ငွေကျပ် ၈၀၀ ဖြင့်ပင် ရာသီကုန်နိုင်ကြောင်း အသက် ၅၈ နှစ်ရှိ ရှောက်ချိုရွာသားဦးအုန်းမောင်က ပြောပြသည်။ **(၁၆၄)**

ကျေးဇူးဆပ်ပါမည်

နေပြည်တော်၊ ပျဉ်းမနားမြို့ တစ်ဝိုက်တွင် ရွှေမိုးတံခွန် ကုမ္ပဏီလက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူအား အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပို့ပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၉၃၄၆၂၆၂**

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား CIF(Yangon) နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

Tender No.- 01-No(1) HIE/2013-2014/CP

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Components Parts for City Bus (43 Seats)	50 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၁-၅-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၄-၆-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ ဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦးခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	(က) ခွဲကျောက်မျိုးစုံ	၄၂၆၂ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၁၃း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညောင်ဦးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၂၁-၅-၂၀၁၃ရက် မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	မြစ်သဲ	၆၁၄ ကျင်း
(ခ)	ခွဲကျောက်မျိုးစုံ	၂၇၅၀ ကျင်း
(ဂ)	ဂျင်းမြေ/ကျောက်ရောမြေ	၇၁၈ ကျင်း
(ဃ)	ဘိလပ်မြေ	၅၅၇ တန်
(င)	ဘဲစားမြက်	၃၅၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၃၀-၅-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂၀-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ပြင်ဦးလွင်၊ မြို့နယ်အင်ဂျင်နီယာရုံး၊ မတ္တရာ၊ စဥ့်ကူး၊ သပိတ်ကျင်း၊ မိုးကုတ်။

ဖုန်း-၀၈၅-၂၂၀၄၃၊ ၀၂-၆၀၂၇၃၊ ၀၂-၇၉၀၁၃၊ ၀၈၆-၃၉၂၆၃၊ ၀၈၆-၃၀၁၃၇၊ ၀၉-၆၅၃၈၄၃၂၊
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
ပြပွဲလုပ်ငန်းသုံးပစ္စည်းများအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃ ခုနှစ် ဇွန်လ၌ကျင်းပပြုလုပ်မည့် (၅၀)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

- (က) လုံခြုံရေးလုပ်ငန်းသုံးပစ္စည်း
  - (၁) X-rays Machine (၁) မျိုး
  - (၂) Metal detector (၁) မျိုး
  - (၃) Walk through (၁) မျိုး
- (ခ) စာရေးကိရိယာနှင့် ကွန်ပျူတာသုံးပစ္စည်း
  - (၁) ကွန်ပျူတာဆက်စပ်ပစ္စည်း (၁၇) မျိုး
  - (၂) စက္ကူ၊ စာရေးကိရိယာ (၈၃) မျိုး
  - (၃) ဝင်ခွင့်ကတ်ထည့်ရန် အိတ်၊ ကြိုး (၁) မျိုး
- (ဂ) ပြပွဲသုံးပုံစံ၊ ကတ်တလောက်နှင့် ဗွီနိုင်းဓာတ်ပုံ ပိုစတာရိုက်နှိပ်ခြင်း
  - (၁) ပြပွဲသုံးပုံစံ/ကတ်တလောက်စာအုပ်ရိုက်နှိပ်ခြင်း (၄) မျိုး
  - (၂) စက္ကူလက်ဆွဲအိတ်ပြုလုပ်ရိုက်နှိပ်ခြင်း (၁) မျိုး
  - (၃) လက်ကမ်းစာစောင်ရိုက်နှိပ်ခြင်း (၁) မျိုး
  - (၄) ဗွီနိုင်းဓာတ်ပုံပိုစတာရိုက်နှိပ်ခြင်း (၁) မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၀-၅-၂၀၁၃ ရက်မှ ၂၃-၅-၂၀၁၃ ရက်အထိ

၃။ **တင်ဒါထုတ်ယူရမည့်နေရာ** - စီမံရေးရာလုပ်ငန်းကော်မတီ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်

၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်

၅။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၅-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀ နာရီ (သတ်မှတ်ကာလကျော်လွန်တင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၆။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၇-၅-၂၀၁၃ ရက် မွန်းလွဲ ၁၂း၃၀ နာရီ

၇။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးရာလုပ်ငန်းကော်မတီ
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၆၆၇

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၂၂၄ နေ ကျွန်တော်မောင်မင်းဇော်ဦး ၁၂/ဆကခ(နိုင်)၀၁၆၀၈၈နှင့် မခင်သန္တာဦး ၁၂/သဃက(နိုင်) ၁၄၅၆၈၈ (မြန်မာနိုင်ငံဗဟိုဘဏ်)တို့သည် ၁၈-၂-၂၀၁၀ရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ လက်မှတ်ထိုးထားပြီး ကျွန်တော်၏တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မောင်မင်းဇော်ဦး ၁၂/ဆကခ(နိုင်)၀၁၆၀၈၈**

ဂိလာနဘိုးဘွားများအား နွေးထွေးသောလက်များဖြင့် ဖေးမကူညီစေလို

ယခင်ကခိုကိုးရာမဲ့သည့် သက်ကြီးရွယ်အိုများအား ထိန်းသိမ်းစောင့်ရှောက်ပေးသည့်နေရာကို လူအိုရုံဟုခေါ်ဆိုကြသည်။ ယခုတော့ ဘိုးဘွားရိပ်သာ၊ အဆိုပါအခေါ်အဝေါ်ထဲတွင် "ဂိလာန" ဟူသောစကားရပ် ပါဝင်လာသဖြင့် ထူးခြားလှသည်။ အနယ်နယ်အရပ်ရပ်တွင် အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့ဖြစ်နေသည့် အဘိုးအဘွားများကို လူမျိုးဘာသာမရွေး ပြုစုစောင့်ရှောက်ကုသိုလ်ယူနေကြသည့် လူမှုရေးအသင်းအဖွဲ့များစွာ ရှိနေကြပေသည်။ ဘိုးဘွားရိပ်သာတွင် ခိုလှုံနားနေခွင့်ရရှိမည့် စည်းကမ်းသတ်မှတ်ချက်များတွင် စတင်လက်ခံချိန်၌ ကျန်းမာရေးကောင်းမွန်ပြီး သွားလာလှုပ်ရှားနိုင်ကာ ကျင်ကြီးကျင်ငယ်စွန့်ရာတွင် မိမိဘာသာဆောင်ရွက်နိုင်သူဖြစ်ရမည်ဟူသော သတ်မှတ်ချက်လည်းပါဝင်နေကြသည်။ အချို့ဆိုလျှင် ဆရာဝန်နှင့်စစ်ဆေးပြီးမှ လက်ခံခွင့်ပြုကြသည်။

အမည်က "ဆည်းဆာရိပ်ဂိလာနဘိုးဘွားများရိပ်သာ"၊ တည်ရှိနေရာက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၂)ရပ်ကွက် မဟောသဓလမ်းတွင်ရှိသည်။ ဂိလာနဘိုးဘွားများ

ဒေါ်ခင်မမ (ရိပ်သာဒုတိယဥက္ကဋ္ဌ)

ရိပ်သာအရောက်တွင် ရိပ်သာ၏ဒုတိယဥက္ကဋ္ဌတာဝန်ယူထားသူ ဒေါ်ခင်မမ (တရားလွှတ်တော်ရှေ့နေ) နှင့်တွေ့ဆုံကာ သိလိုသည်များကိုမေးမြန်းစေ့ငုမိသည်။ "အဓိကရည်ရွယ်ချက်က အသက်အရွယ်အိုမင်း ကျန်းမာရေးချို့တဲ့ပြီး ခိုကိုးရာမဲ့နေတဲ့အဘိုးအဘွားတွေကို မိသားစုပုံစံနဲ့ ကြင်နာယုယမှုပေးဖို့ပဲဖြစ်ပါတယ်။ ဒီလုပ်ငန်းစတင်ပေါ်ပေါက်လာရတာကတော့ အခုရိပ်သာရဲ့ဥက္ကဋ္ဌတာဝန်ယူထားတဲ့ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က စတင်လိုက်တာပါ။ နာရေးကူညီမှုအသင်း (ရန်ကုန်)မှာ တာဝန်ထမ်းဆောင်နေစဉ်က ကျန်းမာရေးချို့တဲ့ပြီး ဂိလာနဖြစ်နေတဲ့ ခိုကိုးရာမဲ့အဘိုးအဘွားတွေ တွေ့မြင်ခဲ့ရပါတယ်။ ဘိုးဘွားရိပ်သာတွေကလည်း ဂိလာနဖြစ်နေလို့ သတ်မှတ်ဘောင်မဝင်လို့ လက်မခံနိုင်ကြဘူးလေ။ အဲဒီကျန်းမာရေးချို့တဲ့တဲ့ ဂိလာနဖြစ်နေတဲ့ ခိုကိုးရာမဲ့ဘိုးဘွားတွေကိုချည်း သက်သက်ကူညီစောင့်ရှောက်ပေးကြမယ်ဆိုပြီး စိတ်တူသဘောတူ မိတ်ဆွေသူငယ်ချင်းတွေ စုပေါင်းတိုင်ပင်ပြီး စုဆောင်းရရှိတဲ့ငွေကြေးနဲ့ ပေ(၄၀ ×၆၀) မြေသုံးကွက်ဝယ်ပြီး တစ်ထပ်အဆောက်အအုံလေး ဆောက်ကြတာက စတာပါပဲ။ ကလျာမဂ္ဂဇင်းမှာ စာရေးဆရာမသန်းမြင့်အောင်ရဲ့ "တွယ်ရာမဲ့ ရှင်သန်ကျန်ရစ်သူများ" ဆိုတဲ့ဆောင်းပါး ဖော်ပြပြီးနောက်ပိုင်း အလှူရှင်တွေက တစ်ဦးပြီးတစ်ဦးပေါ်ပေါက်လာခဲ့ပြီး ၂၀၁၀ ခုနှစ် ဧပြီ ၅ ရက်မှာ ကျန်းမာရေးချို့တဲ့နေတဲ့ အဘိုးအဘွားရှစ်ဦးနဲ့ ဆည်းဆာရိပ်သာ ဂိလာနဘိုးဘွားရိပ်သာကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အနုပညာရှင်များကလည်း ဆည်းဆာအလှ ဖန်တီးကြသူများဆိုပြီး ကန်တော်ကြီးမျှော်စင်ကျွန်းမှာ ရန်ပုံငွေပွဲပြုလုပ်လှူဒါန်းခဲ့ပါတယ်။ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကကလည်း လှူဒါန်းပါတယ်။ အခုတော့ အလှူရှင်တွေရဲ့ ဒါနနဲ့ ဧကဝက်ကျော်ရှိတဲ့ မြေပေါ်မှာ ပထမဆုံးစတင်ဆောက်လုပ်ခဲ့တဲ့ မြေညီဆောင်အပြင် နှစ်ထပ်ဆောင်၊ သုံးထပ်ဆောင်တွေကိုလည်း ဆောက်လုပ်ပြီးပါပြီ။ Sky Net ၊ 5Plus ၊ MRTV-4 နဲ့ မြဝတီတို့ကလည်း သတင်းမှတ်တမ်းတွေကို ရိုက်ကူးထုတ်လွှင့်ပေးပြီး ဒါနကုသိုလ်ပြုကြပါတယ်။ အခုဆို ဆည်းဆာရိပ်သာ ဂိလာနဘိုးဘွားရိပ်သာက သုံးနှစ်သက်တမ်းပြည့်ခဲ့ပြီး အဘိုး ၂၂ ဦး၊ အဘွား ၃၆ ဦးရှိနေပါပြီ။ အဆောက်အအုံတိုးချဲ့တာမပြီးသေးလို့ စာရင်းပေးစောင့်ဆိုင်းနေတဲ့ အဘိုးအဘွား ၂၂ ဦးလည်း ရှိနေပါတယ်။ အခုသုံးထပ်ဆောင်ပြီးသွားပြီမို့ သတ်မှတ်စည်းကမ်းချက်နဲ့ ကိုက်ညီရင်သွားရောက်ခေါ်ဆောင်လက်ခံတော့မှာပါ။ ရိပ်သာရောက်ပြီးမှ ကွယ်လွန်သွားတဲ့ အဘိုးအဘွားက ၂၃ ဦးရှိပါတယ်" ဟု ရိပ်သာဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မမက မေးသမျှကို ရှင်းပြသည်။

ဂိလာနဘိုးဘွားများဖြစ်၍ အိပ်ရာခုတင်ပေါ်တွင် စားပွဲတင်၍ အာဟာရကျွေးမွေးစဉ်။

သတင်းနှင့်ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

အဘိုးအဘွားများအား လိုက်လံကြည့်ရှုရာ ထူထူထောင်ထောင်ဖြင့် ထိုင်နိုင်၊ ထနိုင်သော အဘိုးအဘွားအချို့ကို တွေ့မြင်ရသည်။ "အဲဒီအဘိုးအဘွားတွေကို စတင်လက်ခံတဲ့အချိန်က အစားမစားနိုင်တဲ့သူ၊ လမ်းမလျှောက်နိုင်တဲ့သူ၊ အိပ်ရာထဲမထနိုင်တဲ့သူ၊ ကျင်ကြီးကျင်ငယ်စွန့်တာတောင်မသိတဲ့သူတွေ၊ တကယ့်ဂိလာနတွေဖြစ်ပါတယ်။ အခုဒီရိပ်သာရောက်ပြီး ဆရာဝန်နဲ့ ဆေးကုသပေးတယ်။ လိုအပ်ရင် ဆေးရုံတင်ကုသပေးတယ်။ အဲဒါကြောင့် အခုလိုတွေ့ရတာဖြစ်ပါတယ်"ဟု အတွင်းရေးမှူးကပြောသည်။

ကုသိုလ်ကံကောင်းသည့် အဘိုးအဘွားများအဖို့ ဘဝနေဝင်ချိန်အထိ မပူမပင်အေးချမ်းစွာနေထိုင်သွားနိုင်ကြသော်လည်း ကုသိုလ်ကံအကြောင်းမလှသည့် အဘိုးအဘွားများမှာမူ ဘဝနေဝင်ချိန်မရောက်ခင် ပင်ပန်းဆင်းရဲကြီးစွာ ဘဝကိုကျော်ဖြတ်နေရသည့်အထဲ ကျန်းမာရေးချို့တဲ့သည့် ဂိလာနအဘိုးအဘွားများဆိုလျှင် ပို၍ပင် ဆင်းရဲပင်ပန်းနွမ်းနယ်ရခြင်းကြောင့် ခိုကိုးရာမဲ့နေကြသော ဂိလာနဘိုးဘွားများအတွက် ရှင်သန်နေသည့် ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာကို နွေးထွေးသောလက်များဖြင့် ဖေးမကူညီကြစေလိုပါကြောင်း။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သိန်း ၁၀၀ ကျော်တန် ကျောက်စိမ်းရွှေလက်စွပ် ခိုးယူသူ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့

နေပြည်တော် မေ ၁၉

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာတိုက်ခန်းမှ ပျောက်ဆုံးသွားသော ကျပ်သိန်း ၁၀၀ ကျော်တန် ကျောက်စိမ်းရွှေလက်စွပ်ကို ရဲတပ်ဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဖော်ထုတ်ဖမ်းဆီးရမိပြီး ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ ဦးမျိုးဇော်ဦး၊ တိုက်အမှတ်. . . မှ ဧပြီ ၂၇ ရက် ည ၁၀ နာရီခန့်က အိပ်ခန်းအတွင်းရှိ စားပွဲခုံပေါ်တွင်ထားရှိသော တန်ဖိုးငွေကျပ်သိန်း ၁၀၀ ကျော်တန်သည့် ကျောက်စိမ်းရွှေလက်စွပ်တစ်ကွင်း ပျောက်ဆုံးသွားသဖြင့် အမှတ် (၅) နယ်မြေရဲစခန်းတွင် လာရောက်တိုင်တန်းရာ ရဲစခန်းမှ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး နေပြည်တော်ရဲတပ်ဖွဲ့၊ တိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင်၏ ညွှန်ကြားချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီဝင်းက ကြီးကြပ်၍ စခန်းမှူးရဲအုပ်နေမျိုးသူရိန်၊ အမှုစစ်ဒုရဲအုပ်ခင်မောင်ရီတို့က နယ်မြေအတွင်း အချိန်နှင့်တစ်ပြေးညီ စုံစမ်းမှုများပြုလုပ်ကာ ပျောက်ဆုံးသူ၏အိမ်သို့ ဝင်ထွက်သူများကိုစိစစ်ရာ ယင်းအိမ်တွင် အကူလုပ်ကိုင်သော မစပယ်(ခ)ရီရီဝင်း (၂၈ နှစ်)နှင့် အောင်မျိုးခိုင်(ခ)နဂါး(ခ)လပြည့်(၂၂ နှစ်)တို့သည် ယင်းအိမ်မှ ထွက်ပြေးသွားသောကြောင့် ၎င်းတို့နေထိုင်သော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်သို့ ခြေရာခံပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှခင်းအကူဌာနစိတ်မှ ဒုရဲမှူး အောင်မြတ်ထွန်းအဖွဲ့နှင့်အတူ ပူးပေါင်းဖမ်းဆီးခဲ့ရာ မစပယ်(ခ)ရီရီဝင်းနှင့် အောင်မျိုးခိုင်**(အောက်ပုံ)**တို့ကို အမှတ် (၅) ဗိုလ်ချုပ်လမ်း လှိုင်သာယာမြို့နယ်၌ မေ ၁၇ ရက်က ဖမ်းဆီးရမိခဲ့ပြီးမေးမြန်းရာပျောက်ဆုံးသွားသော သက်သေခံပစ္စည်း ကျောက်စိမ်းရွှေလက်စွပ်ကို ပျဉ်းမနားမြို့ အမှတ်(၁)ဈေးအနီး ဗိုလ်တောက်ထိန်လမ်းရှိ ရွှေဆိုင်တစ်ဆိုင်တွင် ရောင်းချခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ၎င်းရွှေဆိုင်သို့ သွားရောက်သိမ်းဆည်းပြီး မေ ၁၈ ရက် ညနေ ၅ နာရီက ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်၊ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်းသည် ၁၀-၄-၂၀၁၂ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်-ပထမဆု)ကို ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ KBZ Group of Companies (ကမ္ဘောဇကုမ္ပဏီများအုပ်စု) အား ၃-၄-၂၀၁၂ ရက်တွင် Best Corporate Governance in Myanmar For 2012 ဆုကို ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးဝင်းတင့်-မစိမ်းလီ
ကြယ်စင်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (တောင်ကြီးမြို့)

နိုင်ငံတကာအားကစား

အဝေးကွင်းအသင်းတွေ နိုင်ပွဲရခဲ့တဲ့ လာလီဂါပွဲများ

စပိန်လာလီဂါပွဲစဉ်တွေကို မေ ၁၈ ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ ဗလင်စီယာက ဂီတာဖေးကို အနိုင်ကစားခဲ့လို့ တန်းစီဇယားမှာ နေရာတည်မြဲနေပါတယ်။ ဒါ့အပြင် တန်းစီဇယား စတုတ္ထနေရာက ရီးရဲဆိုစီဒက်တို့ကလည်း ဆီဗီလာကို အဝေးကွင်းမှာ အနိုင်ယူခဲ့တာမို့ တန်းစီဇယား စတုတ္ထနေရာမှာ ရှိနေဆဲပါပဲ။

ဂီတာဖေး ၀-၁ ဗလင်စီယာ

ဗလင်စီယာဟာ အမှတ်လိုအပ်နေတာမို့ အဝေးကွင်းမှာ ဂီတာဖေးကို အနိုင်ရအောင်ခက်ခဲစွာ ကစားခဲ့ရပါတယ်။ အိမ်ရှင်ဂီတာဖေးတို့က အပေးအယူ အချိတ်အဆက်မိမိနဲ့ ကစားနိုင်တာမို့ ဗလင်စီယာတို့ ဂိုးသွင်းယူနိုင်ရေးခက်ခဲခဲ့ပါတယ်။ ပွဲချိန် ၄၄ မိနစ်ရောက်မှသာ ဗလင်စီယာရဲ့ မက်သရူးက ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဂီတာဖေးတို့ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် ဗာလီရာနဲ့လာဖီကာတို့သာ အဝါကတ်အပြခံခဲ့ရပြီး ဂိုးမသွင်းယူနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ ဗလင်စီယာက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဂရင်နာဒါ ၃-၀ အိုဆာဆူနာ

ဂရင်နာဒါတို့ အိမ်ကွင်းမှာ အဖိုးတန်သုံးမှတ် ရရှိခြင်းဖြစ်ပါတယ်။ ဂရင်နာဒါရဲ့ အဖွင့်ဂိုးကို ပွဲချိန် ၂၃ မိနစ်မှာ အာရာဘီက သွင်းယူခဲ့ပြီး ပထမပိုင်းပွဲချိန်ပြီးတဲ့အထိ အဲဒီဂိုးနဲ့ပဲ ဦးဆောင်နိုင်နေခဲ့ပါတယ်။ ပွဲချိန် ၇၉ မိနစ်မှာ အိုဆာဆူနာရဲ့ နာနိုအနီကတ်ပြအထုတ်ခံခဲ့ရလို့ ၁၀ ဦးတည်းနဲ့ ကစားခဲ့ရပါတယ်။ ပွဲချိန်မိနစ် ၈၀ မှာ ဂရင်နာဒါတို့ ပယ်နယ်တီရရှိပြီး ဆီကွီရာ ကန်သွင်းယူခဲ့တာကြောင့် ဂိုးရရှိခဲ့ပါတယ်။ ဆက်လက်ပြီး ပွဲချိန်မိနစ် ၉၀ မှာ ရန်ဒီက တစ်ဂိုးသွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ ဂရန်နာဒါတို့က သုံးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဆီဗီလာ ၁-၂ ရီးရဲဆိုစီဒက်

ဆီဗီလာအသင်းဟာ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့တာမို့ ပွဲချိန် ၁၀ မိနစ်မှာ ရာကစ်တစ်က ဂိုးစတင်သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၁၆ မိနစ်မှာ ရာကစ်တစ် ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားတာမို့ ရီးရဲဆိုစီဒက်တို့ လက်ဆောင်ဂိုးရရှိသွားခဲ့ပါတယ်။ ဆက်လက်ပြီး ရီးရဲဆိုစီဒက်တို့ ဂိုးဆက်လက်သွင်းယူနိုင်ရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၂၄ မိနစ်မှာ အဂတ်ဆီက တစ်ဂိုးသွင်းယူခဲ့တာကြောင့် ရီးရဲဆိုစီဒက်တို့ နှစ်ဂိုးရရှိခဲ့ပါတယ်။

ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ ဆီဗီလာတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် ၅၈ မိနစ်မှာ ဆီဗီလာရဲ့ ရီယက်စ် အနီကတ်တိုက်ရိုက်ပြအထုတ်ခံခဲ့ရတာမို့ ဆီဗီလာတို့ ကစားကွက် ယိမ်းယိုင်သွားခဲ့ပါတယ်။

ပွဲချိန်ပြည့်တဲ့အထိ နှစ်သင်းစလုံး ဂိုးဆက်လက်မသွင်းနိုင်တာကြောင့် ပွဲအပြီးမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်-ရေးသည်

ဖာဒီနန်အား မန်ယူထပ်မံစာချုပ်မည်

မန်ယူနောက်တန်းကစားသမား ဖာဒီနန်သည် ယခုသီတင်းပတ်တွင် မန်ယူနှင့် တစ်နှစ်စာချုပ် ထပ်မံချုပ်ဆိုမည်ဟု ဆိုသည်။ မန်ယူနည်းပြဖြစ်မည့် ဒေးဗစ်မိုယက်စ်၏ သဘောတူညီချက်ဖြင့် ဖာဒီနန်အား တစ်နှစ် စာချုပ်မည်ဟု ဆိုသည်။ ၎င်း၏စာချုပ်သည် လာမည့်လတွင်ကုန်ဆုံးတော့မည်ဖြစ်သည်။ ၎င်းသည် မေ ၁၅ ရက်က နိုင်ငံတကာဘောလုံးကစားခြင်းမှ အနားယူလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ဗဟိုခံစစ်မှူး ဖာဒီနန်သည် ယခုနှစ်ရာသီတွင် မန်ယူနှင့်အတူ ခြောက်လုံးမြောက် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်နိုင်ပွဲရ

ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက် ဘိုင်ယန်မြူးနစ်အသင်းသည် မွန်ချန်ဂလက်ဘတ်နှင့် မေ ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်က လေးဂိုး-သုံးဂိုးဖြင့် နိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲစပြီး ၁၀ မိနစ်အတွင်းမှာပင် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ဘွန်ဒက်စ်လီဂါချန်ပီယံ အနိုင်ဂိုးကို ရစ်ဘာရီ ဖန်တီးပေးလိုက်သော ဘောလုံးကို ရော်ဘင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်တို့သည် လာမည့် မေ ၂၅ ရက်တွင် ဝင်ဘလေကွင်းကြီး၌ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကောင်းမြတ်သူ - စုစည်းသည်

စီးရီးအေရာသီကုန်နောက်ဆုံးပွဲ ဂျူဗင်တပ်စ်တို့ ရှုံးပွဲကြုံတွေ့

ရောမ မေ ၁၉

အီတလီစီးရီးအေ ပွဲစဉ် ၃၈ ကို မေ ၁၈ ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ ဒီနှစ်စီးရီးအေဖလားရယူထားတဲ့ ဂျူဗင်တပ်စ်တို့ အဝေးကွင်းမှာ ရှုံးပွဲကြုံပြီး ဒီနှစ်စီးရီးအေ ဘောလုံးရာသီကို ကန့်လန့်ကာချခဲ့ပြီဖြစ်ပါတယ်။

အဖွင့်ဂိုး

ဆမ့်ဒိုးရီးယားအသင်းဟာ အိမ်ရှင်ဖြစ်တာနဲ့အညီ ဂျူဗင်တပ်စ်ကို မာမာတင်းတင်းတုံ့ပြန်ကစားခဲ့ပါတယ်။ ဂျူဗင်တပ်စ်တို့ဟာ ပွဲစတင်ကတည်းက ဂိုးရရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၂၅ မိနစ်မှာ ဂွါဂလီရီလာက ဂျူဗင်တပ်စ်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

ချေပဂိုး

ဒါပေမယ့် ပွဲချိန် ၃၁ မိနစ်မှာ ဆမ့်ဒိုးရီးယားတို့ ပယ်နယ်တီရရှိခဲ့ပြီး အဲဒီပယ်နယ်တီကို မာတင်က ကန်သွင်းယူခဲ့လို့ ချေပဂိုးရရှိသွားခဲ့ပါတယ်။ ပထမပိုင်းပွဲချိန်အတွင်းမှာ နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်တာမို့ တစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။

ဒုတိယပိုင်းပွဲချိန် ၅၇ မိနစ်မှာ ဆမ့်ဒိုးရီးယားအတွက် ဆီးလ်ဗက်တရီက တစ်ဂိုးသွင်းယူခဲ့တာမို့ ဆမ့်ဒိုးရီးယားတို့ နှစ်ဂိုးရရှိခဲ့ပါတယ်။ ဂျူဗင်တပ်စ်ဟာ ချေပဂိုးရရှိဖို့ ကြိုးစားပေမယ့် ပွဲချိန် ၇၅ မိနစ်မှာ အိုင်ယာဒီက တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ဆမ့်ဒိုးရီးယားတို့ သုံးဂိုးရရှိခဲ့ပါတယ်။

ရှုံးပွဲကြုံ

ဂျူဗင်တပ်စ်တိုက်စစ်မှူးတွေဟာ အလွဲလွဲအချော်ချော်ဖြစ်နေပြီး အဆုံးသတ်မသေချာမှုတွေကြောင့် ဂိုးမသွင်းနိုင်ဘဲ ဖြစ်နေရာက ပွဲချိန်မိနစ် ၉၀ မှာ ချီရီနိုက ဂိုးသွင်းယူနိုင်ခဲ့တာမို့ ချေပဂိုးတစ်ဂိုးရရှိပြီး ပွဲအပြီးမှာ ဂျူဗင်တပ်စ်က နှစ်ဂိုး၊ ဆမ့်ဒိုးရီးယားက သုံးဂိုးနဲ့ ဂျူဗင်တပ်စ်တို့ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။

ဂျူဗင်တပ်စ်ဟာ ရာသီကုန် နောက်ဆုံးလက်ကျန်ပွဲမှာ ရှုံးပွဲကြုံခဲ့ရပေမယ့် ၃၈ ပွဲကစား၊ ၂၇ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ငါးပွဲရှုံးနဲ့ စုစုပေါင်း ၈၇ မှတ်ရပြီး ဒီနှစ်စီးရီးအေပွဲစဉ်ကို ကန့်လန့်ကာချခဲ့ခြင်းဖြစ်ပါတယ်။

အာကာဟိန်း-ရေးသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ချယ်လ်ဆီးနည်းပြအဖြစ် တစ်ကျော့ပြန်ဖြစ်လာမည့် မော်ရင်ဟိုက ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုကိုခေါ်ယူရန် စီစဉ်မည်ဖြစ်သည်။
- အာဆင်နယ်အသင်းသည် အသက် ၃၃ နှစ် အရွယ်ရှိ ကျူပီအာဂိုးသမား ဆီဆာကို ခေါ်ယူနိုင်ရေးကြိုးစားလျက်ရှိသည်။
- ဘာစီလိုနာအသင်းသည် လီဗာပူး၌ ကစားနေသော စပိန်ဂိုးသမား ရေးနာကို စာချုပ်ရန် ပြင်ဆင်နေပြီဖြစ်သည်။
- အီတလီကလပ် ဖီအိုရင်တီးနားအသင်းသည် အသက် ၂၉ နှစ်အရွယ်ရှိ ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်ကို ခေါ်ယူနိုင်ရေးကြိုးစားလျက်ရှိသည်။
- အသက် ၂၁ နှစ်အရွယ်ရှိ ဗီလာတိုက်စစ်မှူး ဝေမန်းကို စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဗီလာက စီစဉ်နေသည်။
- မန်စီးတီးအသင်းသည် တိုက်စစ်မှူး ဒီဇီကို အသင်းပြောင်းရွှေ့ ခွင့်ပြုမည်မဟုတ်ကြောင်း ငြင်းဆိုထားသည်။
- မန်ယူနည်းပြဖြစ်လာတော့မည့် ဒေးဗစ်မိုယက်စ်က အဲဗာတန်မှ အသက် ၁၉ နှစ်အရွယ် ကွင်းလယ်ကစားသမား ဘက်လေကို ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- အသက် ၃၅ နှစ်အရွယ်ရှိ လီဗာပူးနောက်ခံကစားသမား ကာရက်ဂါက ကစားသမားဘဝမှအနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်စီးတီးနည်းပြဟောင်းမန်ချီနီက မိမိသည် အီတလီကလပ်အသင်းများအား နည်းပြအဖြစ်ကိုင်တွယ်လိုစိတ်မရှိသေးကြောင်း ထုတ်ဖော်ပြောကြားသည်။
- အသက် ၂၃ နှစ်အရွယ်ရှိ ဖီအိုရင်တီးနား တိုက်စစ်မှူး ဂျိုဗီတစ် အာဆင်နယ်သို့ ပြောင်းရွှေ့မည်ဖြစ်သည်။
- မန်ယူတိုက်စစ်မှူး ရွန်းနေအား အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။



အကြောင်းကြားပေးပါရန်

မောင်အောင်ဇော်ဦး(ဘ)ဦးခင်မောင်ရင်၏ PP အမှတ် A-038951/22-8-07 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၁၅၉၆

မွေးနေ့ဆုတောင်း

၂၀၁၃ ခုနှစ် မေလ ၁၉ ရက်တွင် ကျရောက်သော ကိုထင်လင်းအောင်၏ နှစ်(၂၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဘဝတစ်လျှောက်လုံး ချစ်သောသူနှင့်အတူ လက်တွဲသွားနိုင်ပါစေ။

မေ

လုပ်ငန်းအသုံးပြုနိုင်သော မြေကွက်ငှားမည်

သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏအပိုင်၊ သံသုမာလမ်းမကြီးပေါ်ရှိ ပေ(၁၃၀×၂၆၀) အကျယ်အဝန်းရှိသော မြေကွက်၊ ထောင့်ကွက်၊ မျက်နှာစာနှစ်ဖက်၊ 315 KVA ကိုယ်ပိုင်ထရန်စဖော်မာ၊ ပေ(၂၅×၁၀၀)ရှိ တစ်ထပ်အဆောက်အအုံတစ်လုံး၊ ရေ စည်ပင်-အဝီစိတွင်း၊ အုတ်ခြံစည်းရိုးလေးဖက်ကာရံပြီး။ **စုံစမ်းရန်ဖုန်း-၀၉-၇၃၁၁၈၀၉၉ (ရုံးချိန်အတွင်း)၊ ၀၉-၅၁၃၈၃၅၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဒုတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေး

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ ဒုတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေးကို ၁-၆-၂၀၁၃ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဗဟိုဦးစီးအဖွဲ့ဝင်များအား မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

ပြည်တွင်းသတင်း

မြို့နယ်အဆင့် ကလေးဗဟိုပြုချဉ်းကပ်နည်း ဆင့်ပွားသင်တန်း ကလေးမြို့တွင် ဖွင့်လှစ်

ကလေး မေ ၁၉

မြန်မာနိုင်ငံ၏ပညာရေးကို ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရည်ရွယ်လျက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်ကို ခံယူကာ ကလေးဗဟိုပြုချဉ်းကပ်နည်းသင်တန်းကို မေ ၁၂ ရက်မှ ၂၂ ရက်အထိ ကလေးမြို့ အထက (၁) နှင့် အထက(၂)တို့တွင် ဖွင့်လှစ်ပို့ချရာ မြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း ၁၈၆ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၃ ကျောင်းမှ မူအုပ်နှင့် မူပြကျောင်းဆရာ ဆရာမ စုစုပေါင်း ၁၀၄၉ ဦး တက်ရောက်ကြသည်။

သင်တန်းနည်းပြများအဖြစ် မုံရွာမြို့တွင် တိုင်းဒေသကြီး အဆင့်ကိုယ်စားပြုနည်းပြများအဖြစ် ဧပြီ ၂၃ ရက်မှ မေ ၅ ရက်အထိ တက်ရောက်ခဲ့ကြသော ကလေးမြို့နယ်မှ သင်တန်းနည်းပြ ၇၁ ဦးတို့က ဆင့်ပွားအဖြစ် ပြန်လည်ပို့ချပေးခဲ့ကြခြင်းဖြစ်သည်။

ယခင်ခေတ်အချိန်များက(TCA) ခေါ် ဆရာဗဟိုပြုချဉ်းကပ်နည်းအဖြစ် ပညာရေးကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုမရရှိခဲ့သောကြောင့် ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများ၏ ပညာရေးကို အတုယူကာ (CCA) ခေါ် ကလေးဗဟိုပြုချဉ်းကပ်နည်းအဖြစ် ပညာရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သင်တန်းနည်းပြတစ်ဦးက ရှင်းပြသည်။

အဆိုပါ နည်းစနစ်၏ အခြေခံမှာ စာသင်ခန်းထဲတွင် ဆရာမ သင်ခန်းစာပို့ချနေစဉ် ကျောင်းသားကျောင်းသူတို့၏ ပြန်လည်တင်ပြဆွေးနွေးချက်ကို လက်ခံ၍ အမှားအမှန်ကို ဆရာနှင့်တပည့်က ပြန်လည် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား၏ တင်ပြချက်ကို ဆရာကမှားသည်ဟု လုံးဝယတိပြတ် ပြော၍ မရကြောင်း၊ ပြန်လည်ဆွေး နွေးမှုအခြေခံကာသာ အမှန်ဖြစ်သည့် နည်းစနစ်ဖြစ်ကြောင်း ရှင်းပြသည်။

ကလေးမြို့နယ် အမက(၃) ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်ကရှင်းပြရာတွင်"(CCA)အောင်မြင်ရင် ကျူရှင်ပျောက်မယ်။ ကျူရှင်ပျောက်အောင်ရည်ရွယ်ပြီး နိုင်ငံတော်က အကုန်အကျခံပြီး သင်တန်းဖွင့်ခြင်းဖြစ်ပါတယ်။ ကျူရှင်ရှိနေသရွေ့ (CCA) ဘယ်တော့မှမအောင်မြင်နိုင်ဘဲ လစာမလောက်လို့ ကျူရှင်ဖွင့်တယ်ဆိုတဲ့အပြောကို လက်ခံလို့မရပါဘူး။ ကျောင်းဆရာဟာ ကျောင်းဆရာစိတ် မွေးရမယ်။ သူဌေးစိတ်မွေးနေသမျှ ပညာရေး လုံးဝမတိုးတက်ပါဘူး" ဟု ပြောကြားသည်။

ကလေးမြို့နယ်အတွင်း မည်သည့်ဆရာ ဆရာမမျှ ကျူရှင်မသင်ရဟူသော ဝန်ခံကတိကို မြို့နယ်ပညာရေးမှူးရုံးက လက်မှတ်ထိုးခိုင်းထားကြောင်းကိုလည်း သင်တန်းတက်ရောက်လာသော ဆရာမတစ်ဦးက ပြောကြားသည်။

အဆိုပါ ကလေးဗဟိုပြုချဉ်းကပ်နည်းသင်တန်းကို ယခုအခြေခံအဆင့်ပို့ချခြင်းဖြစ်ကြောင်း၊ အခြေခံအဆင့်အောင်မြင်လျှင် အလယ်အလတ်အဆင့်၊ ကျွမ်းကျင်အဆင့်ဟူ၍ ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သျှင်နေမင်း)

တရားမဝင်လမ်းကြောင်းမှ ဖမ်းဆီးရမိပစ္စည်းများ မီးရှို့ဖျက်ဆီး

မူဆယ် မေ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် လေယာဉ်ကွင်းဟောင်းအနီး၌ မေ ၁၇ ရက် နံနက် ၉ နာရီက တရားမဝင်သယ်ဆောင်သော ကုန်ပစ္စည်းများကို ကုန်သွယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည့်အဖွဲ့များပါဝင်သော Mobile Team အဖွဲ့က ဧပြီ ၁ ရက်မှ မေ ၁၃ ရက်အထိ ဖမ်းမိပြီး ဖျက်ဆီးရန်ဖြစ်သည့် တရုတ်နိုင်ငံလုပ် အေးခဲအမဲသားရေ အမျိုးမျိုး၊ စီးကရက်မျိုးစုံ၊ ပိုးသတ်ဆေးမျိုးစုံ၊ ဘီယာအမျိုးမျိုး၊ ဖဲထုပ်၊ နို့ဘူး၊ ရီမုကွန်ထရိုးပါ အရုပ်မျိုးစုံ၊ ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၅၆၀ ကျော်ကို အများပြည်သူများရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ "အခုကဖမ်းမိတဲ့ နေရာတွေကတော့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ ရှောင်ကွင်းလမ်းတွေကနေ ခိုးသွားကြတဲ့ကား၊ ဆိုင်ကယ်၊ ကယ်ရီတွေနဲ့ သယ်ဆောင်ကြတဲ့ပစ္စည်းတွေ များပါတယ်။ အဲ့ဒီပစ္စည်းအများစုတွေက အများပြည်သူသုံးစွဲဖို့ စားသုံးဖို့ မသင့်လျော်တဲ့ပစ္စည်းတွေ များပါတယ်" ဟု Mobile Teamအဖွဲ့ တာဝန်ရှိသူတစ်ဦးကလည်း ပြောကြားသည်။

သိန်းဇော် (ရွှေလီဦး)

နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးဆောင်ရွက်

မြင်းမူ မေ ၁၉

မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၅)စီမံချက်အရ မေ၁၅ရက်က မြင်းမူမြို့နယ် ငါးကင်းကျေးရွာတွင် ကွင်းဆင်း၍ နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။ မိုးပွင့်အဆင့်(၅)စီမံချက်ကာလအတွင်း အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈နှစ်)ပြည့်ပြီးသူ ၁၉၅ ဦးတို့အား နေ့ချင်းပြီးအခမဲ့ဆောင်ရွက်ပေးရာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးအရာရှိ ဦးညွန့်ဦးနှင့်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

မီး ဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	(က) ကျောက်ကြီး	၆၈၈၅ ကျင်း
	(ခ) ကျောက်သေးရွယ်စုံ	၇၁၀ ကျင်း
	(ဂ) ချောင်းသဲ	၆၃၃ ကျင်း
	တင်ဒါလျှောက်လွှာပိတ်ရက်	၃၁-၅-၂၀၁၃ရက်
	တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	ညနေ ၅ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၈-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၃-၄၀၀၀၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမည်	အရေအတွက်
1.	Canon Laser Printer (A_4) Model LBP -6000	၂လုံး
2.	Canon Color Printer (A_3) Model iX-6560	၂လုံး
3.	Digital Multifunction Copier (A_3) Model iR-2520	၂လုံး

၂။ ပစ္စည်းများ၏ Technical Specification များအား ၁၈-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇွန် ၂၅ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ အလက(ခွဲ)ချည်မျှင်ကျောင်း ဆဋ္ဌမတန်း(A)မှ မဖြူသဲနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၂) သတ္တမတန်း(B)မှ မကျော်ပပဖြိုး၏ဖခင်အမည်မှန်မှာ ဦးအောင်ဗိုလ်ဗိုလ်သော် ၉/ပဥလ(နိုင်)၀၀၈၉၁၉ ဖြစ်ပါကြောင်း။

ဦးအောင်ဗိုလ်ဗိုလ်သော်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာနအတွက်
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း
အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၁၃-၂၀၁၄)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့်အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါ အရေအတွက်များအတိုင်း(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၁။	ဖိုင်ဘာတိုင်ကီ ပေ(၄×၄×၄)(ပေါင်းလုံး)	(၂၀)လုံး
၂။	မြန်မာလက်နှိပ်စက်(၁၈")(Olympia)	(၅)လုံး
၃။	မိတ္တူကူးစက်(Canon IR2420)	(၅)လုံး
၄။	ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း Acer Aspire Mc60J(i3) 20Acer LED Monitor S200HLAbd UPS(Orient)	(၂၀)စုံ
၅။	ရောင်စုံပရင်တာ(Epson R230)	(၂)လုံး
၆။	ဖက်စ်(Canon L-170)	(၂)လုံး
၇။	Scaner Epson-V33	(၁၇)စုံ
၈။	Printer(CanonLBP-2900)	(၂၀)စုံ

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၅-၂၀၁၃ရက် နံနက် ၁၀း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

(၁) သစ်တောဦးစီးဌာန
-ရုံးအမှတ်(၃၉)နေပြည်တော်
ဖုန်း-၄၀၅၀၀၁

(၂) သစ်တောဦးစီးဌာန
-အနောက်ကြို့ကုန်း
-ဘုရင့်နောင်လမ်း၊အင်းစိန်
ဖုန်း-၆၄၄၂၀၈

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဖြတ်ခရိုင်၊ မိုင်းယောင်းမြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	(က) **ခွဲကျောက်မျိုးစုံ**	၄၃၃၆ ကျင်း
	(ခ) **သစ်ရွယ်စုံ**	၃၃ တန်
	(ဂ) **သဲ**	၄၂၅ ကျင်း
	(ဃ) **ဘလောက်အုတ်**	၂၃၀၀၀ ချပ်
	တင်ဒါလျှောက်လွှာပိတ်ရက်	- ၂၅-၅-၂၀၁၃ ရက်
	တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	- ညနေ ၄ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဖော်ပြပါဌာနတွင် ၁၉-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်တွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း-၀၈၄-၆၃၃၀၉၊ ၀၈၄-၆၅၀၁၄၊ ၀၉-၈၃၀၁၃၅၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရမည်းသင်းခရိုင်မှ (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
	ပျော်ဘွယ်-နတ်မောက်လမ်း(မိုင် ၈/၄မှ ၁၅/၁အထိ)	
၁။	ခွဲကျောက်မျိုးစုံ	၁၁၃၂.၁၀ကျင်း
	ရေဝေသဖန်းချောင်းလမ်း(မိုင် ၁၅/၂မှ ၂၄/၇ အထိ)	
၂။	ခွဲကျောက်မျိုးစုံ	၅၃၉၄.၀၀ကျင်း
	တင်ဒါလျှောက်လွှာပိတ်ရက်	- ၂၉-၅-၂၀၁၃ရက်
	တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	- မွန်းလွဲ ၂း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ပျော်ဘွယ်မြို့နယ်၊ ဖုန်း-၀၆၄-၄၉၀၄၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းစခန်း၊ ဘီလပ်မြေစက်ရုံများနှင့် ရန်ကုန်စတိုတို့မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၃၁-၅-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

20-5 (15).pmd 1 5/18/2013, 8:52 PM

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အစိုးရဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲများ ကျင်းပပြီးစီး

ရန်ကုန် မေ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်အောင်ဆန်းအထက(၃)တွင် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မေ ၂ ရက်မှ ၁၀ အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပပြီး ရဟန်းတော် ၇၅၃ ပါးနှင့် သီလရှင် ၅၂ ပါး ပေါင်း ၈၀၅ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အောင်ဆန်းအထက(၃)တွင် အင်းစိန်မြို့နယ်၏ ပါဠိပထမပြန်စာမေးပွဲကို မေ ၈ ရက်မှ ၁၄ ရက်ထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပထမကြီးတန်းတွင် ခုနစ်ဘာသာ၊ပထမလတ်တန်းတွင် ခြောက်ဘာသာနှင့် ပထမငယ်တန်းတွင် ငါးဘာသာဖြေဆိုရပြီး ရဟန်းသာမဏေ ၆၀၉ ပါး၊ သီလရှင်၄၃ပါး စုစုပေါင်း ၆၅၂ ပါးတို့ ဖြေဆိုခဲ့ကြောင်း သိရသည်။

အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို မြို့နယ်သြဝါဒါစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယက ဆရာတော်များ ဓမ္မာစရိယစာမေးပွဲကြီးတွင် ဆရာတော်များနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးဆရာတော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပံ့ပိုးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) မြင့်ဦး(အင်းစိန်)

လားရှိုး မြို့လယ်ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဘဝနတ်ထံပျံလွန်

လားရှိုး မေ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာသည် ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် (မေ ၇ ရက်) နံနက် ၃ နာရီ ၄၅ မိနစ်က ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရပါသည်။

ချီးမြှင့်ခဲ့

ဆရာတော်ပျံလွန်တော်မူချိန်တွင် သက်တော် (၈၂) သိက္ခာတော် (၆၂) ဝါဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်မှ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ကို လည်းကောင်း ၂၀၀၁ ခုနှစ်တွင် နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်တို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မေ ၁၆ ရက်တွင် ဆရာတော်၏ ရုပ်ကလာပ်ကို စံကျောင်းတော်မဏ္ဍပ်သို့ ပင့်ဆောင်ခဲ့ပြီး မေ ၁၇ ရက်က ကရဝိက်ဖောင်တော်ဖြင့် လောင်တိုက်သို့ပင့်ဆောင် ပူဇော်ခဲ့ကြောင်း၊ ရွှေမန်းသူ အေးအေးမိုးက ဧယင်ကျူးကာ ပန်တျာဖြိုးဇာတ်သဘင် မင်းသမီးများက လေ့လှေ့ာ်ယိမ်းဖြင့် လောင်တိုက်သို့ ပင့်ဆောင်မည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။

မမ(လားရှိုး)

စက်ဘီး၊ ဆိုင်ကယ်များ ခိုးသူဖမ်း

ပဲခူး မေ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၏ ညွှန်ကြားမှု အမှတ်(၁)စခန်းမှူး ဒုရဲမှူးလှသိန်း၏ ကြီးကြပ်မှုဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ယဉ်မင်းသိုက်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ မေ ၁၄ ရက် ည ၁၀ နာရီက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အောင်ပြည့်စုံ(နန်းတော်ရာရပ်ကွက်) နေသူအား မသင်္ကာဖွယ်ရာ တွေ့ရှိသဖြင့် စစ်ဆေးပြီး လွန်ခဲ့သောနှစ်လခန့်မှစ၍ ဈေးဆိုင်များ၊ ဆေးရုံများနှင့်လမ်းဘေးတွင်ရပ်ထားစဉ် ပျောက်ဆုံးခဲ့သော တရုတ်နိုင်ငံလုပ် ဆိုင်ကယ်လေးစီး၊ ဂျပန်နိုင်ငံလုပ်စက်ဘီး ၁၀စီးအား ဖော်ထုတ်ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

သန့်စင်

ကန့်ဘလူ၌ မေ ၁၆ ရက်က မိုးများရွာသွန်း

ကန့်ဘလူ မေ ၁၉

မဟာစင် ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ကြောင်းရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်စာစောင်များအား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်နိုင်ရေး အသိပေးနှိုးဆော်ထားချိန် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မေ ၁၆ရက် နံနက် ၁၀နာရီက မြို့မဈေးကြီးတွင် ရောင်းချလျက်ရှိသော ဆိုင်ခန်းများသည် မုန်တိုင်းတိုက်ခတ်မည်ကို စိုးရိမ်သောကြောင့် သိမ်းဆည်းကြရာ မွန်းလွဲ ၁၂ နာရီတွင် ဆိုင်ခန်းများအားလုံး ပိတ်သိမ်းသွားသည်ကို တွေ့ရသည်။ အထက(၁)တွင် ကလေးဗဟိုပြုဆင့်ပွား သင်တန်းတွင်လည်း သင်တန်းသားများကို နေ့တစ်ပိုင်း ပိတ်လိုက်ကြောင်း သိရသည်။မြို့ပေါ်လမ်းမများတွင်လည်း လမ်းသွားလမ်းလာများ ရှင်းလင်းနေသည်ကို တွေ့ရသည်။ မေ ၁၆ရက်က ရာသီဥတုသည် နံနက် ၇နာရီက မိုးတိမ်များ မည်းလာပြီး နံနက် ၁၀နာရီ မွန်းလွဲ ၂ နာရီနှင့် ညနေ ၃ နာရီခွဲတို့တွင် မိုးရွာလိုက်၊ ရပ်လိုက်ဖြင့် သုံးကြိမ်တိုင်ရွာသွန်းခဲ့ရာ မွန်းလွဲ ၂ နာရီတွင်သာ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းရှိပြီး လေပြင်းများတိုက်ခတ်ခြင်း မရှိပေ။ လျှပ်စစ်မီးများလည်း ပြတ်တောက်သွားခဲ့သည်။

မိုးရွာသွန်းမှုသည် မိုးရေချိန် ၀ ဒသမ ၈၃လက်မရှိကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနထံမှ သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကျောက်မျက်ကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာတိုက်နယ်ဆေးရုံဆောက်လုပ်မည်ဖြစ်၍ တည်ဆောက်လိုသည့်ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) ဆားလင်းကြီးမြို့နယ်၊ ကျောက်မျက်အုပ်စု၊ ကံကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ ဆောက်လုပ်ရမည်။

(ခ) ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ကော်မတီက သတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့်ပါရှိရမည့်အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရမည်။

(ဂ) တင်ဒါတင်သွင်းမည့်ကုမ္ပဏီအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။

(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရမည်။

(၁) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၂၀-၆-၂၀၁၃ရက် (ကြာသပတေးနေ့)

(၂) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၄ နာရီ

(၃) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့၊

(င) သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၁-၂၄၁၇၀၊ ၀၇၁-၂၂၅၃၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်-အင်းစိန်လမ်းနှင့် ကမာရွတ်လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ တိုက် ၁၊ အခန်း ၁၅ နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမေကြည် ၁၂/ကမရ(နိုင်)၀၀၃၉၇၇၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် အစ်ကို ဦးမောင်မောင်ထွန်းတို့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်းနှင့် ကမာရွတ်လှည်းတန်းလမ်းဆုံ မီးပွိုင့်အနီး၊ ပြည်မြန်မာကုန်တိုက်တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မြေကွက်အမှတ် (၂)၊ မြေဧရိယာ ၁ ဒသမ ၀၉၇၈ဧကရှိ ရှေးယခင်က ခြံ(၁)ဟုအမည်တွင်သော ဘိုးဘွားပိုင်ဥယျာဉ်ခြံမြေ၏ မြေပိုင်မြေရှင်များ ဖြစ်ပါသည်။ ထိုခြံမြေမှာ ဒေါ်ကြည်ကြည်(ခ)ဒေါ်သိန်းကြည်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး သားရင်း သမီးရင်းဖြစ်သော ဦးမောင်မောင်ထွန်း၊ ဒေါ်မေမေကြည်တို့က အမွေဆက်ခံပိုင်ဆိုင်၍ ယခုလက်ရှိ ထိုခြံမြေအတွင်းနေထိုင်ဆဲဖြစ်ပါသည်။

ထိုခြံမြေအတွင်း ဆောက်လုပ်ထားသော တိုက်(၁)နှင့် တိုက်(၂)အမည်တွင် တိုက်နှစ်လုံးနှင့် နေအိမ်တိုက်ခန်းများအားလုံးမှာ ကျုပ်မိတ်ဆွေ ဒေါ်မေမေကြည်နှင့် အစ်ကိုပိုင်ဈေးဆိုင်ခန်း အဆောက်အအုံများကို ဖျက်၍ ပြန်လည်ဆောက်လုပ်ထားသောတိုက်ခန်းများဖြစ်၍ ကျွန်ုပ်မိတ်ဆွေ နှင့် အစ်ကိုတော်သူတို့၏ တရားဝင်ပိုင်တိုက်နှင့် တိုက်ခန်းများဖြစ်ကြပါသည်။ ထိုခြံမြေအတွင်း တည်ဆောက်ထားသော RC ကွန်ကရစ်ခုနစ်ထပ် ပြည်မြန်မာအမည်ရှိတိုက်မှာ ဦးဇော်မိုး AA Medical Co., Ltd. က လေလံဆွဲယူထားသော အဆောက်အအုံဟု ကြားသိရသော်လည်း မြေနှင့်သက်ဆိုင်ခြင်းလုံးဝမရှိပါ။ ယင်းအဆောက်အအုံတည်ရှိသောမြေမှာ ကျွန်ုပ်၏မိတ်ဆွေနှင့် အစ်ကိုတို့ပိုင်မြေဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်အမှုသည်၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ၊ မြေနှင့်တိုက်(၁)(၂)တိုက်ခန်းများနှင့်ပတ်သက်၍ လွှဲပြောင်းပေါင်နှံ၊ ရောင်းချခြင်း မပြုပါရန်နှင့် အကယ်၍ တရားလက်လွတ်ပြုလုပ်ခဲ့ပါက မိမိတို့၏ တာဝန်သာဖြစ်ကြောင်း၊ ကျွန်ုပ်အနေနှင့် ကျွန်ုပ်မိတ်ဆွေ၏ တရားသဖြင့် ရပိုင်ခွင့်များကို တရားဥပဒေစိုးမိုးမှုအောက် အကာအကွယ်ပေးရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကြိုတင်၍ လေးလေးနက်နက် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမောင်မောင်ဝင်း တရားလွှတ်တော်ရှေ့နေ (၂၀၇၇)

အမှတ် ၁၁၃၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၇၇၃၀

ပြည်နယ်အစိုးရအဖွဲ့
မွန်ပြည်နယ်-မော်လမြိုင်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

လေ့ကျင့်ခန်းစာအုပ်၏ အရည်အသွေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က)	စာအုပ်အရွယ်အစား	၆.၂၅×၈.၂၅လက်မ
(ခ)	လိုင်းအရေအတွက်	၂၂ လိုင်း (အနည်းဆုံး)
(ဂ)	အဖုံးစက္ကူ	၁၈၀gsm Duplex Board (colour)
(ဃ)	အတွင်းစက္ကူ	၆၀ gsm indo 1k woodfree
(င)	စာမျက်နှာ	၈၀ pages

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၇-၂၇၃၀၃၊ ၀၅၇-၂၄၇၃၀၊ ၀၅၇-၂၇၁၄၉ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ရောင်းချမည့်ရက် - ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့)

(ခ) တင်ဒါပိတ်မည့်ရက် - ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)

(ဂ) ရောင်းချမည့်နေရာ - မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လူမှုဌာန

လူငယ်မျိုးဆက်သစ်များအတွက် ထာဝရအလင်းရောင်ပေးမည့်စာအုပ်

ကျွန်တော်၊ ကျွန်မတို့၏အဖေ ယောကျ်ားတံခွန်

(သားသမီးများ၏ ကျေးဇူးဆပ်ပွဲ)

သတိုးဆွေ၊ ကေသီပန်ဦးလှမြင့်၊ တက္ကသိုလ်ဝမ်းဖေ၊ မောင်အေးသန့်၊

လေးရီခ၊ စိုးမူခ၊ နေပုည

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင်စာပေ၊ ဖုန်း-၀၉-၄၂၁၀၅၆၃၅၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်-၁ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/မကျီးတော(မီးလောင်ပြင်)၊ မြေကွက်/ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ဒသမ၀၆၂၊ ဦးစံဖူးပါ-၂ အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည်ဒေါ်ဆွေဆွေလှဲ့ (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၁၆၀၂၈၊ (ဘ) ဦးမိုးညိုက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်ပြောင်း

လားရှိုးမြို့၊ အထက(၃)၊တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ပိုင်ဇေသန်းထိုက်၏ဖခင်အမည်မှန်မှာ ဦးသန်းဖေလေး ၁၃/လရန(နိုင်)၁၃၆၃၇၀ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးယိန်းဘောမ်၏သား မြစ်ကြီးနားတက္ကသိုလ်(အင်္ဂလိပ်စာ)နောက်ဆုံးနှစ်မှ မောင်ဘောမ်ကျန်း(ခ)မောင်ပီတာအောင်၏ အမည်မှန်မှာ မောင်ပီတာအောင်ဖြစ်ပါသည်။

မောင်ပီတာအောင်

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အလက(တောင်နီ) အဋ္ဌမတန်းမှ မမေမှူးချန်၏ဖခင်အမည်မှာ ဦးမောင်မောင်ဝင်း ဖြစ်ပါသည်။

အမည်မှန်

ဦးမဘုဒီးရမ်၏သမီး မြစ်ကြီးနားမြို့၊ အလက(၆)၊ အဋ္ဌမတန်း(အောင်)မမေရမ်၏ အမည်မှန်မှာ မ မဘုမေရမ် ဖြစ်ပါသည်။

မ မဘုမေရမ်

ဆင်ရွာ-နဂါးပေါက်ရေထိန်းတံခါးကြောင့် ပြွန်တန်ဆာလွင်ပြင် တိုးတက်လာတော့မည်

မကြာမီကာလတွင် အနောက်တောင်မုတ်သုံလေသည် မြန်မာတစ်နိုင်ငံလုံးသို့ လွှမ်းခြုံဝင်ရောက်တော့မည်ဖြစ်ပြီး မိုးရာသီသို့ စတင်ရောက်ရှိတော့မည်ဖြစ်သည်။ မုတ်သုံမိုးဖြိုင်ဖြိုင်ရွာသည်နှင့် ယခင်က ပပ်ကြားအက်၍ ခြောက်သွေ့နေသော လယ်ကွက်များတွင် ရေတဖွေးဖွေးဖြစ်လာမည်။ နွေရာသီကာလ ရေရှားပါးမှု ကြုံတွေ့ခဲ့ရသဖြင့် မိုးကိုမျှော်နေကြသူများ မျှော်ရကျိုးနပ်၍ ပျော်ကြရလေပြီ။

သို့သော် မုတ်သုံမိုးက အရှိန်ကောင်းကောင်းဖြင့် တစ်ရက်ပြီးတစ်ရက် ဆက်တိုက်ရွာသည့်အပြင် မိုးရေချိန်လက်မများပြီဆိုလျှင်ဖြင့် စစ်တောင်းမြစ်ဝှမ်းဒေသ ပြွန်တန်ဆာလွင်ပြင် ပဲခူးခရိုင်အတွင်း မြို့နှင့်ကျေးရွာများ၌ ရေကြီးနစ်မြုပ်မှုရှိခဲ့ပြီး လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့လေသည်။ ထို့အပြင် အဆိုပါလွင်ပြင်ဒေသအချို့၌ ချောင်းကောမြောင်းကောများ ပေါ်ပေါက်လာမှု၊ စစ်တောင်းမြစ်၏ ရေထုတ်နုတ်မှုလျော့ပါးလာမှုတို့ကြောင့် မိုးအဆက်မပြတ်ရွာသွန်းချိန်ကာလများတွင် ရေကြီးရေနက်ကွင်းများ ဖြစ်ပေါ်နေခြင်းကို တွေ့မြင်ရပေသည်။

စစ်တောင်းမြစ်ဝှမ်းဒေသ ပြွန်တန်ဆာလွင်ပြင် ပဲခူးခရိုင် ဝေါမြို့နယ်၏ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေများ ဖော်ထုတ်ရေး စီမံကိန်းတစ်ခုဖြစ်သည့် ဆင်ရွာ- နဂါးပေါက် ရေလျှံထိန်းတာဖို့ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကာ ယခုဆိုလျှင်

၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ဆင်ရွာ-နဂါးပေါက် ရေလျှံထိန်းတာမှာ **(အပေါ်ပုံ)** ဒိုက်ဦးမြို့နယ် သုံးခွရွာမှ ဝေါမြို့နယ် ဆင်ရွာ-နဂါးပေါက်ရေထိန်းတံခါးအထိ အရှည်ခြောက်မိုင်၊ တာပေါင်ထိပ်ဝ အကျယ် ၁၂ ပေ တည်ဆောက်ထားကာ ယခုနှစ် ဧပြီလ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထိုကဲ့သို့ ဆင်ရွာ-နဂါးပေါက် ရေလျှံထိန်းတံခါးနှင့်တာ တည်ဆောက်ပြီးစီးခဲ့ပါက မိုးရွာသွန်းမှုများပြီး နှစ်စဉ်ရေကြီးနစ်မြုပ်မှုကြောင့် ရေနက်ကွင်းဧရိယာသတ်မှတ်ကာ မိုးရာသီကုန်ဆုံးချိန်မှသာ စိုက်ပျိုးရသည့်အတွက် သီးနှံအထွက်နှုန်းနည်းသည့်မြေများ ယခုအခါ ရေလျှံမှုမရှိတော့သဖြင့် အဖိုးတန်လယ်ယာမြေအဖြစ် ပြောင်းလဲလာနိုင်စေခြင်း၊ တစ်ချိန်က ရေကြီးရေနက်ကွင်းဖြစ်၍ မိုးရာသီသွားလာရေးတွင် ရေလမ်းခရီးဖြင့်သာ ကူးသန်းသွားလာရခြင်းမှ ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ခြင်း၊ မိုးရာသီရေကြီးရေလျှံဖြစ်မှုကြောင့် တစ်ရွာနှင့်တစ်ရွာ သွားလာမရအောင် ခက်ခဲခဲ့ရသည့် ဆင်ရွာ-နဂါးပေါက် ရေလျှံထိန်းတာအတွင်းရှိ ကျေးရွာပေါင်း ၁၀ ရွာနေ ပြည်သူများအတွက် ကျေးရွာအချင်းချင်း သာမက ၂၀ မိုင်ရှည် ညောင်ခါးရှည်-ဒိုက်ဦးဖြတ်လမ်းမှပင် ဒိုက်ဦးမြို့များသို့ပါ လွယ်ကူစွာ ဆက်သွယ်ကူးသန်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိတော့မည် ဖြစ်ပါကြောင်း။

သတင်း-ပိန်းဇလုပ်(သိန်းညွန့်)
ဓာတ်ပုံ-ရန်အောင်ထွန်း (ပိန်းဇလုပ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မော်လမြိုင်ကျွန်းတွင်ကွန်ကရစ်ချောင်းကူးတံတား ၁၂ စင်း တစ်နေ့တည်းဖွင့်လှစ်

မော်လမြိုင်ကျွန်း မေ ၁၉

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် ဘုရားချောင်း တံခွန်တိုင်ကြီးကျေးရွာအုပ်စုရှိ ကျွဲတလင်း-တဲချောင်း၊ ရွှေမြန်မာကွန်ကရစ်ချောင်းကူးတံတားသစ်ဖွင့်ပွဲကို မေ ၁၄ ရက် နံနက် ၈ နာရီက အဆိုပါ ချောင်းကူးတံတားသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ ချောင်းကူးတံတားအလှူရှင် မော်လမြိုင်ကျွန်းမြို့နေ ဦးသောင်းညွန့်မိသားစု(ရွှေမြန်မာစက်နှင့်စက်အပိုပစ္စည်းရောင်းဝယ်ရေး)နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကွန်ကရစ်ချောင်းကူးတံတား ၁၀ခုမှာ အလျား ၈၅ပေ ချောင်းကူးတံတား တစ်စင်း၊ အလျား ၄၅ ပေ ချောင်းကူးတံတား ငါးစင်းနှင့် အလျား ၃၅ ပေ ချောင်းကူးတံတားလေးစင်း စုစုပေါင်း ချောင်းကူးတံတား ၁၀စင်း တန်ဖိုးငွေကျပ်သိန်း ၃၀၀ နှင့် ကျွဲတလင်းကျေးရွာနေ (ရွှေဇော်မင်းဆန်စက်)ပိုင်ရှင် ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းမော်တို့ လှူဒါန်းသော ငွေကျပ် ၂၅ သိန်းတန် အလျား ၄၅ ပေရှိ ရွှေဇော်မင်းချောင်းကူးတံတား တစ်စင်းနှင့် မော်လမြိုင်ကျွန်းမြို့ ၁၂ လမ်းနေ ဦးငြိမ်းမိသားစုလှူဒါန်းသော ငွေကျပ်သိန်း ၃၀ တန် အလျား ၅၃ ပေရှိ ပါရမီကွန်ကရစ်ချောင်းကူးတံတားတစ်စင်း စုစုပေါင်း ကွန်ကရစ်ချောင်းကူးတံတား ၁၂ စင်း တန်ဖိုး ငွေကျပ် ၃၅၅ သိန်းအကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ယင်းကွန်ကရစ် ချောင်းကူးတံတား ၁၂ စင်းကို မော်လမြိုင်ကျွန်းမြို့နယ် အလှူရှင်များက ဆောက်လုပ်လှူဒါန်းခဲ့ကြသဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၅ ရွာ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ (၂၂)ရပ်ကွက်၊ ဆောင်တော်ကူးလမ်း၊ အမှတ် ၂၁၉ နေ မစုလှိုင်နှင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၁၄/ဝခမ (နိုင်)၂၀၅၅၅၅ ဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်

ဦးလှရွှေ၏သမီး အမက (၁) မူလွန် တောင်ဒဂုံ-ဆဋ္ဌမတန်း(က) မှ မစုမြတ်နိုးအား မစုမြတ်နိုးခင်ဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ပြောင်း

ဦးခွန်သက်နိုင်ဦး-ဒေါ်စုစုမာတို့၏သမီး မယွန်းမြတ်သီရိ အထက(၁)ဘားအံ ဒုတိယတန်း၊ Grade-II-A အား နန်းယွန်းမြတ်သီရိရှင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အောက်မြဒေးကျွန်းအုပ်စု၊ ရွာမကျေးရွာနေ ဦးဝေချီး၏သား ဦးနွားမောင် ၁၁/ကဖန(နိုင်)၀၈၂၈၆၁ အား ယနေ့မှစ၍ ဦးမောင်ဖြူဟု ပြောင်းလဲခေါ်ပါရန်။ **ဦးမောင်ဖြူ**

မင်္ဂလာဆွေခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နေ (ဦးအောင်ညွန့်)-ဒေါ်ဝင်းမေတို့၏သား

ဗိုလ်ကြီးကျော်မျိုးဝင်း
B.E (Electronics) , DSTA
နှင့်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နေ
ဦးမောင်မောင်သန်း(ဌာနမှူး၊ သယ်ပို့စက်ပြင်ဌာန၊ ထောက်ရှာပင်/ကမ်းနီရေနံမြေ)-
ဒေါ်အုံးသီ (အထက်တန်းသူနာပြု-ငြိမ်း)တို့၏သမီး

မနှင်းယုမွန်
B.C.Sc (Hons:), M.C.Sc

တို့၏ ၁၉-၅-၂၀၁၃ ရက် မင်းဘူးမြို့၊ သုခမိန်မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာဆွေခံပွဲ၌ မင်္ဂလာဆောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်နှင့်ဇနီး ဒေါ်ကေသွယ်မျိုးတင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော အမှုဆောင်အရာရှိ(ခ) (ဘဏ္ဍာရေး-ငြိမ်း) ဦးခင်မောင်စန်းနှင့်ဇနီး၊ ထောက်ရှာပင်/ကမ်းနီရေနံမြေ၊ အမှုဆောင်အရာရှိ (ခ) (ဘဏ္ဍာရေး) ဒေါ်မြင့်မြင့်သင်းတို့အားလည်းကောင်း၊ ၁၆-၅-၂၀၁၃ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မင်းဘူးမြို့နယ်တရားသူကြီး ဒေါ်အေးအေးမော်အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ထောက်ရှာပင်/ကမ်းနီရေနံမြေ၊ အမှုဆောင်အရာရှိ(ခ) (အထွေထွေစီမံခန့်ခွဲရေး) ဦးဇော်မောင်မောင်နှင့်ဇနီး ဒေါ်သန္တာဦးအားလည်းကောင်း၊ မင်္ဂလာပွဲအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပါသော ထောက်ရှာပင်/ကမ်းနီရေနံမြေမှ အထွေထွေမန်နေဂျာနှင့်ဌာနမှူးများ၊ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် မင်္ဂလာဆွေခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်မျိုးဝင်း-မနှင်းယုမွန်

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၅၄/ခ၊ မြေကွက်တည်နေရာအမှတ်(၅၄/ခ)၊ မေခာဝီလမ်း၊(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးအောင်မြင့်၁၂/ဥကမ(နိုင်)၁၁၉၈၉၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်းဦးအောင်မြင့်ကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး ၁၂/ဥကမ(နိုင်)၁၀၉၃၄၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၉၀၀/၂၂-၃-၂၀၁၃)ဖြင့် ရရှိသူ ဒေါ်တင်နွယ်နွယ်ဦး ၁၂/ဥကမ(နိုင်)၁၇၉၅၈၈ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ဆက်သွယ်ပါ

ဦးသန်းအောင် (တရားသူကြီး)၊ ဦးပုည (မြို့နယ်ဆရာဝန်)၊ ဦးခင်သိန်း (မြို့နယ်လျှပ်စစ်မှူး) ဆက်သွယ်ပါ။

ဦးစန္ဒိမာ (သို့) ဂေါ်ဝါး
ဖုန်း-၀၉-၄၂၀၁၆၉၅၂

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၃၂၆၀ ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်မြင့် ၈/ပခက(နိုင်)၂၃၇၉၃၅ က ယာဉ်မှတ်ပုံတင်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(တ/၄၁)၊ မြေကွက်အမှတ် (၁၀၉၆/က)၊ အကျယ်အဝန်းပေ (၂၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၉၆/က)၊ ဗိုလ်တိုက်ချွန်လမ်း၊ (တ/၄၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းမြင့်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးသိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောမူရင်းစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းနိုင် (ဥပဒေဘွဲ့) **ဒေါ်သက်ဆုရည် (ဥပဒေဘွဲ့)**
အထက်တန်းရှေ့နေ **အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၇၃၉၀၃၃၀၇ **ဖုန်း-၀၉-၄၂၁၀၂၄၈၈၆**
ရုံးအမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၃၉၈၂ Jialing 110 PGM E-1 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စမ်းစမ်းရီ ၉/ပမန(နိုင်)၀၈၄၅၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်မင်းထွန်း၏ ပတ်စ်ပို့စာအုပ်အမှတ် A-၃၄၄၄၃၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၆၉၈၀၇**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၅၆၄၆ Toyota Hilux RN 45 ယာဉ်လက်ဝယ်ရှိသူ ဦးစံလှိုင် ၉/မထလ(နိုင်)၀၆၉၉၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြင်သာရပ်၊ မဲထီးလမ်း၊ အမှတ် (F-၃၆)၊ မြေတိုင်းအခေါ် အကွက်အမှတ် (F-မြင်သာ)၊ ဦးပိုင်အမှတ် (F-၃၆)၊ မြေဧရိယာ (၅၇ ပေ×၃၅¾ပေ)ရှိ မြေကွက်သည် မကွေးမြို့၊ တိုးချဲ့ရပ်ကွက်၊ စိစစ်နေရာချထားရေးဆပ်ကော်မတီမှ ဦးသာအောင် MGE-၀၉၉၈၁၅ အမည်ဖြင့်ရရှိခဲ့ပြီး အဆင့်ဆင့်လက်ရောက်ရောင်းယူဝယ်ခဲ့ကြသော အဆိုပါမြေကွက်အား လက်ရှိပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဦးဆန်းမြင့် ၈/ပဖန(နိုင်)၀၇၃၄၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေကွက်အားဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားသည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ညွန့် (စဉ်-၇၁၇၀)
တရားလွှတ်တော်ရှေ့နေ
အမှတ်(စီ-၂၇၅)၊ ၁၈ လမ်းနှင့် ငုရွှေဝါလမ်းထောင့်၊ ကန်သာရပ်၊ မကွေးမြို့၊
ဖုန်း-၀၆၃-၂၆၁၈၀၊ ၀၉-၅၄၃၂၇၇၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ် ၉၅၊ လေးလွှာ(ဘီ)၊ အကျယ်အဝန်းပေ (၁၇×၆၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမြင့်အောင် ၁၂/လမန(နိုင်)၁၀၇၇၈၆ က ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B **ဒေါ်ခင်မာနွယ် LL.B,D.B.L** **ဒေါ်ဌေးဌေးဝင်း LL.B,D.I.L**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
အမှတ် (၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

အမြန်ပြန်လာပါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကျီစုကျေးရွာ မောင်ဟိန်းထက်အောင်-မသီတာမြင့် အဖေနှင့်အမေ စိတ်ပူနေသည်။ အားလုံးခွင့်လွှတ်သည်။ အမြန်ပြန်လာပါ။

ဦးဆွေအောင်-ဒေါ်စန်းတင့်
ကျီစုကျေးရွာ၊ ကန့်ဘလူမြို့နယ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တညင်းနုနု ဈေးနုနု

သတင်းနှင့်ဓာတ်ပုံ- တင်ဝင်းလေး (ကြည့်မြင်တိုင်)

အိမ်ရှင်မနှင့် နံနက်ခင်း လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဈေးဝယ်လိုက်လေ့ရှိရာ ယခုရက်ပိုင်းအတွင်း ဗန်းကလေးများဖြင့်ခင်းကာ တညင်းသီးများ စတင်ရောင်းချလာသည်ကို တွေ့မြင်နေရပြီ။

အခွံကျွတ် ဝါနုနု၊ နီညိုညို တညင်းသီး အသေးလေးများသာဖြစ်သည်။ များသောအားဖြင့် ရေစိမ်၍ အစိမ်းတို့သာဖြစ်သည်။ ပြုတ်တို့၍ ရလောက်အောင် တညင်းသီး အရင့်များကို လုံးဝမတွေ့ရသေးပေ။ လက်လီပုံ ရောင်းဈေးအားဖြင့် ဆယ်လုံးလျှင် ငွေကျပ် ၁၀၀ မျှသာ ဈေးရှိနေသည်။ သူ့ထက်အနည်းငယ် ကြီးပါက အလုံး ၂၀ ကို ငွေကျပ် ၃၀၀ နှင့် ရောင်းနေသည်ကို တွေ့ရသည်။

ရောင်းသည့်အဒေါ်ကြီးက “တညင်းသီးက ဒီအချိန်နုသေးတယ်၊ မရင့်သေးဘူး။ ဈေးကလည်း ၁၀ လုံးကို ငွေကျပ် ၁၀၀ ဆိုတော့ ဈေးကလည်း နုသေးတယ်၊ ရင့်မှဈေးကောင်းရတာ။ ဒါကြောင့် တညင်းနုနု၊ ဈေးနုနုပေါ့” ဆိုသည့် အရွှန်းဖောက်စကားလေးကို သဘောကျခဲ့သည်။

တညင်းသီး ရာသီရောက်ပြီဖြစ်သဖြင့် အသေးစိတ်သိနိုင်ရန် ရန်ကုန်မြို့၏သီးနှံစုံဈေးကြီးဖြစ်သည့် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်ကြီးအတွင်းသို့ တစ်ထောက်ဝင်ရောက်၍ဈေးသတင်း တီးခေါက်မိခဲ့သည်။

ဈေးကြီးအတွင်း၌ တညင်းသီး ဒိုင်ကြီးပေါင်း ၂၅ ဒိုင်မျှရှိသည်ကို လေ့လာမိသည်။ သူဖောက်သည်နှင့်သူ ဒိုင်များအတွင်း အရောင်းအဝယ်စည်ကားနေသည်ကို တွေ့ခဲ့ရသည်။ ထိုအထဲမှ မျက်နှာတန်းမိသော ထိပ်တန်းသီးနှံရောင်းဝယ်ရေး ဒိုင်ကြီးအတွင်းသို့ ဝင်ခဲ့သည်။ တညင်းသီး ဒိုင်ပိုင်ရှင် ကိုမင်းခိုင်က စိတ်ရှည်လက်ရှည်ရှင်းပြပေးလာသည်။

ကိုမင်းခိုင်က “သင်္ကြန်မတိုင်မီက မွန်ပြည်နယ် တောင်စွန်းထွက် တညင်းသီးတွေဝင်လာတယ်။ ၁၅ ရက်၊ ရက် ၂၀ လောက် ဆက်တိုက်လေးဝင်လာပြီး ပြန်ရပ်သွားတယ်” ဟု စကားနိဒါန်းစခဲ့သည်။

ဈေးကွက်အတွင်း အစောပိုင်းက ယာယီ(အလုံးအရေအတွက်)ဖြင့် ရောင်းချလျက်ရှိပြီး နောက်ပိုင်း၌ တင်းတောင်း (၁၆ ပြည်ပါ) ဖြင့် ရောင်းချမှုရှိနေကြောင်း တွေ့ရသည်။

“ အခု သင်္ကြန်အလွန်မှာ ရေး၊ ထားဝယ်အသီးတွေ အများဆုံး ဝင်လာတယ်။ အဓိက ရေးသီးတွေက ပိုများတယ်၊ ထားဝယ်သီးက နည်းပါတယ်” ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

သီရိမင်္ဂလာဈေးကြီးအတွင်းသို့ တညင်းသီးများဝင်တတ်ပုံမှာ သင်္ကြန်မတိုင်မီက အစပျိုး ဝင်တတ်ပြီး သင်္ကြန်ကုန်သည်နှင့် ရေး၊ ထားဝယ် အသီးများ အဆက်မပြတ်ဝင်တတ်ကြောင်း လေ့လာသိရှိရသည်။ ထိုအတောအတွင်း ကရင်ပြည်နယ် ဘားအံဘက်မှ အသီးများကလည်း နေ့စဉ် နှစ်တင်းခွဲအိတ်ဖြင့် အိတ် ၄၀၊ ၅၀ခန့် ဝင်တတ်ကြသည်။



ရေး၊ ထားဝယ်အသီးများ အဝင်ပါး ချိန်၌ ရခိုင်စစ်တွေအသီးများ ဝင်လာလေ့ရှိကြောင်း၊ ဝင်လျှင်လည်း အဝင်ကြမ်းတတ်ပြီး နေ့စဉ်နဲ့အမျှ အိတ် ၁၀၀၀ ဝန်းကျင် ဝင်ရောက်မှုရှိကြောင်း သိခွင့်ရခဲ့သည်။ ထို့နောက် တောင်ငူမြို့ထွက် တညင်းသီးများ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ဝန်းကျင်ထွက် တညင်းသီးများက ဇွန်လကျော်သည်နှင့် ဝင်လေ့ရှိကြောင်း၊ ဩဂုတ်လဆန်းသည်နှင့် ရှမ်းပြည်နယ်ထွက်တညင်းသီးများက တစ်ဆက်တစ်စပ်တည်း ဝင်လာတတ်ကြောင်း မေးပါများစကားရခဲ့သည်။ တစ်နည်းဆိုရသော် သီရိမင်္ဂလာဈေးကြီးအတွင်းသို့ ဧပြီလမှ အောက်တိုဘာလ ကုန်သည်အထိ တညင်းသီးများ မပြတ်တမ်းဝင်လျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း၌ ဈေးကြီးအတွင်းသို့ နယ်စုံမှ တညင်းသီးများက နှစ်တင်းဝင်အိတ်တို့ဖြင့် နေ့စဉ်အိတ်ရေ ၃၀၀၀မှ ၄၀၀၀အကြား ဝင်လျက်ရှိကြောင်း သိရသည်။ လောလောဆယ် ရေးသီးများ အဝင်ကြမ်းလျက်ရှိပြီး ရခိုင်သီးများလှိမ့်ဝင်လာပါက ဈေးကွက်တစ်မျိုးတစ်ဖုံပြောင်းသွားတတ်ကြောင်းကိုလည်း တညင်းကုန်သည်များဆီက ထပ်မံစေ့ငုခဲ့ရသည်။

ရခိုင်အသီးမှာမူ ပြုတ်တို့ကြခြင်းထက် အလုံးသေးသည့်အတွက် ဆားရည်စိမ်အတွက် အဓိကထားဝယ်ကြကြောင်း သိရသည်။ အလုံးသေးသော်လည်း ဆားရည်စိမ်ပြီးပါက အလုံးထွားလာပြီး ကျွတ်သည့်အတွက် လူကြိုက်များကြောင်း ၎င်းကဆိုသည်။ တစ်နှစ်ပတ်လုံးလှောင်၍ရောင်းရတတ်ကြောင်း၊ အခွံကျွတ်တစ်တင်းလျှင် ငွေကျပ်၂၀၀၀၀ ဝန်းကျင် ဈေးရှိနေကြောင်း သိရသည်။

ယခုအချိန်၌ တညင်းသီးသည် နုသေးသည့်အတွက် အခွံဖြင့်သာလာတတ်ကြောင်း၊ အခွံဖြင့်နှစ်တင်းကိုခွဲထုတ်ပါက အသားတစ်တင်းလောက်သာတင်ကြောင်း ကိုမင်းခိုင်က ပြောပြသည်။ နောက်နှစ်ပတ်လောက်ခန့်တွင် အသီးများရင့်လာပြီဖြစ်၍ အခွံကျွတ်အသားချည်းသက်သက်ဝင်လာတော့မည် ဖြစ်သည်ဟု ဆိုပါသည်။

ယနေ့ ရောင်းဈေးအနေဖြင့် ဘားအံအသီးသည် တစ်တင်းငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀၊ ထားဝယ်သီး (အခွံပါ)တစ်တင်းကျပ် ၁၅၀၀၀မှ ကျပ် ၁၆၀၀၀၊ ရေးသီး(အခွံပါ)တစ်တင်း ကျပ် ၁၈၀၀၀ မှ ကျပ် ၂၀၀၀၀ အကြား၊ အခွံနွှာပြီး အသားချည်းသာရောင်းပါက တစ်တင်းကျပ် ၄၀၀၀၀မှ ၄၂၀၀၀အထိ ဈေးရှိနေသေးကြောင်း သိရသည်။

ဖဲမြို့နယ်တွင် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကျင်းပ

ဖဲ မေ ၁၉

ဖဲမြို့နယ် Save the children အဖွဲ့၏ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်ပို့ချခဲ့သော အရန်သားဖွားဆရာမသင်တန်း (၂/၂၀၁၂) သင်တန်းဆင်းအောင်လက်မှတ်နှင့် Kit ပေးအပ်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီက ထွေ/အုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်သင်တန်းနည်းပြ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ အရန်သားဖွားသင်တန်းသူများတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဋ္ဌေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ အရန်သားဖွားဆရာမသင်တန်း (၂/၂၀၁၂)တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ပြီး အောင်လက်မှတ်များ ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ပြည်ပအလုပ်အကိုင် ကြော်ငြာ

စင်ကာပူနိုင်ငံအတွက် (အမြန်) အလိုရှိသည်။

အဲယားကွန်း (လူဟောင်း) ⟶ လစာ S$ - 800 + OT

လျှပ်စစ်လုပ်သား
ဝရိန်လုပ်သား
လက်သမားလုပ်သား
ပန်းရန်လုပ်သား
} လစာ S$ - 430 + OT

ဝန်ဆောင်ခ – ၁၃ သိန်း + Airticket

ISO 9001 : 2008 လက်မှတ်ရ

သုခစုစု ပြည်တွင်း–ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု ကုမ္ပဏီ

စင်ကာပူနိုင်ငံ ITE လက်မှတ်ရ စက်မှုလက်မှု သင်တန်းကျောင်း

ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉–လမ်းထောင့်)၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း - (၀၁) ၃၇၇ ၃၄၃၊ ၃၇၇ ၃၆၆၊ ၃၈၅၇၅၀၊ ၃၈၆၈ ၇၇၊ ၃၉ ၂၂၃၃

Victoria University College

၃/၂၀၁၃ ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

၁။ ကမ္ဘာ့အဆင့်မီ Honours Degree ဘွဲ့အတွက် အောက်ဖော်ပြပါ ဘာသာရပ်များကို မြန်မာနိုင်ငံ Victoria University College တွင် ကျောင်းသားဗဟိုပြုသင်ကြားရေး WBL ပုံစံဖြင့် သင်ကြားပို့ချသည်။
1. Engineering (Civil / Electronics / Electrical / Mechanical / Architect)
2. Business (HR / Marketing / Management / Finance)
3. Computing and System Development
4. Health & Social Care / Medical Study Linked with Universities of Medicine UK / India / China / Russia

၂။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ/အောင်မြင်မည့်သူများသည် First Degree=Level 5 =HND အတွက် Worked Based Learning ပုံစံဖြင့် ၂ နှစ်ခွဲကြာသင်ယူပြီးနောက် Victoria University နှင့် UK / USA တက္ကသိုလ်တို့ ပူးတွဲဖွင့်လှစ်သည့် Top Up Hons : Degree ကိုဆွတ်ခူးရန် မြန်မာနိုင်ငံ VUC တွင်ပင်တစ်နှစ် ဆက်လက်သင်ယူနိုင်သည်။ ပြည်ပနိုင်ငံတက္ကသိုလ်များသို့လည်းသွားရောက်သင်ယူနိုင်သည်။

၃။ အထက်ဖော်ပြပါသင်တန်းများကို ဇွန်လတွင်စတင်သင်ကြားမည်။

၄။ လျှောက်ထားသူများသည်ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ပတ်စပို့အရွယ်ဓါတ်ပုံ(၃ပုံ)ပူးတွဲတင်ပြရမည်။
(နယ်ကျောင်းသား၊ ကျောင်းသူများကိုသာ VUC ၏ စည်းကမ်းတကျအုပ်ချုပ်သည့် အဆောင်၌နေခွင့်ပြုပါသည်။)

ကျောင်းသားရေးရာဌာန MMB Campus-အမှတ်(၁၆၆) အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၅၁၀၄၇၄၈ ၊ ၀၉၅၁၂၇၃၀၀။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြေအကျယ်လိုချင်သော လုပ်ငန်းရှင်များ ဆက်သွယ်ပါ။ မ/၁၊ (၃၃) ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်းမ၊ ပေ (၁၀၀×၆၀)။

ဖုန်း-၀၉-၅၀၄၈၇၂၄၊ ၅၁၄၃၈၀၉

ဩဂနစ်သစ်မွှေး

စိုက်နည်း၊ ပျိုးနည်း

ဟအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။

ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။

ဝင်းသစ်မွှေး 09-5117226

သန့်စင်ပြီး/အရောက်ပို့

01-512443 **ပွဲတော်အုပ်** 09-73017656

ဆန်ရေးတွေတက်နေပေမယ့် ဈေးတက်မရောင်းပါ။

ဖျာပုံပေါ်ဆန်းမွှေး – 27500 Ks

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက်မှတ်တမ်းစာအုပ်အမှတ် - ရန် - ၂၄၀၃/၀၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပေးပါရန်။ **ဦးထွန်းထွန်းဦး**

ဖုန်း-၀၉-၄၂၀၂၁၃၀၃၂

ရုံးခန်းလိပ်စာပြောင်းရွှေ့ ဖွင့်လှစ်ခြင်း

Ayeyarwaddy Group Co.,Ltd. နှင့် Applied Technologies International Co.,Ltd. အား ၁-၅-၂၀၁၃ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း မိတ်ဟောင်း မိတ်သစ်များအား အသိပေးအပ်ပါသည်။

အမှတ် ၁၅၁၊ အခန်းအမှတ် (၇၀၁-B)၊ Myawaddy Bank Luxury Complex၊ တာဝါ (B)၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Tel: (95-1) 2300565, 2300566, 2300567, 2300568, 2301341
Fax: (95-1) 2300568
e-mail : ayd@myanmar.com
service@atimyanmar.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၂၉၊ မြေကွက်တည်နေရာအမှတ်-၁၈/က၊ (၁)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးချစ်တီးအမည်ပေါက် နှစ်၆၀ဂရန်မြေ ဧရိယာပေ(၄၀×၆၀) အနက်မှညာဘက်ခြမ်းပေ(၂၀×၆၀)အား အမည်ပေါက်ဦးချစ်တီး(ကွယ်လွန်)၊ ဇနီးဒေါ်ခိုင်(ကွယ်လွန်)၊ သားဦးထွန်းသိန်း(ကွယ်လွန်)သဖြင့် (၁)ဦးစောမောင် ၁၂/အစန(နိုင်)၀၈၅၄၄၉၊ (၂)ဒေါ်လှတင် ၁၂/အစန(နိုင်)၀၉၉၅၆၄၊ (၃)ဦးမြင့်သိန်း ၁၂/အစန(နိုင်)၀၀၈၅၈၁၊ (၄)ဒေါ်ကျင်စိန် ၁၂/အစန(နိုင်)၀၀၈၃၈၁တို့က သားသမီး၊ ချွေးမတော်စပ်ကြောင်း သေစာရင်းမိတ္တူ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်ကောင်းမြတ်မောင်မောင် ၅/တမန(နိုင်)၀၅၀၈၆၇သည် မိဘ၏သွန်သင်ဆုံးမမှုကို မနာခံခြင်း၊ မိဘနှင့်အဒေါ်ဖြစ်သူတို့အား အမျိုးမျိုးလိမ်ညာပြီး ဒုက္ခအမျိုးမျိုးပေးကာ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်လျက်ရှိပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ကောင်းမြတ်မောင်မောင်နှင့်ပတ်သက်၍ တာဝန်မယူတော့ပါကြောင်း ကြေညာအပ်ပါသည်။ **အဒေါ်-ဒေါ်စိန်သန်း**

မိဘ-ဦးခင်မောင်မြင့်-ဒေါ်စမ်းသူဇာမြင့်၊ မင်းဘူးမြို့

တောင်ပေါ်သား အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းမှ ရန်ကုန်-မန္တလေးသို့ လုံခြုံစိတ်ချမှုရှိသော Yutong Bus ကားသစ်ကြီးများဖြင့် ခရီးသည်များအား စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ကျွမ်းကျင်သော သက်တမ်းရင့် ယာဉ်မောင်းများနှင့် ယဉ်ကျေးပျူငှာသော ယာဉ်မယ်လေးများ၏ ဧည့်ဝတ်ကျေပွန်စေမှုနှင့် ကားပေါ်တွင် ခရီးသည်များကို ကော်ဖီနှင့်မုန့်များ ကျွေးမွေးဧည့်ခံခြင်းစသည့်ဝန်ဆောင်မှုများဖြင့် ၁၄-၅-၂၀၁၃ရက်မှစ၍ နေ့စဉ် ည ၇း၃၀နာရီတွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တောင်ပေါ်သား မှ အခြားခရီးစဉ်များကို နေ့စဉ်

ရန်ကုန်-တောင်ကြီးသို့

Economic Class ညနေ ၅ နာရီ

Business Class VIP Seat (2+1) ညနေ ၆း၃၀ နာရီ

ရန်ကုန်-နေပြည်တော်သို့ နံနက် ၈း၀၀ နာရီ၊ မွန်းလွဲ ၁း၀၀ နာရီ၊ ည ၇း၃၀ နာရီများတွင် ပြေးဆွဲလျက်ရှိပြီး

နယူးတောင်ပေါ်သား အမည်ဖြင့်

ရန်ကုန်-ဘားအံ-ကော့ကရိတ်-မြဝတီ ည ၇ နာရီတွင် ပြေးဆွဲနေပြီဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအားလုံးကို အသိပေးကြေညာအပ်ပါသည်။

ဖုန်း-၀၈၁-၂၁၂၁၆၅၆၊ ၀၁-၇၀၅၀၈၉၊ ၀၉-၄၂၅၀၀၅၀၀၄၉၊ ၀၂-၈၀၁၀၇၊ ၀၆၇-၂၆၂၇၁၊ ၀၅၈-၄၀၁၄၅

တောင်ပေါ်သားနှင့် နယူးတောင်ပေါ်သား မိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ပါသည်။

ကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

၁၆-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားသည့် ချစ်လှစွာသောခင်ပွန်း/ကျေးဇူးရှင်ဖခင်ကြီး ဖေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန အသက်(၆၅)နှစ် နာမကျန်းဖြစ်စဉ် ကာလတစ်လျှောက် အထူးဂရုစိုက်၍ ကုသပေးခဲ့ကြသော ဝိတိုရိယဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော သူနာပြုများအား လည်းကောင်း၊ နာရေးကိစ္စသို့ ဝမ်းနည်းကြောင်း လှူဖွယ်ပစ္စည်းများ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်းများ၊ E-Mail များဖြင့် အကြောင်းကြား နှစ်သိမ့်အားပေးကြပါသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ၊ လွှမ်းသူ့ပန်းခြင်း၊ ပန်းခွေပေးပို့ကြသူများ၊ စာနာကြင်နာ နယ်ဘက်မှ မိတ်ဆွေသင်္ဂဟများ၊ လူမှုရေးအဖွဲ့အစည်းများအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများ အားလည်းကောင်း ကွယ်လွန်သည့်ရက်မှစ၍ မြေကျသောရက်အထိ ကိစ္စအဝဝကို အဘက်ဘက်မှ ပြည့်စုံစွာ ကူညီဆောင်ရွက်ပေးခဲ့ကြပါသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူး ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယကာကြီး

ဗိုလ်ကြီးမောင်လေး (ငြိမ်း)

အသက်(၈၂)နှစ်

ရှမ်းပြည်နယ်၊ ကလောမြို့၊ကုန်သည်လမ်းနေ (ဦးမိုး-ဒေါ်နန်းကူ)တို့၏သား၊ သော်လေးပင်မြို့နေ (ဦးမောင်ခင်-ဒေါ်ချစ်မေ)တို့၏သားသမက်၊ ပဲခူးမြို့နေ ဦးကိုကိုဦး-ဒေါ်ခင်လင်းအေး၊ မန္တလေးမြို့နေ ရဲအုပ်ကိုကိုအောင်-ဒေါ်ညီညီရှိန်၊ ရန်ကုန်မြို့နေ ဦးကျော်ဝင်း(ညွှန်မှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်မြစန္ဒာဝင်း၊ ပဲခူးမြို့၊ ဝန်ကြီးအိမ်ရာဝင်း၊ အိမ်အမှတ် ၆နေ ဦးရဲမြင့်ထွန်း(ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး)-ဒေါ်ဝါဝါမြင့်တို့၏ဖခင်၊ ဥသာသစ်မြို့သစ်နယ်မြေ ရပ်ကွက်ကြီး ၇၊ မြေကွက် ၃၊ အိမ်အမှတ် ၂၂နေ (ဒေါ်အေးကြည်)၏ခင်ပွန်း၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၅-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၃ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ဝန်ကြီးအိမ်ရာဝင်း၊ အိမ်အမှတ် ၆နေ ဦးရဲမြင့်ထွန်း-ဒေါ်ဝါဝါမြင့်တို့၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်တင်တင် (ရွှေတောင်)

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် (၁) ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၉၈၊ မြေညီထပ်နေ (ဦးဘရီ-ဒေါ်ဒေါ်ရှင်) ဒေါ်နုနု တို့၏သမီး၊ သီတဂူ ဦးဟန်-ဒေါ်မြယဉ်၊ (ဒေါ်ခင်နု)၊ (ဦးသိန်း-ဒေါ်စိန်ရီ)၊ ဒေါ်ညိုညိုတို့၏အစ်မ၊ (ဦးအုန်း)၏ဇနီးသည် ၁၇-၅-၂၀၂၃ရက် (သောကြာနေ့) ည ၇း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၃ ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသုန္ဒရ (မူလမွှာဇရိယ)

ကျားကူးမွေမိမာန်ကျောင်း ပဓာနနာယကဆရာတော်

သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးမွေမိမာန်ကျောင်းတော်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရသည် ၁၉-၅-၂၀၂၃ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၁၀ရက်) (တနင်္ဂနွေနေ့) နံနက် ၅း၂၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၃-၅-၂၀၂၃ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁၄ရက်) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပနပွဲ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဖေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင် (ငြိမ်း)

ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး(ငြိမ်း) အမှတ်(၁)စက်မှုဝန်ကြီးဌာန၊
ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်(ငြိမ်း)
ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ဖေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း) အသက်(၆၅)နှစ်သည် ၁၆-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ မိသားစု
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ဒေါ်ရီရီ

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်

အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၁နေ ဦးညွန့်ရွှေ (Well Wisher Co., Ltd.)၏ဇနီး၊ (ဦးစောထွန်း-ဒေါ်ဒေါ်ကျော့)တို့၏သမီး၊ (ဦးထွန်းလင်း - ဒေါ်တင့်)တို့၏သမီးချွေးမ၊ (ဒေါ်သန်းသန်း - ဦးလှထွန်း)၊ (ဒေါက်တာစိန်စိန်-ဦးဝင်းထိန်)၊ဒေါ်ကြည်ကြည်-ဦးစိန်မြင့်တို့၏ညီမ၊ဒေါက်တာနွဲ့နွဲ့ထွန်း-(ဦးအောင်သွင်)တို့၏အစ်မ၊ ဦးအောင်ကြီး-ဒေါ်တိုးတိုးအောင်၊ (ဦးအောင်စိုး)၊ ဒေါ်နုနုရီ-ဦးဝင်းနိုင်၊ ဒေါ်ခိုင်ရွှေဖြူ-ဦးသန်းထွန်းဦးတို့၏မိခင်၊ မောင်မင်းသိမ်းကျော်နှင့် မဖြူစင်သန့်တို့၏အဘွားသည် ၁၈-၅-၂၀၂၃ရက်(စနေနေ့)ညနေ ၄း၀၅နာရီတွင်အာရှတော်ဝင်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၂၃ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဖေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင် (ငြိမ်း)

ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး(ငြိမ်း) အမှတ်(၁)စက်မှုဝန်ကြီးဌာန၊
ဒုတိယဝန်ကြီး(ငြိမ်း) အမှတ်(၂)စက်မှုဝန်ကြီးဌာန

အသက်(၆၅)နှစ်

ဖေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)သည် ၁၆-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

ဒေါ်လှတုတ် (နွားထိုးကြီးမြို့)

အသက်(၈၀)

နွားထိုးကြီးမြို့၊အမှတ်(၅)ရပ်ကွက်နေ(ဦးနွဲ့-ဒေါ်ဦး)တို့၏သမီး၊ ဒေါက်တာကျော်စိုးဝင်း(နှလုံးအထူးကုဆရာဝန်ကြီး)-ဒေါ်အေးအေးမြင့်၊ ဦးသက်နိုင်ထွန်း (မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး)-ဒေါက်တာစန်းစန်းအေး၊ ဦးသိန်းနိုင်-ဒေါ်ခင်သီတာမြ (နေမင်းလ ဆီစက်)တို့၏ မိခင်၊ ဦးအောင်ဒင်၏ဇနီးသည် ၁၉-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ဒ-၁/၄၁+၄၂၊ ၆၅လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားနေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၀-၅-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် အထက်ပါ နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Mr. Basil Peter Martin O.B.E

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်နေ ဒေါ်တင်တင်အေး (Reta) ၏ခင်ပွန်း၊ Jennefer Anne Martin, Peter David Martin Stave Martinတို့၏ဖခင်သည် ၁၄- ၅-၂၀၂၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီက ဆာကူရာဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူဇနီးနှင့်မိသားစု

ဦးထွန်းရွှေ(ခ) K.S မန်းနီး (မော်လမြိုင်၊ ဒလ)

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ကျန်စစ်သားရပ်ကွက်၊ အမှတ် ၂၅၆၁နေ ဒေါ်အေးကြည်(ခ)ဒေါ်လက်ချမီး၏ခင်ပွန်း၊ ဦးလှဖေ-ဒေါ်ဒေဝီ (HONDA ဆိုင်ကယ်ပစ္စည်းဆိုင်၊ ဒလ)၊ ဦးမောင်မောင်စိုး-ဒေါ်သန်းသန်းအေး (စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ (ဦးကျော်နိုင်)-ဒေါ်ငွေငွေမာ၊ ဦးညီညီထွန်း-ဒေါ်နီနီဝင်း (အမက-၂၊ ကျောင်းအုပ်၊ ဒလ)၊ ဒေါ်မာလာ(အထပြ၊ အထက-၂၊ ဒလ)၊ (ဦးအောင်နိုင်)၊ ဦးအောင်စိုး-ဒေါ်မျိုးမျိုးသူ(စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ ဦးခင်လတ်-ဒေါ်ချိုမာ(သစ်တောဝန်ကြီးဌာန)၊ ဦးအောင်လွင်(KD ဆိုင်ကယ်ပစ္စည်းဆိုင်၊ ဒလ)တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၉-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ဒလမြို့ ခနီတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဖေဆန်း (အင်းစိန်ရွာမ/ဘီးလင်း)

ကြံ့ဝယ်ကြီးကြပ်ရေးမှူး၊ ဘီးလင်းသကြားစက်(ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်ရွာမနေ(ဦးဘရှင်-ဒေါ်တင်ရွှေ)တို့၏သား၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နေ (ဦးသာမောင်-ဒေါ်ငွေဆယ်)တို့၏သားသမက်၊ ဘိုးလှကြီးရပ်ကွက်၊ ဘီးလင်းမြို့နေ ဒေါ်မြင့်ဟန်(ဘီးလင်းသကြားစက်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ဆန်း၊ ဦးအောင်ဆန်း-ဒေါ်အေးသဲညှာမောင်၊ ဦးဝင်းဆန်း၊ ဦးသိန်းဆန်း (စက်မှုသုံးအရက်ပျံစက်ရုံ၊ ဘီးလင်း) တို့၏ဖခင်၊ မောင်ဆန်းသစ်နိုင်(Grade-9, A၊ ထ/၂၊ ကမာရွတ်)၏အဘိုးသည် ၁၈-၅-၂၀၂၃ရက်(စနေနေ့) နံနက် ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၃ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီ တွင် ဘိုးလှကြီးရပ်ကွက်နေအိမ်မှ ဘီးလင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဦး (ဟင်္သာတမြို့)

အသက်(၈၆)နှစ်

တာငါးဆယ်(မြောက်)ရပ်ကွက်၊ ဈေးကလေးလမ်းနေ (ဦးမောင်ဒွေး-ဒေါ်ပု)တို့၏သမီး၊ ဦးစိုးနိုင်ကြည်-ဒေါ်မြမြအေး၊ ဦးစိုးလွင်ထွန်း-ဒေါ်အေးအေးသော်၊ဦးလှတင့်-(ဒေါ်နီနီဝင်း)၊ဦးမောင်မောင်စိုး-ဒေါ်မေကြူဝင်း (အောင်ကြိုးကြာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင်ကြီး၊ ရဲလင်းမောင်၊ ဝေလင်းအောင်-သဉ္ဇာဦး၊ ကောင်းမင်းထက်၊ ထက်အောင်ကောင်း၊ ဖြိုးထက်နိုင်၊ ပိုးဝတ်ရည်ဖြိုး၊ ထက်လင်းထွန်းတို့၏ အဘွားသည် ၁၉-၅-၂၀၂၃ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၃ရက် နံနက် ၁၀နာရီတွင် ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးဝင်းနိုင် Second Officer (CDC NO. 4367)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အမှတ် ၃၄ (လေးလွှာ)နေ (ဦးဘတူ-ဒေါ်စိန်ရီ)တို့၏သား၊ ဒေါ်အေးမြင့်စိုး၏ခင်ပွန်း၊ ကိုစည်သူထက်-မနှင်းသီရိဆွေ၊ ကိုလွှမ်းကျော်ထက်-မနေဝင်းအေးတို့၏ဖခင်၊ မောင်လင်းခန့်ညားထက်၏အဘိုးသည် ၁၉-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၉-၅-၂၀၂၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါ ကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၃ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသောင်းထွန်း (ကျုံပျော်မြို့နယ် တရားသူကြီး) အသက်(၅၃)နှစ်သည် ၁၆-၅-၂၀၂၃ရက်တွင် သထုံမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တရားရေးဝန်ထမ်းအမှတ်(၆)မှ
သူငယ်ချင်းများ

ဦးမြင့်လွင်(ခ)

လျှန်ကြူကော့က်(ခ)ဦးတွာဟီ

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊ အာသောကလမ်း၊ အမှတ် ၃၈ နေ (ဦးလျှန်စီချောက်-ဒေါ်ကြိုင်ဖေ့း)တို့၏သား၊ ဒေါ်တင်အေး(ခ)ဒေါ်အင်း၏ခင်ပွန်း၊ ဦးကျော်မင်းဦး၊ ဒေါ်ခင်မိုမို့လွင်၊ ဦးထွန်းမင်းဦးတို့၏ ဖခင်သည် ၁၉-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၉း၃၀နာရီ တွင်ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းခင်

(အနုပညာဦးစီး၊ ငြိမ်း)

မြို့နယ်ကောင်စီ(ဒဂုံ)(ငြိမ်း)

ဒဂုံမြို့နယ်

သတင်းစာကိုယ်စားလှယ် 2028

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၉၈/ကနေ (ဦးဖိုးဝက်-ဒေါ်မြစိန်)တို့၏သား၊ (ဒေါ်ခင်စန်း)၏ခင်ပွန်း၊ ဦးတင့်ဆွေ-ဒေါ်စန်းစန်းမြင့်တို့၏ဖခင်သည် ၁၉-၅-၂၀၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရီရီ

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့စီးပွားရေးဘဏ်၊
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်
ကူးသန်းရောင်းဝယ်ရေးဘဏ်

အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၁နေ ဦးညွန့်ရွှေ၊ ဂုဏ်ထူးဆောင်နာယက၊ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ဇနီး၊ ဒေါ်ယုဇော်(ဒု-ဥက္ကဋ္ဌ)၊ ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏အဒေါ်သည် ၁၈-၅-၂၀၂၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့
ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်တင်တင်ဦး(ခ)

ဒေါ်ထွန်းရီ

အသက်(၈၈)နှစ်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ (ဦးသန်းစိန် - ဒေါ်သင်းစီ)တို့၏သမီး၊ ရန်ကုန်မြို့၊ ၁၂၆လမ်း၊ အမှတ် ၅၄၊ ပထမထပ်နေ(ဦးသန်းမောင်၊ တရားရေး အကြံပေး၊ငြိမ်း)၏ဇနီး၊(ဦးခင်မောင်ဝင်း၊ တရားရုံးချုပ်၊ ငြိမ်း) - ဒေါ်ခင်စောရီ၊ (ဒေါ်မြမြဝင်း)၊ (ဦးစိုးမြင့်၊ တရားရုံး)- ဒေါ်သန်းသန်းဝင်း၊ ဒေါ်လှလှဝင်း (ဧရာဝတီတိုင်းဒေသကြီး၊ ဥပဒေရုံး)၊ ဒေါ်ခင်မေသက်(မင်္ဂလာတောင်ညွန့်၊ တရားရုံး) တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၅-၂၀၂၃ရက် နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၂၀-၅-၂၀၂၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၂း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့်ဦး (ရွှေပေါက်ကံ)

အသက်(၃၅)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊(၁၅)ရပ်ကွက်၊ မင်းရဲနရပတိလမ်း၊ အမှတ် ၆၉၄နေ (ဦးဝင်းမော်)- ဒေါ်စန်းစန်းမြင့်တို့၏သားကြီး၊ ဦးသန်းအေး-ဒေါ်လဲ့လဲ့ဝင်း၊ ဦးမျိုးနိုင်-ဒေါ်ကြူကြူဝင်း၊ ဦးစစ်မြိုင်-ဒေါ်ဝင်းဝင်းရီ၊ ဦးမောင်မောင်-ဒေါ်အေးအေးပို၊ (ဦးဝင်းကျော်)၊ ဒေါက်တာခင်မူမူ၊ ဒေါ်ခင်ကြူကြူတို့၏တူ/သား၊ မောင်ထွန်းထွန်းနိုင် (ခေတ္တ-UAE)၏အစ်ကို၊ ဒေါ်မြနှင်းရည်(ခေတ္တ-UAE)၏ခင်ပွန်း၊ မောင်ဟိန်းထွန်းဇော် (G-3၊ မ/ဉ၊ မ/၄၆)၏ ဖခင်သည် ၁၈-၅-၂၀၂၃ရက်(စနေနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၂-၅-၂၀၂၃ရက် ညနေ ၃နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ကြောင်းရပ်နီးရပ်ဝေးနေဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်း ကြားသိစေအပ်ပါသည်။ (နေအိမ်မှကား များ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု

ဦးလှကြိုင်

ဆောက်လုပ်ရေး(ငြိမ်း)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၉)ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ် ၆၃၀နေ (ဦးလွန်-ဒေါ်လှကြည်) တို့၏သမက်၊ (ဦးညို-ဒေါ်ကြည်)တို့၏ သား၊ ဒေါ်မြသွင်၏ခင်ပွန်း၊ ဦးဇော်မိုး- ဒေါ်စန်းစန်းမော်၊ ဦးကျော်ကျော်- ဒေါ် တင်တင်ဝင်း၊ ဦးကျော်လေး၊ ဦးကျော် လင်း-ဒေါ်လှလှမြင့်၊ ဦးကျော်သီဟ- ဒေါ်ခိုင်ဇင်ဦးတို့၏ဖခင်၊မြေးငါးယောက် တို့၏အဘိုးသည် ၁၉-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကွယ် လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေး သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဥမ္မာခင်(ခ)VICTORIA

B.Econ (Stats)

နမ္မတူမြို့

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ာန်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊သုဝဏ္ဏ၊TOSTA အိမ်ရာ၊ တိုက် ၄၊ အခန်း ၁၀၁နေ (ဦးအုန်းမောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ဦးတင်လှိုင်-(ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးသိန်းဇော် (CEO ဝါဝါဝင်းဆောက်လုပ်ရေး)၏ဇနီး၊မရတနာဇော်(SEC 3A, ILBC)၊ မသီရိဇော်(PRI MARY 4G, ILBC)တို့၏မိခင်၊ ဒေါ်ခင်မာကြည် (ပညာရေးတက္ကသိုလ်၊ငြိမ်း)၊ ဒေါက်တာမျိုးသန့်-ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်ဝင်း-ဒေါ်လှမျိုးနွယ်၊ ဦးသိန်းဇော်-ဒေါ်သီတာဖြူ၊ ဦးမောင်မောင်မြင့်၊ ဒေါ်ထားစန္ဒာတို့၏ညီမသည် ၁၈-၅-၂၀၂၃ရက် (စနေနေ့) ည ၂၀း၃၀နာရီတွင် ထိုင်းနိုင်ငံ၊ ကျောက်ဖရားဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုမျိုးဝင်းလှိုင်(ခ)ကိုမျိုး

အထက(၄)အလုံ
ကျောင်းသားဟောင်း
ရပ်ကွက်အုပ်ချုပ်ရေးမှူး
(ဈေးကြီးအရှေ့ရပ်ကွက်)
ကြည့်မြင်တိုင်မြို့နယ်

အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ် ၇၂နေ (ဦးစံပွား-ဒေါ်သိန်းလှ)၊ (ဦးမြဒင်-ဒေါ်ခင်ရီ)တို့၏ မြေး၊ ဗိုလ်မှူးညွန့်လှိုင်(ငြိမ်း) (ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်မြစန်းရီ(ခ)ဒေါ်မာလာတို့၏ သားကြီး၊ ကိုသူရသိန်း-မမျိုးမြင့်မြင့် လှိုင်(Prime. Boss Co., Ltd.)၊ မမျိုး တင့်တင့်လှိုင် (ငါးရှဉ့်လုပ်ငန်းရှင်များ အသင်း)၊ ကိုမျိုးထွဋ်လှိုင်(Air KBZ Ltd.)-မသဉ္ဇာလွင်(Myanmar-Awba Group)၊ မမျိုးထက်သီရိလှိုင်(ရန်ကုန် ကွန်ပျူတာတက္ကသိုလ်)တို့၏အစ်ကိုကြီး၊ တူ နှစ်ယောက်တို့၏ဘကြီးသည် ၁၉-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၂၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားသိစေအပ် ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းဝင်း (ဥက္ကံ)

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အမက(၄)မြောက်ဥက္ကလာပ

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော် ဦးဘုရားလမ်း၊ အမှတ် ၁၅၅နေ (ဦးလှအေး-ဒေါ်အေးမြင့်)တို့၏သမီး၊ (ဦးဖေမြင့် - ဒေါ်လှကျင်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ဝမ်း-(ဒေါ်ဝင်းကြည်)၊ ဒေါ်ခင်စန်းတင့်တို့၏ညီမ၊ ဦးမြင့်အောင်- ဒေါ်အေးအေးဝင်း၊ဒေါက်တာကျော်ဝင်း- ဒေါ်ဝေဝေခင် (ခရိုင်ဦးစီးမှူး၊ မွေး/ကု ဦးစီးဌာန၊ သာယာဝတီခရိုင်)၊ ဦးခိုင် ထွန်းအောင် - ဒေါ်သင်းသင်းထွေးတို့၏ အစ်မကြီး၊ ကိုကျော်မျိုးလတ်-မဝင့် သူဇာမျိုး(Natural Clay)၊ မစိုးသန္တာမျိုး (TMW Enterprise Limited)၊ မအိစန္ဒာမျိုး (ပညာရေးကောလိပ်၊ အမှတ် စဉ်-၅)တို့၏မိခင်၊ ဦးမျိုးမြင့်(ကျောင်း ဆရာ၊ ငြိမ်း)၏ဇနီးသည် ၁၈-၅-၂၀၂၃ ရက် (စနေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၃ရက် (သောကြာနေ့) နံနက်တွင် အမှတ် ၁၅၅၊ ဖောင်တော်ဦးဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ ဦးမျိုးမြင့်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သိန်းသိန်း(ဦးစီးအရာရှိ၊ငြိမ်း)

အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ် (၂၈) 5B နေ (ဦးသိမ်းမောင်- ဒေါ်အေးချစ်)တို့၏သမီး၊ ဦးအောင်ရှိန် (ဦးစီးမှူး၊ငြိမ်း၊ သ/မဦးစီးဌာန၊သဃ်္ာန်းကျွန်းမြို့နယ်)၏ဇနီး၊ မသက်သီရိအောင်၊ မမိုးသက်သဲဖြူအောင်တို့၏မိခင်၊ ဦးဖေခင်-ဒေါ်ခင်မာဆွေ၊(ဦးမျိုးမြင့်အောင်)- ဒေါ်စိုးစိုးတို့၏ညီမ၊ ဦးခင်မောင်သိန်း- ဒေါ်ညိုညိုမြင့်၊ (ဦးခင်မောင်ငြိမ်း)-ဒေါ် မြင့်မြင့်သန်း၊(ဦးခင်မောင်အေး)၊ (ဦးခင် မောင်လေး)၊ ဒေါ်မာလာအေးတို့၏အစ်မ သည် ၁၉-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၂း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက် ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်နွဲ့

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ် ၁၂နေ (ဦးချစ်-ဒေါ်ညွန့်)တို့၏သမီး၊ မြစ်ကြီးနားနေ ဦးယောန-(ဒေါ်မရမ်လု)တို့၏သမီးချွေးမ၊ဦးကျော်နိုင်၏ဇနီး၊ ဦးဉာဏ်ဝင်း-ဒေါ်ပပဝင်း [ခေတ္တ - တရုတ် (တိုင်ပေ)]၊ Mr. Nakamura Eij , (Myanmar Nara Apex Travel & Tour)-ဒေါ်သီတာဝင်း၊ မနွဲ့စန္ဒီဝင်း(Diamond Star Co., Ltd.)၊ မနွဲ့နန္ဒီဝင်း(ခေတ္တ-ဂျပန်)တို့၏ မိခင်၊ မမြတ်မဒီအောင်၊မောင်ပုညအောင်၊ မမေဖြူခင်၊ မမေသက်နွယ်တို့၏အဘွား သည် ၁၉-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ် လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့်ဦး (ရွှေပေါက်ကံ)

အသက်(၃၅)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊(၁၅)ရပ်ကွက်၊မင်းရဲနရပတိလမ်း၊ အမှတ် ၆၉၄ နေ (ဦးဝင်းမော်)- ဒေါ်စန်းစန်းမြင့်တို့၏သားကြီး၊ ဦးလှသိန်း-ဒေါ်စန်းစန်းငွေ၊ ဦးအေးသိန်း- (ဒေါ်ဝင်းရီ)၊ ဒေါ်သန်းသန်းနု(ထ/၆၊ မ/၃)၊ (ဦးဝင်းကြိုင်)-ဒေါ်ခင်မာချို (မ/၄၆-မ/၃)၊ ဦးအောင်မျိုးသန့်-ဒေါ်ခင်မာဝင်း New Green Land တို့၏ တူသား၊ ဦးဝေလွင်-ဒေါ်အိအိတို့၏ညီ/မောင်၊ မောင်ထွန်းထွန်းနိုင် (ခေတ္တ-UAE)၊ မနှင်းယုအောင် (New Green Land)၊ မောင်လွင်ကိုနိုင်(3/o Uniteam Marine)၊ မောင်ညီညီလွင် (D/C Raffles Technical Service)၊ မောင်ထက်ပိုင်အောင်(Elite)တို့၏အစ်ကို၊ဒေါ်မြနှင်းရည် (ခေတ္တ-UAE)၏ခင်ပွန်း၊ မောင်ဟိန်းထွန်းဇော်(G-3၊မ/၃၊ မ/၄၆) ၏ဖခင်သည် ၁၈-၅-၂၀၂၃ရက် (စနေနေ့)နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၂၃ရက် ညနေ ၃နာရီ တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကား များ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေး ဖွင့်ပွဲသို့တက်ရောက်

နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ချင်းမိုင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးနှင့် ဗန်ကောက်မြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် မေ ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ချင်းမိုင်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့အား ချင်းမိုင်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကျလန်လစ် ဆန်ဝမ်စဝ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ချင်းမိုင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Imperial Hotel သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ချင်းမိုင်မြို့ရှိ International Convention & Exhibition Centre ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ- ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တာဂျစ်ကစ္စတန်နိုင်ငံသမ္မတ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများမှ စာမျက်နှာ ၅ ကော်လံ ၄ ■

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ချင်းမိုင်မြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။ (သတင်းစဉ်)

အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်မည့် အိန္ဒိယ-မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်မည့်လမ်းမကြီး

နေပြည်တော် မေ ၁၉

➤ သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ➤

နိုင်ငံတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားနေကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကိုလည်း အသီးသီးတည်ဆောက်ပေးလျက်ရှိကြသည်။ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းနိုင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဆက်ဆံရေး စသည်များကို အချိန်ကိုက်ဆောင်ရွက်ရန် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြသည်ဖြစ်ရာ မြန်မာနိုင်ငံကလည်း အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကူးလူးဆက်ဆံမှုများပြုလုပ်ရန် အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကားလမ်းမကြီးကို ဖောက်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးသည် အိန္ဒိယ-မြန်မာနယ်စပ် မိုးရေး၊ တမူးမြို့မှ စတင်ပြီး ယင်းမှ ပုဂံမြို့ကိုဖြတ်ကာ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ/မဲဆောက်မြို့သို့ ဆက်သွယ်ဖောက်လုပ်ရန်ဖြစ်သည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် လမ်းအရှည်စုစုပေါင်းမှာ ၈၄၅ မိုင် ရှိမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၂ ❁

ရှက်သစ်ဝေချိန်နှင့်အတူ နလုံးရွှင်ပြုံးပီတိဖုံးစေမည့် နေပြည်တော် သတ္တဌာနဆီသို့

စေတနာမောင်

အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ရှိ ဗုဒ္ဓဂယာသည်ကား သံဝေဇနိယ လေးဌာနတွင်ပါဝင်သည့် မြတ်စွာဘုရားအဆူဆူတို့၏ ပွင့်တော်မူရာဌာနထူးဖြစ်သည်။ ထို့ပြင် ဗုဒ္ဓသာသနာဝင်တို့အတွက် အထူးအရေးပါသည့် အထွတ်အမြတ်ထားရာ နေရာတစ်နေရာလည်း ဖြစ်သည်။အချို့ပုဂ္ဂိုလ်များအနေဖြင့် အိန္ဒိယနိုင်ငံသို့ သွားရောက်ဖူးမြော်နိုင်ကြသော်လည်း အများစုမှာ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ဖူးမြော်ရန် ခက်ခဲလျက်ရှိပြီး ဖူးမြော်လိုသည့်ဆန္ဒလည်း ပြင်းပြလျက်ရှိကြသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာဝင် အများစုအနေဖြင့် ဗုဒ္ဓဂယာသို့ ကိုယ်တိုင်ရောက်ရှိဖူးမြော်ခွင့်ရရှိသကဲ့သို့ ပြည်တွင်း၌ပင် လွယ်လင့်တကူ ဖူးမြော်နိုင်ရန်အတွက် ဗုဒ္ဓဂယာ၌ သတ္တသတ္တာဟခုနစ်ဌာနတို့ တည်ရှိသည့်အတိုင်း နေပြည်တော်၌ ပုံစံတူတည်ဆောက်ခဲ့ပါသည်။

ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ရာ ကဆုန်လပြည့်နေ့(မေလ ၂၄ ရက်) တွင် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကြီးကို ကျင်းပတော့မည် ဖြစ်သည်။ ထို့ကြောင့်လည်း သတ္တဌာနတည်ထားမှုနှင့် ပတ်သက်၍ အများပြည်သူကြိုတင်သိရှိနိုင်စေရန်နှင့် မျှော်ရည်မှန်းရွယ် ကြည်ညိုသဒ္ဓါပွားနိုင်စေရန်အလို့ငှာ တင်ပြလိုပါသည်။

စာရေးသူသည်လည်း ဗုဒ္ဓဂယာသို့ ရောက်ရှိဖူးမြော်လိုသည့် ဆန္ဒရှိသူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ သို့အတွက်လည်း နေပြည်တော်၌ သတ္တဌာနတည်ဆောက်ရေးလုပ်ငန်း စတင်စဉ်ကပင် စဉ်ဆက်မပြတ်ရောက်ဖြစ်ခဲ့သည်။ ထို့ပြင် တာဝန်ရှိသူများနှင့် စကားစမြည်လက်ဆုံကျရင်း တည်ဆောက်ရေးနှင့် ပတ်သက်သည်များကိုလည်း သိခွင့်ရခဲ့ပါသည်။ ကိုယ်တိုင်မျက်မှောက်မြင်တွေ့ခွင့်ရသည့်အတွက် အကြောင်းအရာအစုံစုံကို စာရေးသူ သိရှိသမျှ မျှဝေပေးလိုသည့် စိတ်စေတနာသည်လည်းပေါ်ထွက်ခဲ့ရသည်။

နေပြည်တော်တွင် သာသနာရေး ကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် တရားခန်းတစ်ခုတည်ဆောက်ပါက အများအတွက် အကျိုးရှိမည်ဟု သုံးသပ်ပြီး တရားစခန်းတစ်ခုဆောက်လုပ်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုဖြင့် စာမျက်နှာ ၇ ကော်လံ ၁ ❋

ယနေ့မာတိကာ

ထူးချွန်ထက်မြက်သော အနာဂတ်လူငယ်လေးများ ဖြစ်ထွန်းလာရေးအတွက် မိခင်ဝမ်းတွင်း သန္ဓေတည်ချိန်မှအစပြုပြီး မိခင်နှင့် ကလေးကျန်းမာရေးကို အခြေပြု၍ ဝိုင်းဝန်းကူညီ
ခေါင်းကြီး စာမျက်နှာ-၂

H_7N_9 ပိုင်းရပ်စ်ပိုး လူသားများအကြား ကူးစက်မှုပိုမိုမြန်
စာမျက်နှာ-၄

နိုင်ငံခြားငွေလဲလှယ်နှုန်း တက်ရိပ်ပြ တည်ငြိမ်ရွှေဈေး ပြန်ကျ
စာမျက်နှာ-၁၂

ဂီလာနဘိုးဘွားများအား နွေးထွေးသောလက်များဖြင့် ဖေးမကူညီစေလို
စာမျက်နှာ-၁၃

မျက်ရည်များဖြင့် နှုတ်ဆက်ခဲ့သော ဒေးဗစ်ဘက်ဟမ်း

မောင်သစ္စာ ➤ ရေးသည်

ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်း၏ နောက်ဆုံးဘောလုံးပွဲစဉ်ဖြစ်သည့် ပီအက်စ်ဂျီနှင့် ဘရက်အသင်းတို့ပွဲကို မေ ၁၈ ရက်က ပီအက်စ်ဂျီအိမ်ကွင်းပါ့ဒက်စ်ပရင့်စ်၌ ယှဉ်ပြိုင်ကစားရာ ပီအက်စ်ဂျီက သုံးဂိုး-တစ်ဂိုးနှင့်အနိုင်ရပြီး နောက်ပွဲအပြီး ဘောလုံးကွင်းအတွင်း၌ ပရိသတ်ကို နှုတ်ဆက်ရင်း ဒေးဗစ်ဘက်ဟမ်း မျက်ရည်များကျဆင်းခဲ့သည်။ နှစ်ပေါင်း ၂၀ ကျော်ကြာမျှ ဘောလုံးသမားဘဝကို အောင်မြင်ကျော်ကြားစွာ ဖြတ်သန်းခဲ့သော ဒေးဗစ်ဘက်ဟမ်းတစ်ယောက် ယခုနှစ် ဘောလုံးရာသီ ပီအက်စ်ဂျီအသင်း၏ အိမ်ကွင်းနောက်ဆုံးပွဲကို မိမိဘောလုံးသမားဘဝ နောက်ဆုံးနှုတ်ဆက်ပွဲအဖြစ် ကစားခဲ့ခြင်း ဖြစ်သည်။



ယခုပွဲသို့ ပီအက်စ်ဂျီပရိသတ် ကွင်းလုံးပြည့် လာရောက်အားပေးခဲ့ကြပြီး ဘောလုံးကွင်းအတွင်းရှိ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင်လည်း “Merci,David”ဟူသော စာလုံးဖြင့် မပြတ်တမ်းဂုဏ်ပြုဖော်ပြပေးခဲ့သည်။ ဒေးဗစ်ဘက်ဟမ်း၏ ဘောလုံးသမားဘဝနောက် ဆုံးပွဲစဉ်သို့ ဇနီးဖြစ်သူ ဗစ်တိုးရီးယားနှင့်သားများလည်း လာရောက်အားပေးကြည့်ရှုရင်း ခင်ပွန်းသည်နှင့် ဖခင်ဖြစ်သူ၏ ဘောလုံးသမားဘဝ နောက်ဆုံးကစားခဲ့သည့် ပုံရိပ်ကို ရင်နင့်စွာဖြင့် စာမျက်နှာ ၅ ကော်လံ ၁ ❋

မျက်ရည်လည်ရွဲနှင့် ပရိသတ်ကို နှုတ်ဆက်နေသည့် ဘက်ဟမ်း။ (အပေါ်ပုံ)
(ဓာတ်ပုံ-ရိုက်တာ)

ဘောလုံးသမားဘဝ၏ နောက်ဆုံးပွဲစဉ် အပြီးတွင်အသင်းဖော်များက လေထဲ မြှောက်တင်၍ ဂုဏ်ပြုနှုတ်ဆက်စဉ်။
(ဓာတ်ပုံ-အေဖက်ဖ်ပီ)

ကြော်ငြာအချပ်ပိုပါရှိ
